www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

ရင်ခွင်ဦး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# မမသဒ္ဒါဆောင်

ရင်ခွင်ဦး

www.burmeseclassic.com

www.burmeseclassic.com

**Love is more than gold or great richesse.**

**(John Lydgate)**

အချစ်ဆိုတာ ရွှေ(သို့တည်းမဟုတ်) ဥစ္စာဓနထက်ပိုပြီး အဖိုးတန်တဲ့အရာပါ။

(ဂျွန်လစ်ဂိတ်)



BURMESE CLASSIC .com

## အခန်း (၁)

မျက်နှာက တစ်ဖက်သို့စောင်းသွားသလို ပါးပြင်တစ်ဖက် ပူခနဲ ဖြစ်သွားသည့်ခံစားချက်နှင့်အတူ နှလုံးသားဆီမှ ဆစ်ခနဲအောင့်သည့် ဒဏ်ကို တစ်ပြိုင်နက်ခံစားလိုက်ရလေ၏။ ဒါ မွေးမိခင်ရဲ့ သမီးအရင်းပေါ်ကို ဆုံးမလိုက်တဲ့ပြယုဂ်တစ်ခုတဲ့လား။ ကျလုလုမျက်ရည်ကို ထပ်မကျစေရန် ပင့်သက်တစ်ရှိုက်နှင့်အတူ ပုတ်ခတ်သိမ်းဆည်းလိုက်မိသည်။

"ငါရင်နာတယ်၊ ဒီလောက်အတန်တန်ဆုံးမသွန်သင်ပြီး တားမြစ်ထားတဲ့ကြားက ဒီအချိုးမျိုးကိုမှ ချိုးရတယ်လို့ 'အာသာ'ရယ်. . . နင့်အဘိုးသိရင် နင် တစ်ခါတည်းအသက်ထွက်ပြီဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



တိုက်အိမ်ထဲမှာ အော်လိုက်သည့်မေမေ့အသံက ဟိန်းထွက်နေပါ၏။ ကျွန်မရှေ့မှာ ခြေစုံမတ်မတ်ရပ်ကာ လက်နှစ်ဖက်ချ လက်သီးအစုံဆုပ်ထားပြီး တုန်နေပုံက မေမေ့ဒေါသ ငယ်ထိပ်ထိတက်နေပြီမှန်းသိသာစေလေသည်။ ကျွန်မက ပိုပြီးနာတာပါ မေမေ။ မေမေရိုက်တဲ့အနာထက် ဟောဒီရင်ဘတ်ထဲက ပိုပြီးနာကျင်ခံစားနေရတာကို မေမေသိနိုင်ပါ့မလား။

"ပြောစမ်း! နင်တို့ဘယ်အခြေအနေ၊ ဘယ်အဆင့်ထိရောက်နေပြီလဲ ဟင်!"

ဝမ်းခေါင်းသံကြီးဖြင့်အော်ကာ ကျွန်မပခုံးကို ကြမ်းတမ်းစွာလှုပ်ရမ်းခြင်းခံလိုက်ရပါ၏။ ထင်ရက်လေခြင်း။ အဲဒီလိုအဆင့်တွေ ကျူးကျော်သည်အထိဖြစ်ရအောင် 'မောင်'က ယုတ်မာရိုင်းစိုင်းတဲ့အမျိုးအနွယ်မှမဟုတ်တာလေ။

"မြ. . . ဒေါသကိုထိန်းမှပေါ့။ ည(၇)နာရီရှိနေပြီလေ"

"ရှိရှိရှင်. . . ဖေဖေသိရင် ကျွန်မရော ဒင်းပါ အသတ်ခံရမှာရှင့်"

သတ်ချင်လည်းသတ်ပါစေတော့မေမေရယ်၊ အခုလည်း ကျွန်မရဲ့နှလုံးသားကို မေမေသတ်နေတာပဲမဟုတ်ပါလား။ ဒီအရွယ် ချစ်သူထားမိတာ အပြစ်တဲ့လား မေမေရယ်။ ကျွန်မဘယ်လိုမှနားမလည်နိုင်တော့





ဘူး။ သူနဲ့သူငယ်ချင်းဖြစ်တာကိုတောင် အမျိုးမျိုးတားမြစ်ပိတ်ပင်ခဲ့တာတွေက ကျွန်မနဲ့သူ့ကို အနီးဆုံးရောက်အောင် တွန်းအားတွေဖြစ်ခဲ့တာကို မေမေနားလည်ပါရဲ့လား။

"ပြောလေ မိအာသာ"

"တော်တော့ မြရယ်. . . သမီးကို ကိုယ်ပဲချော့မေးပါ့မယ်။ မြ့သွားနားတော့။ သွေးဆေးလေး သောက်လိုက်ဦး"

"လာ, ဒီနေ့ကစပြီး ညည်းအခန်းထဲက ထွက်ဖို့လုံးဝမစဉ်းစားလေနဲ့"

"မြ"

"ရှင်မတားနဲ့၊ ရှင်အလိုလိုက်လွန်းလို့ ရှင့်သမီးအခုလိုဖြစ်ရတာကိုဘသော်ရဲ့။ ဖယ်, လာစမ်း"

ခုံမှာထိုင်နေတာကို လက်မောင်းမှဆွဲထူလိုက်တာမို့ ထရပ်လိုက်ရ၏။ ခြေမနိုင်သေးခင်အဆွဲမှာ လူကယိုင်ပြီး ကော်ဇောထက် ဒရွတ်ဆွဲပါသွားရစဉ် အိမ်ရှေ့မှာကားရပ်သံကို ကြားလိုက်ရလေသည်။ ကော်ဇောထက် ငုတ်တုတ်ဖြစ်နေသည့်ကျွန်မကို မေမေဆွဲထူနေပေမယ့် ပေကပ်၍မထမိ ကားတံခါးဖွင့်သံနှင့်အတူ အပြေးဝင်လာသည့်ခြေသံကို ကြားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမရေ!"

"ဟော, သမီးငယ်လေးပါလား"

ညီမဝမ်းကွဲဖွေးဖွေးဝင်လာပြီမို့ မေမေက ကျွန်မလက်ကိုကိုင်ထားရာမှ အသာဖြုတ်လိုက်လေ၏။ ဆွေမျိုးအားလုံးသိကုန်မှာကိုတော့ မေမေ စိုးရိမ်သတဲ့လား။ သမီးဖြစ်သူကိုအခန်းထဲထည့်ပိတ်ပြီး လှောင်ထားမှာကိုတော့ မေမေမစိုးရိမ်ဘူးပေါ့လေ။

ညီမလေးနောက်မှလိုက်ဝင်လာသည့် ဦးငယ်နှင့်အန်တီလေးတို့ အကြည့်က ကျွန်မထံရောက်လာလေ၏။ အံ့သြမှုနှင့်အတူ စိုးထိတ်သည့် အကြည့်တို့ကို ကျွန်မနားလည်ပါသည်။ ညီမဖြစ်သူကတော့ ဘာမှမသိသည့်နှယ့် ကျွန်မနဘေးမှာ ဖျတ်ခနဲထိုင်ချလိုက်လေ၏။

"ဟယ်, သမီး, ခုံပေါ်မှာထိုင်လေ"

"မာကလည်း မမတောင် ဒီမှာထိုင်ချနေတဲ့ဟာကို"

"ဟုတ်သားပဲသမီးရယ်. . . ခုံမှာထိုင်ပါ"

"မမလည်း ထလေ"

"ဒေါ်စန်းမြိုင်"

"ရှင်! မမကြီး"

"သမီးကိုခေါ်ပြီး အခန်းထဲထည့်၊ ပြီးရင် သော့ခတ်ပြီး ဒီကို





ယူလာ"

"ဟုတ်ကဲ့"

"ဟာ, မမဘာတွေလုပ်နေတာလဲ"

"နင်မသိပါဘူး"

"မသိလို့ရမလား။ ကလေးကို အခန်းထဲထည့်ပိတ်ရအောင် ပန်းကလေးက တိရစ္ဆာန်မှမဟုတ်ဘဲဗျ"

ဦးငယ်က (အစ်မဖြစ်သူ) မေမေ့ကို လေသံမာနှင့်ပြောလိုက်သဖြင့် ဒေါ်စန်းမြိုင်က ကျွန်မကိုလာဆွဲခေါ်ရန် လက်တွန့်သွားလေ၏။ ညီမလေးကလည်း ကျွန်မပခုံးကိုပွေ့ဖက်ထားလိုက်ပါသည်။

"မမ ဘာဖြစ်လို့လဲဟင်"

ကျွန်မခေါင်းကို ခါပြလိုက်မိ၏။ ဖေဖေနှင့်မေမေက ခုံမှာထိုင်လိုက်သဖြင့် ဦးငယ်နှင့်အန်တီလေးပါ ခုံတွေမှာ အသီးသီးဝင်ထိုင်လိုက်ကြလေသည်။ ကျွန်မတို့ညီအစ်မနှစ်ဦးကတော့ ခုချိန်ထိ ကော်ဇောထက်ထိုင်နေဆဲပါပင်။

"ပန်းကလေးရော သမီးပါ ခုံပေါ်ထိုင်"

ဦးငယ် အမိန့်ဆန်ဆန်ပြောလိုက်တော့မှ ကျွန်မ ထရပ်ကာ တစ်ယောက်ခုံမှာ ထိုင်လိုက်၏။ ညီမလေးက ခုံလက်တန်းမှာ တစောင်းလေး



www.burmeseclassic.com

www.burmeseclassic.com



(တင်ပါးလွှဲ၍) ထိုင်လိုက်ပါ၏။ ဒီနေ့လပြည့်နေ့မို့ ထုံးစံအတိုင်း ဘိုးဘိုးကိုသွားကန်တော့ကြဖို့ ကျွန်မကိုဝင်ခေါ်တာပဲထင်ပါရဲ့။

ဖေဖေနဲ့မေမေက ဘိုးဘိုးစကားကို အမြဲနားခံတတ်ကြသူတွေမို့ မိသားစုနှစ်စုသွားကြတိုင်း ပြဿနာဖြစ်လေ့မရှိပါ။ ဦးငယ်ကတော့ ငယ်ငယ်ကတည်းက ခပ်ဆိုးဆိုးဖြစ်ပြီး ဘိုးဘိုး မျက်စိစပါးမွေးစူးလေ့ရှိသူပါပဲ။ အန့်တီလေးက ဘိုသွေးစပ်ကပြားမို့ ပို၍ဆိုးရွားပါ၏။ အစက ဦးငယ်ကိုအမွေဖြတ်စွန့်တဲ့အထိ ပြင်းပြင်းထန်ထန်ကြီးဖြစ်ခဲ့ကြတာပါ။

နောက်မှ သမီး (နတ်သမီး)ကိုမွေးတော့ ဘိုးဘိုးက အိမ်ကိုပြန်ဝင်ထွက်စေတာပါပဲ။ ကျွန်မတို့ညီအစ်မအမည်တွေကို ဘိုးဘိုးကိုယ်တိုင်ပေးတာမို့ မိဘတွေက ပြင်ဆင်ခွင့်မရှိပါ။ ပြီးတော့ ညီမလေးကို ကျွန်မထက်ပိုပြီး ဘိုးဘိုးချစ်တာကိုလည်း အားလုံးအသိဆုံးပင်။ ဘာကြောင့်လည်းဆိုတော့ သမီးက ချစ်စဖွယ်ဖြစ်အောင် သွက်လက်ထက်မြက်သည့်ကောင်မလေးဖြစ်လို့ပါပဲ။

"ကိစ္စက ဘယ်လိုစဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ၊ ဖေဖေ့ရန်သူရဲ့မြေးနဲ့မှ နင့်တူမ သွားကြိုက်လို့ပဲပေါ့။ ငါသေသာ,သေလိုက်ချင်တယ်"





"လာပြန်ပြီ၊ ဘိုးစဉ်ဘောင်ဆက်က ပြဿနာ။ မမက အယူကိုသည်းလွန်းပါတယ်ဗျာ"

"ဟဲ့, နင်မသိလို့လား မင်းလွင်၊ နင်သိပ်ချစ်တဲ့ဒေါ်လေးတစ်ယောက်လုံး ဘဝဆုံးတဲ့အထိ ဒင်းတို့မိသားစု ရက်စက်ခဲ့ကြတာပါဟဲ့"

"ဟာ, မမရာ၊ အဲဒါတိုက်ဆိုင်လို့ဖြစ်သွားတာပါဗျ၊ သူတို့ပယောဂမပါပါဘူး"

"နင်ဘာသိလို့လဲ၊ အဲဒီနေ့က ဒေါ်လေး သူ့ကိုယ်သူ သတ်သေလိုက်တာ ငါ့မျက်စိနဲ့မြင်ခဲ့တာပါဟဲ့"

"ဟင်!"

မြတ်စွာဘုရား! တကယ်ပဲ ကျွန်မတို့ဘွားလေးက သူ့ကိုယ်သူ Suicide လုပ်ခဲ့တာတဲ့လား။ ကျွန်မတစ်ကိုယ်လုံး အေးစက်သွားပြီး ညီမလေးလက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်မိလေ၏။ အလိုလေး! မောင့်ဘိုးဘိုးကြောင့် ကျွန်မဘွားလေး ဘဝဆုံးခဲ့တာအမှန်တဲ့လေ။

"ကျွတ်! မမကလည်းဗျာ၊ ကလေးတွေက တကယ်ထင်ပြီး လန့်ကုန်တော့မှာပဲ။ ဒေါ်လေးက ခေါင်းမလျှော်သင့်တဲ့အချိန် သွားလျှော်မိလို့ ဦးနှောက်ထဲသွေးခဲပြီး ဆုံးခဲ့တာပါဗျ။ ကျွန်တော့်အသက် အဲဒီတုန်းက (၁၂)နှစ်ဖြစ်ပေမယ့် ကောင်းကောင်းကြီးသိပါတယ်။ မဟုတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အစွဲတွေနဲ့ လျှောက်ပြောမနေစမ်းပါနဲ့"

"နင်ဟာလေ အဲဒီကြောင့် ဖေဖေနဲ့မတည့်တာ"

"ဘာဖြစ်လဲ၊ ကျွန်တော်မှန်တာပြောလို့ ရှုပြင်ထွက်နေရတာလည်း မမအသိဆုံးပဲ။ လူတွေက အမှန်ပြောရင် နာတတ်ကြတာကိုး။ သူ့ညီမသေတာနဲ့ ဦးလေးအောင်ကို အခြောက်တိုက် မုန်းတီးနေလိုက်တာ မိန်းမကြီးကျနေတာပဲ"

"ဟဲ့, အဖေကို"

"ဒီနေ့မသွားရင်လည်း နေတော့လေ။ မနက်ဖြန်မှသွားကြတာပေါ့။ ရှိတာတောင် ခုထိရင်တုန်တာ မပြယ်သေးဘူး"

"ဒါဆိုလည်း ညစာထမင်းစားပြီးမှပြန်ကြလေ"

ဖေဖေ့လေသံ အခုမှထွက်လာလေ၏။ ထက်တဲ့နေရာမှာတော့ မေမေတို့မောင်နှမနှစ်ယောက်လုံးတူပြီး ကျွန်မတို့ညီအစ်မတွေက အဖေတွေနဲ့သာ စိတ်တူကြတာဖြစ်ပါသည်။ အခုလည်း ကျွန်မ ချစ်သူထားမိတဲ့ကိစ္စကို ဖေဖေ့ကိုချည်း အပြစ်တင်နေတာမဟုတ်လား။ မေမေနှင့်ရင်းနှီးရမှာထက် ကျွန်မကိုယ်တိုင်က ဖေဖေနှင့်တိုင်ပင်ရတာကိုသာ ပိုနှစ်သက်တာလေ။

"ကျွန်တော်တို့စားပြီးပါပြီ အစ်ကိုကြီးရယ်။ ပန်းကလေးနားရင်





လည်းနားပါစေ။ ကျွန်တော်တို့ပြန်တော့မယ်"

"အေး"

ညီမလေးက ထုံးစံအတိုင်း ကျွန်မပါးတစ်ဖက်ကို ရွှတ်ခနဲနမ်းရှိုက်ကာ တော့တာပြလေ၏။ First Year စတက်နေပြီမို့ အပျော်ကြီးပျော်အလှကြီးလှနေသည့်ညီမလေးကို အားကျနေမိသည်။ ဦးငယ်တို့က သမီးကို အတင်းကြီးထိန်းချုပ်ခြင်းမရှိဘဲ အလိုက်သင့်လွှတ်ပေးထားတာမို့ ကျွန်မနှင့်နေထိုင်မှုပုံစံမတူရတာပါပဲ။ ကျွန်မက ကျောင်းသွားရင်တောင် အိမ်ကကားက ကြိုပို့လုပ်ပေးနေတာမို့ ကိုယ့်ကိုယ်ကို မူကြိုကျောင်းတက်နေသည့်လူလို့ပင် ထင်ရတာလေ။

"မနက်ဖြန်အဆင်သင့်လုပ်ထားနော်။ သမီးတို့ (၆)နာရီအရောက်လာခဲ့မယ်"

"အင်းပါ"

မပွင့်တပွင့်ဖြေရင်း ခေါင်းညိတ်ပြလိုက်ပါသည်။ ကြည့်ရတာ ဒီ Final ကိုတောင် ပြီးအောင်တက်ခွင့်ရပါဦးမလား။ ကျောင်းတက်မှ မောင်နှင့်တွေ့ခွင့်ရမှာလေ။ ကျွန်မကို ကျောင်းပေးမတက်ရင်တော့ မောင်နဲ့အဆက်အသွယ်လုံးဝပြတ်ပြီပဲ။

မောင်, ခေါင်းညိတ်ပြဖို့ ဘာမှမလိုတော့တဲ့အချိန်မှာမှ အဆော့



www.burmeseclassic.com

www.burmeseclassic.com



အိမ်က သိသွားရတယ်လို့။ မောင်နဲ့အတူ Canteen ထိုင်ခွင့်၊ မောင်နဲ့အတူ စာကြည့်တိုက်သွားခွင့်၊ မောင်နဲ့အတူ Pratical လုပ်ခွင့်တွေ အဝေးကြီးဝေးရပြီလား. . .

'အာသာဝတီ'ဆိုတာ နတ်ပြည်က နတ်ပန်းလေးမို့ တန်ဖိုးထားပြီး မြတ်နိုးခဲ့မိတာဆို။ နန်းဆန်တဲ့ယဉ်သကိုအလှလေးကိုမှ သတိထား ဂရုစိုက်မိပြီး ရင်ခုန်ခဲ့ရတာတဲ့လား။ ဆံပင်ရှည်တွေကိုသိပ်နှစ်သက်တဲ့ မောင့်အတွက် ကျွန်မဆံနွယ်တွေကို ပေးကိုင်ခွင့်ပြုကာနီးဆဲဆဲမှာမှ မိုးကြိုးပစ်သံကိုကြားရသတဲ့လေ။

မောင့်နောက်ကမျိုးနွယ်တွေကို ကျွန်မ,မမြင်ခဲ့ပါဘူး။ ရိုးရိုးလေးပါ။ နောက်ဆုံးနှစ်ဓာတုဗေဒကျောင်းသားလေးနဲ့ ကျောင်းသူလေးရဲ့တွေ့ဆုံခန်းက သိပ်ကဗျာဆန်တာမှမဟုတ်ဘဲ။ အတန်းထဲမှာ ငြိမ်ငြိမ်သက်သက်ထိုင်လေ့ရှိသူနှစ်ဦးအဖြစ် ကိုယ်စီသတိပြုမိခဲ့ရတာပါ။

'သားဦးငယ်'တဲ့။ နာမည်ဆန်းဆန်းလေးကိုက အိမ်မှာအဘယ်မျှချစ်ခင်ပြီး အလိုလိုက်ကြမလဲဆိုတာကို သိစေတာလေ။ သူငယ်ချင်းတွေ အတင်းဆွဲထုမှထတာရော၊ စကားကိုမပွင့်တပွင့်တီးတိုးလေးပြောတတ်တာကအစ ကျွန်မနဲ့တူလွန်းလို့ 'ဆွေ'တို့အသည်းယားကြတာပါ။

ကွယ်ရာမှာ သို့အတင်းကို စုပြီးတုတ်ကြရင်း 'ကျောက်ရုပ်'လို့





နာမည်ပြောင်ပေးတာကိုလည်း ကျွန်မသဘောကျမိလေ၏။

မောင်. . . ချစ်သူရယ်လို့ တိတိပပမဖြစ်သေးခင် အာသာနဲ့မောင့်ကြားကို ဝရဇိန်လက်နက်ရဲ့တန်ခိုးပြမှုတွေနဲ့ ရင်ဆိုင်ရပြီလား။

မောင့်ကြောင့် ကျွန်မရင်ခုန်တတ်ခဲ့တာပါ။ မောင့်ကြောင့်ပဲ ကျွန်မအသက်ရှူနှုန်းတွေ မှားခဲ့ရတာ။ မောင့်ကြောင့်ပဲ ကျွန်မခြေလှမ်းတွေ အလွဲလွဲအချော်ချော်နဲ့ ခလုတ်တိုက်တတ်ခဲ့မိတာလေ။

'အာသာဝတီ'ဆိုတဲ့ ခပ်အေးအေးကောင်မလေးရဲ့နှုတ်ခမ်းထက်မှာ နွေးထွေးတဲ့အပြုံးလေးတွေ ပွင့်လန်းလာစေဖို့ မောင်ပြုစားခဲ့တာပါ။ ညစဉ်မြင်မက်ခဲ့တဲ့ အိပ်မက်တွေလှစေဖို့ကိုလည်း မောင်ပဲ ဖန်ဆင်းပေးခဲ့တာပါကွယ်။

ကျွန်မတို့မဝေးပါရစေနဲ့။ မောင်နဲ့ထပ်တူရင်ခုန်သံတွေပြုစုဖို့ ခွန်အားတွေကို ပေးသနားလှည့်ပါလားကွယ်။ အာသာ့ကို ဦးငယ်ခေါ်သလိုပဲ 'ပန်းကလေး'လို့ တိုးလျှလျှခေါ်တတ်တဲ့မောင့်အသံလေးကို လွမ်းတယ်။ ကြင်နာတဲ့မျက်ဝန်းတစ်စုံရဲ့နွေးထွေးမှုနဲ့ မောင့်အကြည့်တွေကိုလည်း လွမ်းနေမြဲပါမောင်။

ဩော်. ပန်းကလေးရဲ့ချစ်သောမောင်ရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

•

"မာ"

"ဘာလဲ သမီးရယ်"

"ဘွားလေးက တကယ်အဲဒီလိုလုပ်သွားတာလားဟင်"

"မသိဘူး Kitty ရယ်၊ ညည်းသိချင်ရင် ညည်းပါပါကိုမေးကြည့်၊ နဂိုကတည်းကမှ ငါ့ကိုမကြည့်တဲ့အမျိုးတွေကို"

မာမာက စိန်တွေကို မှန်ဘီလူးဖြင့်ကြည့်ရွေးနေရင်း စိတ်မရှည်သလို ဖြေလိုက်ပါ၏။ ဟွန်း! အဲဒီဘိုးဘိုးကို သမီးလည်း သိပ်ကြည့်တာ မဟုတ်ပါဘူး။ သမီးပါပါကို သတင်းစာထဲကနေတောင် အမြဲဖြတ်ကြော်



www.burmeseclassic.com

www.burmeseclassic.com



ငြာထည့်သေးတာကိုး။ ပါပါယူတဲ့ မာမာတို့အမျိုးက ခွေကြီးမျိုးကြီးဖြစ်တာကိုပဲ ကြည့်မရတာလား။ ဘယ်ဘိုးဘေးစဉ်ဆက်က ကပြားသွေးရောပြီး မျက်လုံးချောကလက်ရောင်ဖြစ်နေသည့်မာမာ့ကိုပဲ အမြင်ကပ်၍ပဲလား။ သမီးမိဘတွေကိုမခေါ်မပြောဘဲနေလာတာ သုံးနှစ်ကြီးများတောင်တဲ့။

အမျိုးရှားပါးလေ့ရှိကြသူများပီပီ ဒီကလေးတစ်ယောက်ရမှပဲပြန်ခေါ်ဖော်ရသတဲ့လေ။ ဒါတောင် သွားလည်ရင် အင်တင်တင်နဲ့ ဒိုက်တင်က ခံသေးတာ။ သမီးကတော့ ကလေးပီပီ ဘိုးဘိုးပေါင်ပေါ်ခြေးတက်ထိုင်ပြီး 'Give me money, please'လို့ ဘိုဆန်ဆန်ပြောပြီး လက်ဝါးဖြန့်တာကို ချစ်လို့မဆုံးဘူးတဲ့လေ။

'ငါ့ဆီက အမွေလုမယ့်မြေးမ'လို့ ပျစ်ပျစ်နှစ်နှစ်ပြောပြီး သမီးပါးဖောင်းဖောင်းလေးကို နှာခေါင်းကြီးနစ်သည်အထိ နမ်းရှိုက်တတ်တဲ့ဘိုးဘိုးရယ်ပါ။ အခုတော့ သမီးလည်း အရွယ်ရောက်ပြီမို့ လူကြီးတွေပေါင်ပေါ်တက်ထိုင်ပြီး မုန့်ဖိုးတောင်းတဲ့အကျင့်ကိုပြင်ရချေပြီ၊ ဒီအရွယ်ကြီးနဲ့ မသင့်တော်တော့ဘူးကိုး။

"မာ"

"ဟယ်, ဘာလဲ Kitty ရယ်၊ ဒီမှာ အရာရှိကတော် Order





မှာထားလို့ ဘယက်သီဖို့ရွေးနေတာဟဲ့၊ ရှုပ်လိုက်တာနော်"

"မာကလည်း သမီးပျင်းနေပြီ"

"ပျင်းရင် သွား'က'ပေါ့။ မဟုတ်တာ လိုက်ဂျစ်နေတာပဲ"

"အား, ဒီ Saturday တွေ Sunday တွေကို မုန်းလိုက်တာနော်။ ဘာလို့များ Calendar ထဲထည့်ပေးသလဲ မသိပါဘူး။ ပျင်းလိုက်တာမှ Lazy bone ရောဂါရတော့မယ်"

လက်နှစ်ဖက်ထောင်ကာ အော်လိုက်တော့ မာမာ့မျက်နှာက ချိုသွားလေ၏။ သမီးမျက်နှာ စုပုပ်နေရင် မနေတတ်မထိုင်တတ်ဖြစ်လေ့ရှိသည့်မိဘတွေကိုး။

"ဟန်သီတို့ကို Phone ဆက်ခေါ်ပေါ့၊ Shopping ပဲထွက်ထွက်၊ Beauty Saloon ပဲ သွားသွား. . . လုပ်လို့ရတာတွေချည်းပဲ၊ ဒါနဲ့များ ပျင်းတယ်အော်နေရသေးတယ်"

"ဟန်သီတို့နှစ်ကောင်က သင်တန်းတက်နေတယ် မာရဲ့"

"ဘာသင်တန်းလဲ"

"တစ်ယောက်က Body beauty ကစားနေတာ၊ တစ်ယောက်က ရေကူး. . "

"မာ့သမီးကရော ဘာမှမတက်ချင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"တက်ချင်ပါဘူး။ သူတို့ဟာသူတို့ လုချင်ရက် စက်စက်ယိုဖြစ်ချင်ပြီး တက်နေကြတာကို သမီးက ဘာလုပ်ရမှာလဲ"

"မှ့သမီးကရော မလုချင်ဘူးလား"

"လုချင်ပါဘူး။ သမီးက မာနဲ့တူလို့လုပြီးသားပဲဟာ။ တကူးတက လေ့ကျင့်နေစရာမလိုပေါင်"

စားပွဲပေါ်ရှိ မှ Hand Phone ထမြည်တော့ မာမာ့ထံမှ စုတ်သပ်သံထွက်လာလေ၏။ ရွှေဆိုင်ဖွင့်ထားတာမို့ မာမာမနားရသလို ပါပါလည်း Restaurant ဖွင့်ထားတာမို့ အချိန်ရှားပါးလှပါသည်။ မမက ထိန်းချုပ်လွန်း၍ မလွတ်လပ်သူဖြစ်ပြီး။ သမီးကတော့ မိဘတွေ လစ်လျူရှုခြင်းခံနေရသည့်အပယ်ခံလေးမဟုတ်လား။ သမီးကိုချစ်ကြမှန်း သိပေမယ့် သိပ်ကြီးကရုမစိုက်ကြတာကိုတော့ စိတ်ကောက်ချင်လေ၏။

"ဟယ်လို၊ ပြော.. ကို"

"ဩော်၊ မအားဘူးလေ၊ အဲဒီနေ့ Fashion Show ပွဲအတွက် လိုက်စီစဉ်ပေးရမှာ အရေးကြီးတယ်"

"ကို့သမီးကိုကြည့်ပြောဦး။ ဒီမှာ ရီတာ့စိန်ရွေးနေတာကို လိုက်နှောင့်ယှက်နေတယ်လေ"

"မအားကြဘူး။ သူ့သူငယ်ချင်းတွေက သင်တန်းအသီးသီးတက်





နေကြတာ။ ကို့သမီးက အိမ်မှာပျင်းပြီး အရည်ပျော်နေပြီ"

"ရော့၊ ညည်းပါပါနဲ့ဆက်ပြောချေ"

မာမာက စိတ်မရှည်သလိုပြောပြီး သမီးလက်ထဲ Phone ကို ထိုးထည့်ပေးလိုက်လေ၏။ Phone ပြောရင် (၁၅)မိနစ်ထက် ပိုမပြောဖို့များ သန္နိဋ္ဌာန်ချထားလေသလားမသိ. . .

"Hi, Sweety"

"Hi, Pa Pa"

"သမီး လိုက်ဂျစ်နေတယ်ဆို"

"မဂျစ်ပါဘူးပါပါရဲ့၊ ပျင်းနေလို့ပါ"

"ပျင်းရင် ပါပါ့ဆီလာပေါ့"

"ဆိုင်မှာ လူရှင်းလို့လား"

"အေး"

"မမ Rose လာပြီလား"

"ဘယ်လာဦးမှာလဲ၊ ညမှပဲ သီချင်းဆိုတာရှိတာလေ သမီးရာ"

"ဒါဆို Stage အားနေတာပေါ့လေ"

"အားတာပေါ့"

"ကိုပြုံးချိုတို့ရှိလား"



www.burmeseclassic.com

www.burmeseclassic.com

"ရှိတယ်၊ ဘာလုပ်မလို့လဲ"

"အဲဒါဆို သမီးလာခဲ့မယ်။ မာ, သမီး, ပါပါ့ဆီသွားဦးမယ်"

"OK"

အိမ်ထဲမှပြေးထွက်ကာ Quater Pants ထဲ လက်နှိုက်ကြည့်လိုက်မိ၏။ ငါးထောင်တန် (၆)ရွက်လား ရှိတာမို့ Taxi ခ ပေးနိုင်ပြီပဲ။ သမီးရဲ့အကျင့်က မာမာ့လို ပိုက်ဆံအိတ်ကြီးကိုင်ပြီး လူကြားထဲသွားလာရတာကို ရှက်တာပင်။ ဘောင်းဘီအိတ်ကပ်ထဲ သို့မဟုတ် အင်္ကျီအိတ်ကပ်၊ စကပ်အိတ်ကပ်တွေမှာ အမြဲတမ်း သမီး ပိုက်ဆံထည့်လေ့ရှိလေ၏။ အိမ်ဖော်မလေးမိညို့တစ်ယောက် သမီးအဝတ်တွေလျှော်တိုင်း အိတ်အစုံအစေ့နှိုက်ကာ ပိုက်ဆံရှာရတာ အလုပ်ပိုတစ်ခုလေ။

လမ်းဘေးမှာရပ်ပြီး Taxi ကို လှမ်းတားလိုက်ပါ၏။ ကားပေါ်ရောက်မှ ဆံပင်လုံးလုံးလေးကိုတစ်ချက်သပ်ပြီး သေသပ်စေလိုက်သည်။ သမီးက သူများတွေလို Ready made ဝတ်လေ့မရှိပါ။ ခန္ဓာကိုယ်သေးသွယ်သူမို့ သမီးကိုယ်တိုင်နဲ့ မာမာ့တူမဖြစ်သူ မမာရီက အမြဲတွင်ချုပ်ပေးလေ့ရှိတာကိုပဲ ဝတ်လေ့ရှိတယ်။ ပေါ်မြဲအသစ်ဖြစ်သည့်ပိတ်စတွေထက် ချည်သားအေးအေးလေးတွေကို ကလေးဆန်ဆန်လေးတွေ ချုပ်ပေးတာမို့ သမီးနှစ်သက်သည်လေ။





ဒီနေ့ဝတ်ထားတာက အပေါ်က blouse ပန်းရောင်လေးပါ။ Quater ကတော့ အဖြူရောင်မို့ ပိုပြီးကလေးဆန်နေပေလိမ့်မည်။ Taxi က သမီးပြောသည့်အတိုင်း ပါပါ့ Restaurant ရှေ့မှာ ရပ်ပေးတာမို့ Taxi ခ လှမ်းပေးပြီး ဆင်းလိုက်ပါ၏။

"မင်္ဂလာပါ"

"ပါပါရော"

"ညီသည်နဲ့တွေ့ဖို့ဆိုပြီး အခုလေးတင်ပဲ ထွက်သွားပါတယ်ခင်ဗျာ"

"ဟင်! သမီးလာပါမယ်ဆိုတဲ့ဟာကို၊ မန်နေဂျာဦးမောင်ရော"

"ရှိပါတယ်ခင်ဗျ"

Doorman လေးရှေ့မှာ ခြေတစ်ချက်ဆောင့်လိုက်ပြီး ဆိုင်ထဲဝင်လိုက်ပါ၏။ အမှန်က ပါပါလုပ်ထားတာ Beer Station ပါ။ သို့သော် အချက်အပြုတ်ကောင်းသည့် Cook တွေကြောင့် Restaurant အသေးစားလေးဖြစ်သွားရတာပင်။

"ဦးမောင်"

"ဝေး"

"ပါပါ ဘယ်တော့ပြန်လာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်မကြာဘူးပြောတာပဲသမီးရဲ့ လာလေ"

"ဟင်, သမီးက လူရှင်းတုန်း တစ်ပုဒ်လောက် တက်ဟဲချင်လို့ ပါဆိုနေမှ"

"သီချင်းဆိုချင်လို့လား"

"ဟုတ်"

"ဆိုလေ၊ Rose ကတော့ မရောက်သေးဘူး၊ နီနီနဲ့ ဖြူဖြူတော့ ရောက်နေပြီ"

"OK"

တီးဝိုင်းအုပ်စုရှိရာအခန်းထဲ ဖျတ်ခနဲဝင်လိုက်စဉ် လက်ဖက်သုတ်စားနေကြသည့်တစ်အုပ်စုလုံး အလန့်တကြားဖြစ်သွားပါ၏။ ပြီးမှ သမီးကိုမြင်ပြီး သက်ပြင်းရှိုက်လိုက်ကြလေသည်။

"လာလိုက်ရင် အလန့်ထန်းလျက်နဲ့ဟယ်"

"အေးလေ, ပြော. . . ဘာကိစ္စလဲ"

"သမီးနဲ့သီချင်းတစ်ပုဒ်လောက် ဆိုပေးပါ"

"ဘာ!"

လန့်အော်တာက ကိုပြုံးချိုပါ။ သမီးပြောတာကို မလိုက်လျောလျှင် တစ်ဆိုင်လုံး နားမခံသာအောင် Drum ကို အပြိုးတကြီးတီးတော့





မည်ကို။

"တစ်ခါမှလည်း ဖြစ်ဖြစ်မြောက်မြောက်မဆိုဖူးဘဲနဲ့ ငါ့ကို လာဒုက္ခပေးပြန်ပြီလား"

"အံမာ, သမီးအိမ်မှာ KARAOKE (ကာရာအိုကေ)နဲ့ အမြဲဆိုနေတာပါနော်။ အထင်မ small ပါနဲ့"

"ဟ, ကာရာအိုကေနဲ့ တီးဝိုင်းနဲ့က အကွာကြီးဟဲ့။ နင့်အသံ key မတည့်ရင် ဆိုင်နာမည်ပျက်တော့မှာပဲ"

"ဘာဖြစ်လဲ၊ အပျော်တက်ဆိုတဲ့ဟာကို။ တီးပေးမလား, မတီးပေးဘူးလား. . ပြော"

"အမလေးနော် ဒီနေ့မှ ဗြဟ္မာမင်းဦးခေါင်းကိုင်ဖို့ ငါ့အလှည့်ကျတာပါလား"

ခေါင်းပွပွကြီးကို တဖျင်းဖျင်းကုပ်လိုက်သည့် ကိုပြုံးချိုကြောင့် သမီးရယ်လိုက်ပေမယ့် ကျန်တဲ့လူတွေက မအီမသာနှင့် ပြုံးနေရလေ၏။ ဆိုင်ရှင်သမီးမို့ လာဗိုလ်ကျတိုင်းသည်းခံနေရတဲ့ဝန်ထမ်းတွေမဟုတ်လား။ သမီးကလည်းသမီးပါပဲ၊ သူငယ်ချင်းတွေမရှိတာနဲ့ ဒီကိုပဲအမြဲပြေးလာတတ်တာလေ။

"ဘာလဲ၊ ဒါသမီးကိုမကြည်ဘူးဆိုတဲ့ style နဲ့ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"မနီတို့က ဖင့်မကြွဘဲနဲ့ ကိုပြုံးချိုက ဘယ်လိုထမှာလဲ"

"အဲ"

ကဲ, ကလေးပီပီ ဟောဟောဒိုင်းဒိုင်းပြောချလိုက်မှ အဆိုတော်နှစ်ယောက်လုံး ဖျတ်ခနဲမတ်တပ်ရပ်လိုက်လေ၏။ တွေ့တယ်မဟုတ်လား။ နတ်သမီး ကြိမ်တို့လိုက်တာနဲ့ မတ်ခနဲဖြစ်သွားတာလေ။

"ဦးပြုံးချို"

"ထပြီဟေ့, ထပြီဟ၊ ငါ့ကို မန်နေဂျာတောင် လေသံပျော့နဲ့ဆက်ဆံရတာ။ ညည်းပဲ ငါ့ကိုနိုင်စား. . . သိလား"

"သိတယ်"

"ဟင်း, ငါမပြောလိုက်ချင်ဘူး"

"ပွစိပွစိရှုတ်မနေနဲ့၊ စိတ်ပုပ်ပြီး ဖြစ်သလိုတီးမယ်မကြံနဲ့နော်။ သမီးဆိုတာ ပျက်တာနဲ့ အကုန်လုံးကို ပါပါနဲ့တိုင်ပြီး အလုပ်ဖြုတ်ပစ်မှာ. . . ဒါပဲ"

"ဘုရား! "

အစ်မနှစ်ယောက် ရင်ဘတ်ဖိနေပေမယ့် သမီးက ခပ်တည်တည်လေးလုပ်နေလိုက်ပါ၏။ အခန်းထဲမှထွက်တော့ လီဒ်တီးသည့် ကိုခင်





မောင်လွင်နှင့် Bess တီးသည့် ကိုမြင့်ကျော်ရော Rhythm တီးသည့် ကိုဘုန်းကိုပါ လက်ပြ၍ခေါ်လိုက်သည့်ကိုပြုံးချိုကိုကြည့်ပြီး သဘောကျမဆုံး. . .

ညနေလေးနာရီသာရှိသေးတာမို့ လူသိပ်မရှိသေးပါချေ။ အဝင်ဝနားရှိစားပွဲမှာ ထမင်းလာစားသည့်မိသားစုနှင့် ခပ်လှမ်းလှမ်းစားပွဲမှာ ကြေးအိုးလာသောက်နေသည့်လူနှစ်ယောက်သာ ရှိလေသည်။ ကိစ္စမရှိပါ။ သမီးက နဂိုကတည်းက သိပ်ကြောက်တတ်သည့်သူမဟုတ်တာမို့ ဒီလောက်ကတော့ အေးဆေးပါပဲ။

နေနှင့်ဦးပေါ့ ဟန်သီနဲ့ စိမ့်စိမ့်ရယ်. . . နင်တို့မရှိလည်း ငါတစ်ယောက်တည်းနေတတ်တယ်ဆိုတာကို ပြရသေးတာပေါ့။

အတီးသမားတွေက ဘာမှမဖြစ်ပေမယ့် အဆိုတော်နှစ်ယောက်မျက်နှာက ဆီးရွက်သာသာ။ ဒီအစ်မနှစ်ယောက်က သမီးအကြောင်းသိပ်မသိသေးတာကြောင့်လည်း ပါလေ၏။ သမီးက ပြောပြီး မေ့မေ့ပျောက်ပျောက်ဖြစ်သွားတတ်တာကိုမသိဘဲ တကယ်အလုပ်ပြုတ်မှာကို ကြောက်နေလေလားမသိပေ။

"သမီး"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသီချင်းဆိုမှာလဲဟင်"

"၂ ညီမလေးသီချင်း"

"ခေါင်းစဉ်ကရော. . . မမတို့က ဟာမိုနီပဲ လိုက်ပေးရုံမဟုတ်လား"

"ဘယ်ရမလဲ၊ သမီးနဲ့အတူ ကရမှာပေါ့။ နာမည်က 'မင်းဘေးကကောင်မလေး ဘယ်သူလဲ' တဲ့"

"သေစမ်း။ က,ရခက်တဲ့သီချင်းနဲ့မှ လာတွေ့ရတယ်လို့"

အိညှောင်ညှောင်ရှုတ်သံကို မကြားချင်ယောင်ဆောင်ပြီး စင်ဘေးနားရပ်နေစဉ် ဆိုင်ထဲသို့ ကောင်လေးတစ်အုပ်ဝင်လာတာကိုတွေ့လိုက်ပါ၏။

ကြည့်စမ်း! ငယ်ငယ်လေးတွေဖြစ်ပြီး ဘီယာလာမော့ကြတယ်ပေါ့လေ။



## အခန်း (၃)

"စောလှချည်လား"

"ခေါင်းဆောင်အဆိုတော်က မရောက်သေးပါဘူး။ တီးဝိုင်းစမ်းတာပဲဖြစ်မှာပေါ့"

ကောင်လေးငါးယောက်အုပ်စုက တစ်ယောက်တစ်ပေါက်ရေရွတ်ပြီး Stage နဲ့ နီးသည့်စားပွဲခုံမှာ ဝိုင်းလိုက်ကြလေ၏။ ကြည့်ရတာ Garden Park ရဲ့ ပင်တိုင်အဆိုတော် Roseta ရဲ့ ပရိသတ်ပဲထင်ပါရဲ့။

ခဏအကြာမှာ ပါပါနှင့်အတူ မမလှလှလေးတွေ ဝင်လာတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သမီးပြုံးလိုက်မိပါ၏။ အလုပ်ခန့်ဖို့ခေါ်လာတာလားမသိပေမယ့် ကောင်မလေး (၆)ယောက်တွဲလာသည့်ပါပါ့ကို Lesson ပေးခွင့်ကြုံရပြီကိုး။ တွေ့ကြသေးတာပေါ့ ပါပါရာ။

"မင်္ဂလာပါရှင်၊ Garden Park ရဲ့ ပင်တိုင်အဆိုရှင် Rose မရောက်မီ Intro အနေနဲ့ နီနီတို့နဲ့အတူ ညီမလေး Venus က စတင်ဖျော်ဖြေမှာဖြစ်ပါတယ်ရှင်။ နားဆင်အားပေးကြပါနော်"

ပါပါ့မျက်လုံးကြီး ပြူးထွက်လာပြီး ပါးစပ်ပါအဟောင်းသားဖြစ်သွားလေ၏။ တွေ့တယ်မဟုတ်လား၊ သမီးကိုပစ်ပြီး ကောင်မလေးတွေနဲ့ တစ်ဝိုင်းတည်းထိုင်ချင်နေတဲ့ပါပါ့အတွက် လက်ဆောင်ပါနော်။

Stage ပေါ် ခပ်ပြုံးပြုံးတက်သွားပြီး ပရိသတ်ကို ခါးကိုင်း ဦးညွှတ်ပြလိုက်ပါ၏။ မမ Rose ပုံစံအတိုင်း Style လေးနဲ့ ခပ်တည်တည် ပြုလုပ်သွားတာမို့ ဝိုင်းသားတွေပင် အံ့သြရသည်လေ။ သမီးပုံစံအဝတ်အစားက ထသွားထလာဝတ်စုံမျိုးဖြစ်ပြီး အဆိုတော်တွေလို ပြောင်လက်လက်တွေ ဝတ်ဆင်ထားခြင်းမရှိတာမို့ အဆိုတော်မဟုတ်မှန်း လူတိုင်းသိနိုင်သည်ပဲ။

"မင်္ဂလာညနေခင်းပါရှင်. . . နတ်သမီးရဲ့ကောင်လေးက လက်ဝဲလက်ယာ မဒီလေးခြောက်ယောက်နဲ့ အမြဲပျော်ပြီး မျက်နှာများလွန်းလို့





ဒီသီချင်းလေးနဲ့ လက်ဆောင်အဖြစ်ဖျော်ဖြေရခြင်းပါပဲ။ ၂ ညီမလေးရဲ့ 'မင်းဘေးက ကောင်မလေးဘယ်သူလဲ' သီချင်းနဲ့ ဂုဏ်ပြုတာကို နားဆင် အားပေးကြပါ။ ကျေးဇူးတင်ပါတယ်ရှင်"

လက်ခုပ်သံတွေ တဖြောင်းဖြောင်းထွက်လာလေ၏။ ဦးမင်းလွင်တစ်ယောက် ဖင်တကြွကြွ ဂဏှာမငြိမ်ဖြစ်နေချေပြီ။

Intro တီးလုံးစဝင်စဉ် အမြဲတွဲကနေကျ နီနီရှိန်နှင့် ဖြူဖြူနိုင်က စည်းချက်ညီညီဖြင့် သမီးဘေးမှာ စ,ကလေ၏။

**"ဒီးမျောသွားတဲ့ ငါ့အကြည့်က× × × ရုတ်တရက် နှုတ်ကဆွံ့အရင်မှာဗလောင်ဆူညံနေတယ်× × ×**

**မင်းဘေးက ကောင်မလေးဘယ်သူလဲ × × ×**

**မင်းကပြောခဲ့သိပ်ချစ်ပြီ× × × ရည်းစားလေးနဲ့မင်းက အစုကျကြည့်လိုက်စမ်း× × ×**

**မင်းဘေးက ကောင်မလေးဘယ်သူလဲ× × ×**

**အနားကကို မခွဲနိုင်ဘူး× × × (ရေး× × ရေး)**

**မင်းစကားပြန်ကြားနေတုန်း× × ×**

**ဒီစကားလေးကို မင်းကပြောတော့လည်း**

**(လိမ့်လိုက်× လိမ့်လိုက်× လိမ့်လိုက်)**



www.burmeseclassic.com

www.burmeseclassic.com



ထပ်ရှင်းတော့ ပိုရှုပ်မှာပဲ× × × (ရေး× × ရေး)

ဘယ်နဝမ်းကွဲညီမတော်လဲ× × ×

1, 2, 3× × × တော်စမ်းပါ× × ×

မင်းရဲ့အချစ်က ကြော်ငြာတွေလိုလား× × × စတ္တန့်နည်းနည်းလေး

နဲ့ နောက်ပြောင်းပြောင်းသွားမှာ× × ×

မင်းဘေးက ကောင်မလေးဘယ်သူလဲ × × ×

ဒီတစ်ခါအတည်ကြံတာဆိုနေရင်တောင်မှ× × × သစ်တဲ့စကားလေး

များ မင်းစဉ်းစားစမ်းပါ× × ×

မင်းဘေးကချစ်သူ နောက်တစ်ယောက်လား× × ×

ငါ့ချစ်သူ ချစ်သွားစမ်း× × × မင်းရဲ့အချစ်က များသား

ငါဘယ်လိုယုံရမလဲ× × ×

မင်းဘေးက ကောင်မလေးဘယ်သူလဲ× × ×

အချစ်က ကစားတဲ့အရုပ်မှမဟုတ်× × × ဟိုလိုဒီလိုအပိုတွေ

ငါမလိုချင်ပါကွာ သွား× × ×

မင်းဘေးက ကောင်မလေး ဘယ်သူလဲ× × ×

အနားကကို မခွဲနိုင်ဘူး× × × (ရေး× × ရေး)

မင်းစကား ပြန်ကြားနေတုန်း× × ×





ဒီစကားလေးကို မရိုးအောင် မင်းကပြောတော့လည်း

(လိုမ့်လိုက်× လိုမ့်လိုက်× လိုမ့်လိုက်)

ထပ်ရှင်းတော့ပိုရှုပ်မှာပဲ× × × (ရေး× × ရေး)

ဘယ်နဝမ်းကွဲညီမတော်လဲ× × ×

1, 2, 3× × × တော်စမ်းပါ× × ×

မင်းရဲ့အချစ်က ကြော်ငြာတွေလိုလား× × × စတ္တန့်နည်းနည်းလေး

နဲ့ နောက်ပြောင်းပြောင်းသွားမှာ× × ×

မင်းဘေးက ကောင်မလေးဘယ်သူလဲ × × ×

ဒီတစ်ခါအတည်ကြံတာဆိုနေရင်တောင်မှ× × × သစ်တဲ့စကားလေး

များ မင်းစဉ်းစားစမ်းပါ× × ×

မင်းဘေးက ချစ်သူနောက်တစ်ယောက်လား × × ×

ငါ့ချစ်သူ ချစ်သွားစမ်း× × × မင်းရဲ့အချစ်က များသား ငါဘယ်လို

ယုံရမှာလဲ× × ×

မင်းဘေးက ကောင်မလေးဘယ်သူလဲ× × ×

အနားကကိုမခွဲနိုင်ဘူး (ရေး× × ရေး)

မင်းစကားပြန်ကြားနေတုန်း× × ×

ဒီစကားလေးကို မရိုးအောင် မင်းကပြောတော့လည်း



www.burmeseclassic.com

www.burmeseclassic.com

(လှိမ့်လိုက်× လှိမ့်လိုက်× လှိမ့်လိုက်)

ထပ်ရှင်းတော့ ပိုရှုပ်မှာပဲ× × × (ရေး× × ရေး)

ဘယ်နှဝမ်းကွဲညီမတော်လဲ× × ×

1, 2, 3× × × တော်စမ်းပါ× × ×

မင်းရဲ့အချစ်က ကြော်ငြာတွေလိုလား× × × စတ္တန့်နည်းနည်းလေးနဲ့ နောက်ပြောင်းပြောင်းသွားမှာ× × ×

မင်းဘေးကကောင်မလေးဘယ်သူလဲ × × ×

ဒီတစ်ခါအတည်ကြံတာဆိုနေရင်တောင်မှ× × × သစ်တဲ့စကားလေးများ မင်းစဉ်းစားစမ်းပါ× × ×

မင်းဘေးကချစ်သူ နောက်တစ်ယောက်လား× × ×

မင်းရဲ့အချစ်က ကြော်ငြာတွေလိုလား× × × စတ္တန့်နည်းနည်းလေးနဲ့ နောက်ပြောင်းပြောင်းသွားမှာ× × ×

မင်းဘေးက ကောင်မလေးဘယ်သူလဲ × × ×

ဒီတစ်ခါအတည်ကြံတာဆိုနေရင်တောင်မှ× × × သစ်တဲ့စကားလေးများ မင်းစဉ်းစားစမ်းပါ× × ×

မင်းဘေးက ချစ်သူနောက်တစ်ယောက်လား × × ×

မင်းဘေးက ချစ်သူနောက်တစ်ယောက်လား× × ×





1, 2, 3× × × အားအား! "

လက်ခုပ်သံတွေနဲ့အတူ ပန်းစည်းကမ်းသည့်လူရော ပန်းတစ်ပွင့်စီကမ်းသည့်လူတွေပါ စင်ပေါ်တက်လာလေ၏။ ဟိုငါးယောက်ဝိုင်းမှ ကောင်လေးတစ်ယောက်က သရဖူလေးစွပ်ပေးပြီး တီးတိုးမေးလေ၏။

"Venus ဆိုတာ နာမည်ရင်းလား"

"Yes"

Microphone ထဲမှာ အသံမြည်သွားတာမို့ ဝေါခနဲရယ်သံတွေ ညံသွားလေ၏။ ကျေးဇူးစကားပင်မပြောဖြစ်တော့ဘဲ ပရိသတ်ကြီးကို ဦးညွှတ်ပြကာ စင်ပေါ်မှအပြေးဆင်းလာမိသည်။

အလိုလေး! သမီးရတာ Crown က သုံးသောင်း။ ပန်းစည်းက တစ်သောင်း၊ ပန်းသုံးပွင့်က တစ်သောင်းခွဲ အားလုံး ငါးသောင်းခွဲ တောင်မှကိုး။

ကောင်တာမှာ ပစ္စည်းတွေတင်ပေးလိုက်ပြီး ပါပါရှိနေသည့်ဝိုင်းကို ခုန်ပေါက်ပြေးလာတော့ ပါပါက သမီးကို မတ်တပ်ရပ်ကာ ပွေ့ပိုက်ကြိုဆိုလိုက်လေသည်။

"ငါ့သမီးကတော့ လုပ်ချလိုက်ပြီကွာ၊ ဘာတဲ့. . . နတ်သမီးရဲ့ ကောင်လေးဘေးမှာ လက်ဝဲလက်ယာကောင်မလေးခြောက်ယောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြားလိုက်တယ်မဟုတ်လား ကေသီ"

"ကြားတယ်အန်ကယ်. . . ကေသီတို့က အန်ကယ့်သမီးမှန်း သိတောင်မသိဘူး"

"ပါပါ, သမီးကို ငါးသောင်းခွဲပေး"

"ဟော! ဘာလို့လဲ"

"ခုန သမီးသီချင်းတက်ဆိုလို့ ရတာလေ"

"ငါ့သမီးက အဆိုတော်မှမဟုတ်ဘဲ။ ဘာဖြစ်လို့တောင်းရတာလဲ"!

"ကောင်တာမှာတောင်းရင် မရလို့ ပါပါ့ဆီက တောင်းတာပေါ့။ ပေးမလား. . . မပေးဘူးလား"

"ပေးပါ့မယ်ဗျာ၊ ပေးပါ့မယ်"

"Please, give me right now.အိမ်ရောက်မှပေးရင် မာမာပြန်သိမ်းသွားမှာ"

"ဒါကျ.တယ်သိ၊ အလည်မ"

ပါပါက သမီးရဲ့နဖူးကို လက်သီးဆုပ်ဖြင့်အသာထုလိုက်ပြီး မမတွေနှင့်မိတ်ဆက်ပေးလေ၏။

"အားလုံးပဲ. . . ဒါ ကျွန်တော့်ရဲ့တစ်ဦးတည်းသော ရှုမငြီးတဲ့ချစ်





သမီး Venus ပါပဲ။ 'ဖ'ကတော့ မသေးဘူးဆိုတာ မျက်မြင်နော်"

ရယ်သံသဲ့သဲ့ထွက်လာပါ၏။ ပါပါ့မိတ်ဆွေတွေ နှုတ်ဆက်ပြန်သွားတော့ ပါပါက မန်နေဂျာကိုမှာစရာရှိတာ သွားမှာနေစဉ် သမီးကို Crown စွပ်ပေးသည့်ကောင်လေးက သမီးနားရောက်လာလေသည်။

"ချွတ်! ချွတ်! "

"ဘာလဲ"

"ကျောင်းတက်တုန်းလား"

"You သိစရာမလိုပါဘူး"

ကောင်လေးက ဖွဲမလျှော့ပါ။ သမီး ဘု,ပြောပေမယ့် မျက်နှာပျက်မသွားပါချေ။ ကြည့်ရတာတော့ Beer မူးပြီး သောင်းကျန်းတတ်တဲ့ ခပ်ဆိုးဆိုးချာတိတ်တွေတော့ ဟုတ်ဟန်မတူပါချေ။

"ကိုယ့်နာမည် ဖေယျာဝင်းထွဋ်ပါ. . . First Year Physics တက်နေတယ်"

"အဲဒါဘာလုပ်ရမှာလဲ"

"မိတ်ဆက်တာလေ"

"ဟင်, အူကြောင်ကြောင်နဲ့ဟယ်"

ဟန်တီတို့သာပါရင် ဒင်းတော့ အရုက်ကွဲဦးမှာလေ။ သူတို့အုပ်



www.burmeseclassic.com

www.burmeseclassic.com

စု ငါးယောက်ရှိပေမယ့် ဒါက သမီးရဲ့အိမ်ကွင်းမို့ မကြောက်မလန့်နဲ့ စကားပြန်ပြောနေမိတာပါပဲ။ သမီးကို ဒီလိုလာကပ်လို့ကတော့ မောသွားမှာ အသေအချာလေ။

"လိပ်စာလေးတစ်ချက်လောက် ဒါမှမဟုတ် Phone နံပါတ်နဲ့ E-mail Fax နံပါတ်လေး"

"တကယ်သိချင်လို့လား"

"Realy"

"ခုန ဒီဝိုင်းမှာထိုင်သွားတဲ့ ခပ်ချောချောခပ်ဖြောင့်ဖြောင့် လူကြီး တွေ့လိုက်လား"

"အင်း"

"အဲဒီလူကြီးကို သွားမေးလိုက်၊ သူပြောပြလိမ့်မယ်"

"အဲဒီအန်ကယ်က ဒီ Restaurant ပိုင်ရှင်ဆို"

"ဟုတ်တယ်လေ၊ အဲဒါ သမီးရဲ့အဖေပဲ"

"ဟင်! "

ကောင်လေး မျက်လုံးကျယ်သွားလေ၏။ သမီးက စားပွဲကိုလက်ညှိုးတဒေါက်ဒေါက်ခေါက်ကာ ခပ်တည်တည်ထိုင်နေမိသည်။

ကဲ, ဘယ်နှယ့်လဲ ဖေယျာဝင်းထွန်းရေ. . . ကဗျာတွေ၊ စာတွေ





လာဖွဲ့ပြမနေချင်နဲ့။ နတ်သမီးက ရှင်ထင်ထားသလို ခပ်နွဲ့နွဲ့မိန်းကလေးမျိုးမဟုတ်ဘူးရှင့်

"မင်းအတော်နောက်တာပဲ"

"နောက်နေရင် ငြိမ်ငြိမ်လေးထားလိုက်လေ။ အနည်ထိုင်ပြီးကြည်သွားလိမ့်မယ်"

သူက နဖူးပေါ် လက်ဝါးပက်လက်ကပ်ပြလိုက်ပြီး သမီးကိုဆလံသသွားပါ၏။ ခပ်မဲ့မဲ့လေးပြုံးကာ ခြေချိတ်ထိုင်လိုက်ရင်း ပါပါ့ကိုလှမ်းကြည့်တော့ သူက နောက်ကိုအသာလေးဆုတ်သွားတော့သည်။

Physics ကတဲ့။ သမီးတို့ Maths နဲ့ အဆောင်ချင်းနီးသားပဲ။ ဒါပေမဲ့ တစ်ခါမှမတွေ့ဖူးတာလေ။ သမီးတို့က Pratical လုပ်ရင် Chemistry ဆောင်ရော Physics ဆောင်ပါ ကူးရတာကိုး။

"သွားကြစို့ Sweety... သမီးဘိုးဘိုးဆီသွားဖို့ နောက်ကျနေဦးမယ်"

"Yes ပါပါ"

ပါပါ့ကားပေါ်ပါလာတော့ အနောက်မလှမ်းမကမ်းမှာ ပါလာသည့် ကားတစ်စီးကို သတိထားမိသွားရလေသည်။

အလိုလေး!. . . ဟိုကောင်လေးငါးယောက်ရဲ့ကားပဲ ထင်ပါရဲ့။ ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက် ပါပို့သမီးလို့ပြောထားတာတောင် အကြောက်အလန့်မရှိပါလားနော်။

ပါပို့လို သမီးလည်း လက်သံပြောင်တဲ့သတင်းကို မကြားဖူးသေးဘူးထင်ပါရဲ့။ ကျောင်းမှာလည်း ဂျလောင်ကျ၊ လိုက်ကပ်တဲ့ကောင်လေးတွေကို ပြန်လှောင်၊ ခပ်တည်တည်မျက်နှာနှင့် ချောက်ကျအောင် တွန်းတတ်လေ့ရှိတဲ့ သမီးတို့သုံးယောက်က နာမည်ကြီးပါ။

နာမည်ရင်း Venus ကိုကိုယ်စားပြုပြီး သမီးတို့အုပ်စုက Angels အမည်နဲ့ Star ဖြစ်နေတာ တကာယ်ပါ။ သူများတွေက ငါးယောက်လောက်မှ အသံကျယ်ရဲတာမှန်ပေမယ့် သမီးတို့က သုံးယောက်တည်းနဲ့ ပွဲဆူလေ့ရှိတာပင်။

နေဦး။ ဟိုနှစ်ကောင် သင်တန်းက ခုထိမပြီးသေးဘူးလား။ ဒင်းတို့နှစ်ယောက် သမီးမျက်ကွယ်မှာ အတွဲရှာသွားလို့ကတော့ နာပြီသာမှတ်။ Final ပြီးရင် သုံးယောက်ပေါင်းပြီး လုပ်ငန်းတစ်ခုထူထောင်မှာမို့ အဲဒီလိုကိစ္စတွေနဲ့ သမီးတို့ဦးတည်ချက်ကို မပျက်စေချင်ပါ။

အတွဲဆို၍ မမတစ်ယောက်ရော အဆင်ပြေပါရဲ့လား။ ကြီးကြီးထားထားသည့်စည်းကိုကျော်ပြီး (ရန်သူဟုသတ်မှတ်ထားသည့်) လူကိုမှ သွားချစ်ရတယ်လို့။





အချစ်ဆိုတာ ဘာလဲလို့ ငယ်လွန်းသည့်သမီးတို့မသိခင်မှာ မမကရှာတွေ့သွားတာလေ။ နောက်မှ အေးအေးဆေးဆေး View ပါရစေလား။ မမအာသာဝတီဆိုတဲ့ နတ်ပန်းကလေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"နောက်မှပြောပြမယ်"

"အဲဒီလိုပြောလေ, သမီးက ပိုသိချင်လေပဲ"

"ငြိမ်ငြိမ်နေပါလားဟယ်, ဒီမှာမေမေစောင့်ကြည့်နေလို့ အကျယ်ချုပ်နဲ့နေနေရတဲ့ကြားထဲ နင်က တမျှော်"

"အဲဒါ မမအပြစ်ပဲလေ. . . သမီးလုပ်တာမှမဟုတ်ဘဲ။ နေဦး, အဲဒီအစ်ကိုကြီးက ချောလားဟင်"

ခေါင်းငြိမ့်နေရင်းမှ မမက မျက်စောင်းလှည့်ထိုးလေ၏။ အမလေး နော်. . . ဒီလောက်လှတဲ့မျက်စောင်းတစ်ဝင့်မှာ အဲဒီပုရိသတွေ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း ဖြုတ်ခနဲကြွေကျလောက်ပါရဲ့။ သမီးတို့အုပ်စုက ဒီနှစ်မှကျောင်းစတက်တာမို့ ကောင်လေးတွေကိုစိတ်ဝင်စားတာမျိုးမရှိဘဲ ပြောင်လိုက်လှောင်လိုက်ဖြင့် ဂျလောင်းကျလွန်းတဲ့မိန်းကလေးတွေပါ။

အတန်းခေါင်းဆောင် EC ကျောင်းသား ကျော်သူစိုးကလွဲပြီး တခြားယောကျ်ားလေးတွေကို ဂရုမစိုက်၊ အပေါင်းအသင်းမလုပ်တတ်ပေ။ စွာလည်းစွာ၊ ရဲလည်းရဲတင်းပြီး မကြောက်တတ်ကြတာမို့ တော်ရုံယောကျ်ားလေးနှစ်ယောက်လောက်ဆို သမီးတို့အုပ်စုအော်ဟစ်လှောင်ပြောင်တဲ့စကားလုံးတွေကြားမှာ မျက်နှာရဲပြီး ရှက်သွားတတ်ကြလေ၏။

အခု Final မမကျမှ ချစ်သူတွေဘာတွေရှိလို့ဆိုတော့ သမီးလည်းအံ့ဩပြီး စပ်စုတာပေါ့နော်။

"ဟင်လို့, မမ"

"မပြောတတ်ဘူးဟယ်. . . မြင်ရင်သိမှာပေါ့"

"အာ, မမကလည်း ကိုယ့်ချစ်သူ ချောလားမချောလားဆိုတာလေးတောင် မပြောတတ်ဘူး။ ဘာကြီးလဲ"

ခုတင်ပေါ်ထိုင်ကာ ကျွန်မကိုကြည့်ပြောနေသည့်သမီးကို ပြုံးမိပါ၏။ သမီးအရွယ်ကတည်းက ကျွန်မ, သူ့ကိုစပြီး စိတ်ဝင်စားခဲ့မိတာအမှန်ပါ။ အတန်းထဲမှာ ဘယ်သူနဲ့မှစကားမပြောဘဲ စာထိုင်ဖတ်နေတတ်





သည့်သူ့ကို သတိထားမိခဲ့တာလေ။

သို့သော် အနေအေးသည့်သူမို့ ကျွန်မနှင့် နည်းနည်းမှမရင်းနှီးခဲ့ပါချေ။ ကျွန်မကိုယ်တိုင်လည်း တစ်ယောက်တည်းပဲ အမြဲနေလေ့ရှိတာမို့ အားလပ်ချိန်ပေးလိုက်တိုင်း အတန်းထဲမှာ သူနဲ့ကျွန်မတို့နှစ်ယောက်သာ ဘေးချင်းယှဉ်ခုံတန်းအသီးသီးမှာ ကျန်ရစ်ခဲ့တတ်တာလေ။

ဘေးဘီဝဲယာကို ငဲ့ကြည့်ခြင်းမရှိဘဲ စာအုပ်တွေကိုသာ သဲကြီးမဲကြီးဖတ်လေ့ရှိသည့်သူ့စရိုက်ကို ကျွန်မနှစ်သက်မိ၏။ မျက်ခုံးတန်းထူထူနှင့် မေးရိုးကျပြီး နှာတံပေါ်တာကိုလည်း သဘောကျပါသည်။ အသားလေးဖြူဝင်းကာ ရုပ်အဖြူလည်ကတုံးလက်ရှည်ကိုသာ အစဉ်ဝတ်လေ့ရှိသည့် သူ့ Style ကိုလည်း နှစ်ခြိုက်လေ၏။

ခပ်တိုတိုညှပ်ထားသည့်ဆံနွယ်မှစပြီး ကတ္တီပါဖိနပ်အနက်ရောင်လေးဝတ်တတ်သည့် ခြေချောင်းဖြူဖြူလေးတွေအထိ ကျွန်မ စွဲလန်းမိတာကို သမီးသိအောင် ဘယ်လိုပြောရပါ့မလဲ။ ညီမဖြစ်သူကို ဤသို့ဂဃနဏဖွင့်ပြောရအောင်လည်း ကျွန်မနှုတ်မရဲလှပါချေ။ ဩော်, မောင်ရယ်။

"သူ့ကို မမဘာလို့ချစ်သွားတာလဲ"

"ဟယ်, သမီးမေးခွန်းကြီးကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ, သူနဲ့မမကို မဖြစ်နိုင်ဘူးလို့ ကြီးမေတို့ပြောထားလျက်က ဘယ်လိုနည်းနဲ့အဖြေပြန်ပေးလိုက်သလဲလို့ သမီးသိချင်လို့မေးနေတာ"

ဆံညှပ်လှလှလေးကိုတပ်လိုက်ပြီးမှ ဆံနွယ်တို့ကို ထပ်ဖြီးလိုက်ပြီး ဘီးကိုဘီးခွက်ထဲပြန်ထည့်ကာ အလှပြင်ခြင်းကို အဆုံးသတ်လိုက်ပါ၏။ ဖက်လုံးလေးပိုက်ကာ ကျွန်မအဖြေကိုစောင့်နေသည့်သမီး၏ မျက်ဝန်းတောက်တောက်လေးကို မှန်ထဲမှမြင်နေရလေသည်။ ညီအစ်မနှစ်ယောက်ယှဉ်ကြည့်ရင် သမီးက မျက်လုံးအရမ်းလှပြီး ချစ်စရာအရမ်းကောင်းသည်ပဲ။

"အချစ်က ရှင်းပြလို့မရတဲ့အရာလေ သမီးရယ်"

"ဘယ်လို"

မျက်လုံးလေးပါမကာ နှုတ်ခမ်းအစုံပါ ဝိုင်းသွားသည့် ညီမလေးကို ပြုံးပြလိုက်မိ၏။ ငယ်ပါသေးတယ်သမီးရယ်၊ ဘာမှသိပ်မသိသေးတဲ့ညီမလေးကို မမရဲ့ရင်ထဲကချစ်ခြင်းတွေကို ဘယ်လိုရှင်းပြရပါ့မလဲ။

"လောလောဆယ်. . . သမီးနားမလည်သေးပေမယ့် တစ်နေ့နေ့တော့ အဲဒီအချစ်ဆိုတာကို သမီးသိလာမှာပါ"

"မမ, သူ့ကိုသိပ်ချစ်တာပဲလားဟင်"





ခေါင်းကိုသာ ညိတ်ပြလေ၏။ အချစ်ဆိုတာ ရှင်းပြလို့မရတဲ့အရာတဲ့။ ဟုတ်မှာပါလေ၊ ဒါကြောင့်လည်း သမီး ခုထိမသိသေးတာပေါ့။ သမီးနောက် တကောက်ကောက်လိုက်ပါလာတတ်တဲ့ကောင်လေးတွေကိုလည်း စိတ်မဝင်စား၊ 'ချစ်လို့ပါ'လို့ အပြောခံရတိုင်း လက်ခုပ်လက်ဝါးတီးကာ လှောင်ရယ်ကျင့်ကို ဖျောက်လို့မရတော့။

"ကလေးက မေးစရာလား"

"သမီးတို့အုပ်စုထဲမှာ စိမ့်စိမ့်က အချောဆုံးပဲ မမရဲ့။ တစ်နေ့တစ်နေ့ရလိုက်တဲ့ ရည်းစားစာတွေဆိုတာ မပြောပါနဲ့။ ကျောင်းရောက်လို့ သူထိုင်တဲ့နေရာစားပွဲပေါ်မှာ နှင်းဆီတစ်ပွင့်နဲ့ ချောကလက်တစ်တောင့် အမြဲရတယ်။ တစ်ခါတလေ Card ပို့ အရုပ်သေးသေးလေးတွေတောင် ရတတ်တာ"

နှင်းဆီတစ်ပွင့်ဆို၍ ကျွန်မရင်ထိတ်သွားရပါ၏။ ကျွန်မတုန်းကလည်း သူ့,အဲဒီလို နှင်းဆီတစ်ပွင့် ထားတတ်တာလေ။ သို့သော် သမီးပြောသလို Card တွေ ထားတာမျိုးမဟုတ်ဘဲ သောကြာနေ့မနက်မှာ ကဗျာရေးထားသည့်စာရွက်ဖြူခေါက်လေးတစ်ခု အမြဲပါတတ်တာပါ။

အချစ်ဆိုတဲ့စကားလုံးကို ဖောဖောသီသီသုံးတာမျိုးမဟုတ်ဘဲ သူ့ရင်ထဲကချစ်ခြင်းတို့ကို ကျွန်မသိအောင် ရေးဖွဲ့ပြပုံက နှလုံးသားကိုရိုက်



www.burmeseclassic.com

www.burmeseclassic.com

ခတ်ပြီး ရင်အခုန်မြန်စေခဲ့တာအမှန်ပါ။

မောင်ရယ် 'ချစ်တယ်'ဆိုတဲ့စကားတစ်ခွန်းကို မောင်သိအောင် ပြောပြလုဆဲမှာမှ ကျွန်မအတွက်အခွင့်အရေးက ပိတ်ပင်ခြင်းခံရတယ် လို့။

"မမ"

"ဟင်"

"ဘာဖြစ်လို့လဲဟင်၊ မျက်နှာလည်းမကောင်းဘူး. . . တော်ကြာ ဘိုးဘိုးရိပ်မိသွားပြီး မေးတော့မှ ပြဿနာဖြစ်နေဦးမယ်"

"အင်းပါ, မမသိပါတယ်"

"အာသာနဲ့သမီးငယ်. . . ဆင်းမလာကြသေးဘူးလား"

"ဟော, ကြီးမေခေါ်နေပြီ၊ ဆင်းစို့မမ"

"အင်း"

ညီအစ်မနှစ်ယောက်သား အပေါ်ထပ်မှခပ်သုတ်သုတ်ဆင်းခဲ့၏။ ဦးငယ်၏ Light Ace ကားတစ်စီးတည်းစီးရမှာမို့ သမီးလက်ကိုကိုင် လျက် ကားပေါ်တက်လိုက်ရသည်။

ဘုရားသိကြားမ,လို့ ဟိုရောက်ရင် ဘိုးဘိုးရှေ့မှာ စကားမမှားမိ ပါစေနဲ့။ ဘိုးဘိုး၏အမိန့်ကို မေမေရောဦးငယ်ပါ ဒီနေ့အထိနာခံနေကြ





ပေမယ့် ဦးငယ်က အငယ်လည်းဖြစ်ကာ ဘိုးဘိုးနဲ့အမြဲတည့်သည်မရှိ ပါချေ။ မေမေနှင့်ဖေဖေကသာ ဘိုးဘိုးလက်ညှိုးညွှန်ရာ ရေဖြစ်သကဲ့သို့ တစ်သွေမတိမ်းနာခံတာ အခု ကျွန်မဒီအရွယ်အထိပါလေ။

"မမ"

"ဘာလဲ"

"ဘိုးဘိုးသိရင် ဘယ်လိုလုပ်မလဲဟင်"

"ရှူး. . . အလိုလိုလန့်နေပါတယ်ဆိုမှ ဖြခြောက်နေပြန်ပါပြီ"

"သိချင်လို့ မေးကြည့်တာလေ၊ သမီးကတော့ မလုပ်နဲ့လို့ပြော ရင် ပိုပြီးတော့ကို လုပ်ချင်တယ်သိလား"

"ခြော်, သမီးရယ်၊ ညီမလေးနဲ့မမက တူမှမတူတဲ့ဟာပဲ"

"ဘာမတူတာလဲ"

မသိလို့မေးမှန်းသိနေပေမယ့် ကျွန်မ ရင်မောစွာဖြင့် သက်ပြင်း ကြိတ်ရှိုက်လိုက်မိ၏။ ကျွန်မက အမြဲတစေ အိမ်တွင်းပုန်းလေးဖြစ်ပြီး ဘယ်ပဲသွားသွား အိမ်က driver နဲ့အတူ ကားနဲ့သွားရတာဖြစ်ပါသည်။ စာမေးပွဲဖြေသည့်ရက်တွေမှာဆို ကားကိုအိမ်မပြန်စေဘဲ ကျောင်းထဲမှာ တစ်ချိန်လုံးစောင့်ထားစေသည့်အခြေအနေမျိုးဖြစ်လေ၏။

သမီးကတော့ ဘယ်တော့မဆို အလိုလိုက်ခံရပြီး လွတ်လပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်ဖြစ်ပါ၏။ သွားချင်ရာကို တစ်ယောက်တည်း Taxi စီးပြီး သွားတဲ့အထိ ရဲ့ရဲ့သူလည်းဖြစ်လေသည်။ မိန်းကလေးတစ်ယောက်တည်း ဆိုပြီး စိုးရိမ်စိတ်တို့ ရှိမနေအောင် ဦးငယ်ရော အန်တီလေးပါ ကောင်းကောင်းကြီး control လုပ်ပေးခဲ့ကြတာမို့ သမီးမျက်နှာထက်မှာ သူ့ကိုယ်သူ ယုံကြည်ရဲ့ရဲ့တဲ့စိတ်က အလိုလိုပေါ်လွင်စေတာပါလေ။

ဒီလိုကွာခြားမှုတွေရှိနေတဲ့ ကျွန်မနဲ့သမီးကို ဝမ်းကွဲညီအစ်မဆိုတာကို ဘယ်သူတွေကများ ယုံကြမှာပါလဲ။

"သမီးက ရဲတယ်လေ"

"ဩ, ဒါကတော့ သမီးက မာနဲ့တူလို့ဖြစ်မှာပါ မမရဲ့။ မာက သမီးကိုသင်ပေးထားတယ်လေ။ ကိုယ်မှန်တယ်လို့ယုံကြည်ရင် ဘာကိုမှကြောက်စရာမရှိဘဲ ပြောရဲရမယ်တဲ့။ အဲဒါမှ လူပီသမှာတဲ့ မမရဲ့"

မှန်တယ်လို့ ယုံကြည်ရင်တဲ့လား။ ဒါဆို ကျွန်မ, မောင့်ကိုချစ်မိတာရော မှန်တယ်လို့ယူဆသတ်မှတ်နိုင်မှာလားဟင်။ လူငယ်နှစ်ယောက် ဘာသာဘာဝ မေတ္တာမျှတာကို အမှားတစ်ခုလို့ မေမေတို့ ဘာကြောင့် စွပ်စွဲပြောဆိုကြတာပါလဲ၊ ဦးငယ်ပြောသလို မောင့်ဘိုးဘိုးလေးနဲ့ ပြဿနာဖြစ်ခဲ့တဲ့ကိစ္စက မတော်တဆတိုက်ဆိုင်မှုကြောင့်လို့ သတ်မှတ်လို့ရနိုင်တာပါလေ။





နှစ်ပေါင်းများစွာ ကြာပြီဖြစ်တဲ့အကြောင်းတစ်ခုကို ယနေ့တိုင် မမေ့နိုင်ဘဲ စွဲလန်းနေမြဲဖြစ်နေရင် ကျွန်မစိတ်နဲ့ ဘိုးဘိုးစိတ် သွားတူနေမှာတော့ အသေအချာပါလေ။

"အာသာ"

"ရှင်, မေမေ"

"နင့်အဘိုးရှေ့မှာ လုံးဝစကားမမှားမိပါစေနဲ့နော်။ ပြဿနာဖြစ်ရင် မလွယ်ဘူး။ နင့်အဘိုး စိတ်ကြီးတာ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ပါမေမေ"

"တစ်လက်စတည်းပြောထားပါရဲ့နော်၊ အဲဒီကောင်လေးနဲ့ အခုတည်းက အဆက်အသွယ်မလုပ်မိပါစေနဲ့။ ကျောင်းပိတ်ထားတုန်း ပြတ်လက်စနဲ့ပြတ်ပါစေတော့"

ကျွန်မ ဘာမှပြန်မပြောဖြစ်ဘဲ မျက်လွှာချထားမိစဉ် သမီးက ကျွန်မလက်ဖျားကိုညှစ်ကာ အားပေးလေ၏။ ကျွန်မနေရာမှာ သမီးသာဆိုရင် ဘယ်လိုဖြစ်မလဲ၊ မေမေတို့ကိုအတိုက်အခံလုပ်ပြီး ဆန့်ကျင်မည်ထင်ပါသည်။ (၅၂၈)နှင့် (၁၅၀၀)လွန်ဆွဲပွဲမှာ ဘယ်ဘက်က အားသာလေမလဲ၊

"ကြီးကြီးကလည်း မမက လိမ္မာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလိမ္မာရမှာလဲ၊ သူက သမီးငယ်လိုမျိုး ကလေးလိုမနေလို့ ပြောနေရတာကွယ့်။ သူ့အဘိုးမကြိုက်တာကို သွားလုပ်မိရင် ကျားမြီး သွားဆွဲတာထက်ပိုဆိုးမယ်ဆိုတာ သိသိကြီးနဲ့။ ဟွန်း, ငါမပြောလိုက်ချင်ဘူး"

"သမီးလုပ်မိရင်ရော ဘိုးဘိုးက စိတ်ဆိုးမှာလားဟင်"

မေမေက သမီးမေးတာကိုမဖြေဘဲ မျက်စောင်းသာ ခဲပြလိုက်ပါ၏။ သမီးက ပြုံးစိစိဖြစ်သွားပြီး ပခုံးလေးတွန့်လိုက်လေသည်။

ဦးငယ်တို့က သမီးကိုဘယ်တော့မဆို စိတ်မဆင်းရဲအောင်ထား ကြတာမို့ အခြေအနေချင်းတူချင်မှတူမှာပေ့ါ။ သမီးကို ဘယ်သူမှလေသံ မာနဲ့ မအော်မငေါက်ကြသလို ဘိုးဘိုးကိုယ်တိုင် ဖူးဖူးမှုတ်ပြီးချစ်တဲ့ အသည်းတုံးပေကိုး။

ဘိုးဘိုးပြုံးငြင်သွားမှာ စိတ်ကွက်သွားမှာကို သေလုအောင် မေမေ ကြောက်ပေမယ့် သမီးကဖြင့် ဖအေတူသမီးပီပီ ဦးငယ်ရဲ့အချိုးကိုတူ လို့ပါလေ။

"သမီးလည်း ဘိုးဘိုးရှေ့မှာ မမ ရည်စားထားမိတဲ့အကြောင်း ယောင်ပြီး မပြောမိစေနဲ့ဦး. . . ကြားလား"

"ဟင်, ကြီးမေကလည်း သမီးကိုလျှို့ဝှက်ခိုင်းနေပြန်ပါပြီ။ သမီး က အဲဒီလိုဖုံးကွယ်ထားရတာမျိုးဆို ရင်ထဲမှာကလိကလိနဲ့ သိပ်ပြော ချင်တာ"

"ဟဲ့, နင့်မမအဆူခံရမှာစိုးလို့ပြောနေတာလေ"

"အဲဒါ ကြီးကြီးဆူလို့ပြီးပြီမဟုတ်လား. . . သမီးကိုလာမတား နဲ့လေ။ သမီးက လိမ်လည်းမလိမ်တတ်ဘူး။ လူမသိအောင် ဖုံးလည်း မဖုံးတတ်ဘူး"

ဒေါ်မြယဉ်မေ, တူမဖြစ်သူခေါင်းကို ခေါက်လိုက်ချင်ပေမယ့် သူ့ မိဘတွေတွေ့မှာစိုးပြီး မလုပ်ဖြစ်တော့ဘဲ မျက်စောင်းခဲလိုက်ပြန်တော့ ၏။ အဲဒီတူမတော်က ဒီလိုတော်တာလေ။





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"ဘိုးဘိုးရေ"

"ဟော. . . ဘိုးဘိုးအသည်းတုံးတို့ လာပြီလား၊ မောင်သိန်းရေ တံခါးလာဖွင့်စမ်း"

"လာပါပြီ ဘဘကြီး"

မှန်တံခါးကိုအရင်ဖွင့်ပြီးမှ ဘာဂျာတံခါးကိုဖွင့်လိုက်ကြ၏။ ကွင်းထိုးဖိနပ်လေးကိုအမြန်ချွတ်ကာ ခုန်ပေါက်ပြီး အိမ်ထဲဝင်လိုက်ပါသည်။ လှေကားမှဆင်းလာနေသည့်ဘိုးဘိုးကိုအပြေးတွဲကာ လက်မောင်းကို နို့လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ, ငါ့မြေးကိုယ်လေး ဒီလောက်တောင်မှ လေးလာရလား"

"သမီးက ကလေးမှမဟုတ်တော့ဘဲ ဘိုးဘိုးရဲ့"

"ကလေးမဟုတ်တော့ မြေးက ဘာလုပ်ချင်ပြီမို့လို့လဲ"

"သမီးလား။ ဟင်းဟင်း. . . အဆိုတော်"

"ဘာရယ်. . . ကြားလား မင်းလွင်၊ မင်း့သမီးကို ဘယ်လောက်မြှောက်စားလို့ ဒီပိုးဝင်သွားရတာလဲ"

"အလကားပါဖေဖေရာ၊ ကျွန်တော့်ဆိုင်မှာ သီချင်းတစ်ခါတက်ဆိုပြီး ဆုချခံရတာနဲ့ လျှောက်ပြောနေတာပါ"

"ကလေးကို အဲဒီဆိုင် ခေါ်မသွားရဘူးလို့ မင်းကို ငါဘယ်နှခါပြောရမလဲကွ၊ အတတ်ကောင်းတွေ သင်ပေးနေပြန်ပြီ၊ ဟိုမအေကအခုကလေးကိုမထိန်းဘဲ တစ်နေ့တစ်နေ့ဘာလုပ်နေလဲ"

"ဘိုးဘိုးကလည်း လူရှင်းချိန်လေး သမီးဆိုင်မှာ တက်ဆိုတာပါနော်။ မှာ့ကိုမဆူပါနဲ့"

"အမယ်. . . သူကပဲ မအေအထိမခံနိုင်ဖြစ်နေသေး။ ငါအမြင်ကပ်လာပြီနော်။ Parrot မ"

"သမီးက ကြက်တူရွေးဆို ဘိုးဘိုးက Cockatoo ပေါ့။ ဟားဟားဟား. . ."





"ကြည့်စမ်း! ဒင်းကို ငှက်လုလုနာမည်ခေါ်တဲ့ဟာ၊ ငါ့ကျ အရုပ်ဆိုးဆိုးကတ္တူဝါတဲ့။ အလည်မ"

မြေးအဘိုးနှစ်ယောက်ရယ်သံက ညေ့ခန်းထဲဟိန်းထွက်လာပါ၏။ သမီးက ဘိုးဘိုးလက်မောင်းကို တင်းတင်းဆုပ်ထားပြီး ရယ်ဟဟလေး လုပ်နေလေသည်။ ဘိုးဘိုးကိုများ ကြီးမေတို့အလွန့်အလွန်ကြောက်နေကြတာပါ။ သမီးကတော့ တယ်မကြောက်ပေပါ၊ ဘိုးဘိုးမျက်နှာကိုကြည့်ပြီး အလိုက်အထိုက်ပြောလိုက်ရုံနဲ့ OK သွားတာ မျက်မြင်ပဲမဟုတ်လား။ ဘိုးဘိုးအထာကိုမသိလို့သာ အခက်တွေ့နေရတာပါလေ။

"ကဲ, ထိုင်ထိုင်၊ ငါ့မြေးကြီးပန်းကလေး မျက်နှာမကောင်းပါလား။ ဘာဖြစ်ထားလဲ"

"ဘာမှမဖြစ်ပါဘူးဖေဖေရယ်၊ သူ့ပုံစံက ဒီလိုပဲဟာ"

"မဟုတ်ပါဘူး။ ငါ့မြေးကိုမေးနေတာ နင်က ဘာလို့ဝင်ပြောနေရတာလဲ။ မနေ့က လပြည့်နေ့ကို မရောက်လာဘဲ ဒီနေ့မှလာလို့ အံ့ဩနေရတဲ့ကြားထဲ ညည်းက တမျှော်။ ငါ့မြေးရော၊ နင့်မမ,ဘာဖြစ်နေလဲသိလား"

"ဟင်!"

ရုတ်တရက်မေးလိုက်သည့်မေးခွန်းမို့ သမီးလန့်သွားရပါ၏။ ဘိုး



www.burmeseclassic.com

www.burmeseclassic.com



ဘိုးနှင့် ခုံတစ်ခုံတည်းထိုင်နေရင်း မျက်လုံးပြူးသွားသလို ကြီးမေက မျက်လုံးပြူးပြနေတာမို့ ရယ်ချင်သွားရလေသည်။ ဒါက ဘာမှမပြောနဲ့လို့ သတိပေးနေတဲ့ Style ပေါ့လေ၊ ကြီးမေကတော့ ဟာသပဲ။

"ဟီးဟီး. . . သမီးမသိဘူး"

"အောင်မာ. . . ရုပ်ကိုက ပြောင်ကျကျလိမ်ညာနေတဲ့ရုပ်မျိုးနဲ့။ ညည်းသိတယ်မဟုတ်လား။ သမီး ညာဖို့စိတ်မကူးနဲ့။ ငါ့ကိုညာလို့မရဘူး။ နင့်မျက်နှာကြည့်တာနဲ့ ငါသိပြီးသား။ ပြောစမ်း"

"အာ, ဘိုးဘိုးကလည်း သမီးမသိပါဘူးဆိုနေမှ"

"ဘာမသိရမှာလဲ၊ ညည်းမျက်နှာ ပြောင်ချော်ချော်ဖြစ်နေတာ မြင်ရုံနဲ့သိတယ်"

"သမီးမသိပါဘူးဆိုတာကို အတင်းကြီးလိုက်မေးနေတာပဲ။ သမီးက သမီးကိုယ်ပိုင်ငွေနဲ့ ဘိုးဘိုးအတွက် လာကန်တော့တာကို"

"အမယ်, ကြီးကြီးကျယ်ကျယ်နဲ့ ပြပါဦး. . ဘာတွေများလဲ"

တော်ပါသေးရဲ့။ သမီးချော်ထွက်တဲ့လမ်းကြောင်းအတိုင်း ဘိုးဘိုး ပါလာလို့လေ။ လူကြီးတွေ မသက်မသာနဲ့ သက်ပြင်းခိုးရှိုက်ချလိုက်စဉ် သမီးက သမီးဝယ်လာသည့် လက်ဆောင်ထုပ်ကို ဘိုးဘိုးလက်ထဲသို့ ထည့်ပေးလိုက်ပါသည်။





"ဒါက ဘာလဲ"

"အဲဒီထဲမှာ ပုဆိုးရယ်၊ တိုက်ပုံရယ်၊ Shirt အဖြူရယ်၊ ပြီးတော့ ဘိုးဘိုးအကြိုက် မာဖလာလည်းပါတယ်။ အဲဒါ သမီးရှာလို့ရတဲ့ပိုက်ဆံနဲ့ ဝယ်ကန်တော့တာနော်"

"နားကလောလိုက်တာနော်၊ အလုပ်ဖြင့်မယ်မယ်ရရဘာမှမလုပ်ရသေးဘူး။ သူရှာတဲ့ငွေဆိုပြီး မဏ္ဍပ်တိုင်တက်ပြနေတာ မင်းလွင်သမီးပီသပါပေရဲ့"

"မှန်တာပြောတာပဲ ဘိုးဘိုးရဲ့။ သမီးမုန့်ဖိုးထဲက ကန်တော့တဲ့နှစ်တိုင်း သမီးပါပါပိုက်ဆံပဲလို့ ဘိုးဘိုးပဲပြောခဲ့တာလေ။ မဟုတ်ဘူးလားလို့"

"အေးပါအေးပါ. . . ပြောစမ်းပါဦး။ သီချင်းလေးတစ်ရက်တက်ဆိုတာ ဘယ်လောက်များရခဲ့လို့လဲ"

"တကယ်ပြောရမှာလား"

"ပြောရမှာပေါ့၊ မပြောလို့ရမလား"

သမီးမျက်နှာက ပြုံးစိစိဖြစ်သွားပြီး ပါပါ့ကိုဖျတ်ခနဲကြည့်လိုက်မိ၏။ ပါပါက ဘာမှမဖြစ်သော်လည်း မာမာ့မျက်နှာက ခပ်ငယ်ငယ်။ နဂိုကတည်းက ကြည့်မရတဲ့ချွေးမကိုဖိချင်ပြောချင်နေတဲ့ကြားထဲ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူက Stage ထက် သီချင်းတက်ဆိုသည်ဆိုတော့ ဒီအမေပဲ အပြောခံရပြီး မျက်နှာပျက်ရတာမဟုတ်လား။

"ဘိုးဘိုး မဆူရဘူးနော်"

"အေးပါ"

"ဟဲဟဲ. . . ငါးသောင်းခွဲကြီးများတောင်ရတာ ဘိုးဘိုးရ"

"ဟော! ကြားလား မင်းလွင်၊ ကလေးက အတတ်ကောင်းတတ်ပြီး ငွေဘယ်လိုရှာမလဲ စမ်းသပ်နေပြီ။ မင်း့လမ်းကြောင်းမချပေးတတ်ရင် ပြဿနာဖြစ်တော့မှာ။ ငါ့မြေးကို ဒီလိုဘာမဟုတ်တဲ့ အဲဒီလိုင်းထဲတော့ အရောက်မခံနိုင်ဘူး"

"ဖေဖေ့မြေးက အပျော်ဆိုတာပါဗျာ"

"ဘာအပျော်လဲ၊ အပျော်လည်းမလိုချင်ဘူး။ မိန်းကလေးဆိုတာ ဣန္ဒြေရရနဲ့ပဲ အလုပ်လုပ်ရမှာ၊ ပန်းကလေး ကျောင်းပြီးတာနဲ့ ဘိုးဘိုးကုမ္ပဏီထဲဝင်တော့. . . ကြားလား"

"ဟုတ်ကဲ့"

"အဲဒါမှ ကုမ္ပဏီကိစ္စတွေ စောစောသင်ပေးလို့ရမှာပေါ့"

ခေါင်းမညိတ်ချင်ဘဲ ညိတ်လိုက်ရသည့်မမကိုကြည့်ပြီး ပခုံးတွန့်လိုက်မိသည်။ ဘိုးဘိုးနဲ့ဘာဘရှိနေတဲ့ကုမ္ပဏီဝင်ရမှတော့ မမရဲ့ချစ်သူ





ကြီးနဲ့ Date လုပ်ဖို့ ဘယ်လိုမှခွင်မတည့်တော့ဘူးလေ။ သနားပါဘိ မမအာသာဝတီ။

"အဲဒါဆို သမီးကရော"

"ဪ၊ ငါ့မြေးက ငယ်လည်းငယ်သေးတယ်။ ကျောင်းပြီးအောင်ပဲ အရင်တက်ပါဦး။ ပြီးတော့ ပြောထားပါရဲ့နော်။ မြေးတို့နှစ်ယောက်ကို ဘိုးဘိုးလျာထားပြီးသား ကလေးတွေရှိတယ်။ ဘိုးဘိုးမသိအောင် ရည်းစားထားမယ် မကြံလေနဲ့"

"ဟိုက်! "

"ဘာဖြစ်တာလဲ၊ ငါ့မြေးက ချစ်သူရနေပြီလား"

"ဟင့်အင်း၊ သမီးမဟုတ်ပါဘူး"

အကုန်လုံးရင်ထိတ်ကာ မျက်လုံးပြူးသွားသလို ကြီးမေရော၊ မမပါ ကွက်ခနဲမျက်နှာပျက်သွားတာကြောင့် ဘိုးဘိုး၏သံသယမျက်ဝန်းတို့က မမထံပြုကျလာလေ၏။ အမလေးနော်. . . သမီးလုပ်တာနဲ့ မမတော့ ပြဿနာဖြစ်တော့မှာပါလား။

"ဟုတ်လား မြမေ"

"မဟုတ်. . . မဟုတ်ပါဘူးဖေဖေ"

"မမက ရည်းစားထားတာမျိုး မဟုတ်ပါဘူး ဘိုးဘိုးရဲ့။ တခြား



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတွေက လိုက်ကြိုက်တာမျိုးပါ"

"ဟုတ်လား ပန်းကလေး"

မတုန်မလှုပ်ငြိမ်နေသည့်မမပခုံးကို အသာတိုက်လိုက်မိ၏။ အားလုံးကန်တော့ဖို့ တန်းစီထိုင်နေပြီမို့ သမီးနဲ့မမက ဘေးချင်းကပ်ဖြစ်နေပြီလေ။

"အေး, တခြားကောင်လေးတွေကြိုက်တယ်ပြောလည်း ပါမသွားစေနဲ့။ မိန်းမတို့ဣန္ဒြေ စိန်ရွှေငွေပေးဝယ်လို့မရဘူးတဲ့။ ဆိုစမှတ်ပြုခဲ့ကြတာကို မမေ့လေနဲ့။ မိန်းမကောင်းပန်းပန် တစ်ပွင့်တန်ဆိုသလိုပဲ ညည်းအမေလည်း ဘိုးဘိုးစကားကိုနာခံပြီး ဘိုးဘိုးပေးစားတဲ့မောင်ကောင်းခန့်နဲ့ပဲ လက်ထပ်ဖြစ်ခဲ့တာမဟုတ်လား။ ဘိုးဘိုးစီစဉ်ပေးတဲ့ အိမ်ထောင်ရေးဟာ အဆင်မပြေဘူးရယ်လို့မရှိခဲ့ဘူး။ ငါ့မြေးကို ပါရဂူကြီးရဲ့မြေးနဲ့သဘောတူထားတယ်။ အခု ဘွဲ့လွန်သွားတက်နေလို့ ဒီမှာလောလောဆယ်မရှိဘူး။ ဒေါက်တာရဲထက်ဘုန်းတဲ့။ မှတ်ထားဦး"

မမမျက်နှာလေး ငိုမဲ့မဲ့ဖြစ်သွားလေ၏။ ဟုတ်ပါရဲ့ ကိုယ်ချစ်တဲ့လူနဲ့မယူရဘဲ ကိုယ်သဘောမကျတဲ့လူနဲ့ ယူရမယ်ဆိုတာကတော့ သိပ်သဘာဝမကျသလိုပဲနော်။ သမီးအလှည့်မှာတော့ အဲဒီလိုလုပ်လို့မရပါဘူး။ သမီးက သမီးသဘောကျတဲ့လူကိုပဲ ယူကိုယူမှာ။





"မင်းလွင်"

"ခင်ဗျာ, ဖေဖေ"

"အေး, မင်းအလှည့်တုန်းက လုပ်ချင်ရာလုပ်ခဲ့ပြီးပြီ။ ငါ့မြေးအလှည့်မှာတော့မရဘူး။ ငါပြောတဲ့အတိုင်းဖြစ်မလာလို့ကတော့ မင်းရော မင်းမိန်းမပါ စဥ့်တီတုံးပေါ်မှာ လည်ပင်းတင်ထားဖို့သာပြင်"

"ကျွန်တော်ဘာလုပ်မိလို့လဲ ဖေဖေရာ"

"မင်းလုပ်ခဲ့တာ မင်းအသိဆုံးလေ။ ဒါတောင် ရီတာ လိမ္မာလို့ ငါလက်ခံတယ်မှတ်။ မဟုတ်လို့ကတော့ ငါ့အိမ်ရိပ်တောင် မင်းခိုခွင့်ရမယ် မထင်ဘူး"

ဟင်းဟင်း. . . သမီးကိုမွေးတော့မှ ပါပါတို့ကို ဘိုးဘိုးပြန်လက်ခံခဲ့တာကိုများ မသိဘူးထင်လို့။ ဘိုးဘိုးအကြောင်းကို ဒီမြေးမမှမသိရင် ဘယ်သူလာသိမှာတဲ့တုန်း။

"ငါ့မြေးငယ်ကို ဦးထွန်းခေါင်ရဲ့မြေးနဲ့ သဘောတူထားတယ်။ အဲဒီကလေးက ထွန်းကုမ္ပဏီကိုဆက်ခံရမယ့် တစ်ဦးတည်းသောသားလေး။ နာမည်က ဇေယျာဝင်းထွန်းတဲ့။ သူလည်း အခုမှ ရူပဗေဒ ပထမနှစ်တက်တုန်း"

"ဟမ်! ဇေယျာဝင်းထွန်း"



www.burmeseclassic.com

www.burmeseclassic.com



"အေး, မြေးသိလို့လား"

"အာ, ဒီဒေါက်မကျိုးတဲ့ကောင်လေးနဲ့မှ သမီးကိုသဘောတူရလား ဘိုးဘိုးရဲ့။ မမကိုကျူဆရာဝန်ဆို သမီးကို အင်ဂျင်နီယာလောက်နဲ့တော့ သဘောတူသင့်တာပေါ့လို့။ မတရားဘူး"

"ဪ, ဒင်းကပဲ အစ်မနဲ့လိုက်ယှဉ်နေသေး။ အင်ဂျင်နီယာနဲ့ဆို အသက်အများကြီးကွာသွားမှာပေါ့ ငါ့မြေးရဲ့။ အဲဒီကောင်လေးက မြေးထက် လေးလပဲကြီးတာ။ မောင်ဝင်းထွဋ်တို့မှာ ဒီသားတစ်ယောက်ကိုပဲ အမွေတွေပုံပေးစရာရှိတာကွယ့်။ ဘယ်လိုဖြစ်ပြီး ဂျိုဂျောင်ကျနေတာလဲ"

တယ်ဟုတ်တဲ့ Master Brain ပါလား။ ဦးနှောက်ထဲမှာ Calculator နဲ့တွက်သလို လိုက်တွက်နေတာတော့ ဟုတ်နေတာပဲလေ။ လက်တွေ့မှာ ဘိုးဘိုးပုံသေတွက်ထားသလိုဖြစ်မလာရင် ဘယ်နှယ့်လုပ်မလဲ။

တော်ကြာ မမရောသမီးပါ ကိုယ်ချစ်တဲ့လူနောက်လိုက်သွားရင် ဘိုးဘိုးဦးမြင့်မြတ်တစ်ယောက် သွေးတိုးတက်ပြီး ဦးနှောက်သွေးကြောတစ်ခါတည်းပြတ်သွားမှ ဒုက္ခလေ။ သမီးကလည်း အဖေတူ ပါပို့သမီးပီပီ ခေါင်းက,မာဘီသနဲ့လေ။





"သမီးက အမွေမက်တဲ့သူမှမဟုတ်ဘဲဘိုးဘိုးရဲ့။ မိဘချမ်းသာတာ သားသမီးနဲ့ဆိုင်မှမဆိုင်တာကို"

"မင်းလွင်"

"ဗျာ!"

"မင်း,သမီးပြောနေတာကြားလား။ မင်းတုန်းက ယောက်မ မြင်းစီးပြီးထွက်သွားခဲ့တာ၊ အခု မင်းရဲ့သမီးက ဘာစီးပြီးထွက်မလဲ စောင့်ကြည့်စမ်း"

"သမီးလား၊ ဟယ်ရီပေါ်တာလို တံမြက်စည်း,စီးပြီး မိုးပျံမှာပေါ့ ဘိုးဘိုးရာ"

"တယ်လေ၊ နင်တစ်ယောက်ပဲ ငါ့ကိုကလန်ကဆန်လုပ်ဝံ့တယ်လို့"

"အဲဒါ ဘိုးဘိုးရဲ့အသည်းတုံးပဲလေ"

သမီးမချိုမချဉ်မျက်နှာပေးနဲ့ ပြောတာကို မျက်စောင်းကြီးခဲလိုက်ပေမယ့် ဘိုးဘိုးမကျေမနပ်ဖြစ်မသွားတာကတော့ အသေအချာပါပဲ။ ဖေယျာဝင်းထွဋ်တဲ့။ ဒင်းနဲ့သမီးကတော့ ရေခပ်မကြဲ ထင်းခွေကြဲသလို ကျောင်းမှာဆုံကြရဦးမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"ဘယ်လို. . . နှင့်အဘိုးသဘောတူထားတဲ့လူရှိတယ် ဟုတ်လား Donut (ဒိုးနတ်)"

"ဟုတ်ပါ့"

"ဟဲ့, ဒါဆို နှင့်မှာ နံပါတ်ကြီးနဲ့ပေါ့။ ဟာဟ, ဒိုးနတ်တို့တော့ ခြေချုပ်မိပြီဟေ့"

နှစ်ယောက်သား ကပ်လျောင်နေကြတာမို့ ဟန်သီနှင့် စိမ့်စိမ့်ကို တစ်ယောက်တစ်ချက်စီ လက်မောင်းကိုရိုက်လိုက်မိ၏။ သူတို့နှစ်ကောင်နဲ့က ငယ်သူငယ်ချင်းမို့ အတွင်းသိအခင်းသိဖြစ်ပြီး သမီးနာမည် Ve-



www.burmeseclassic.com

www.burmeseclassic.com



nus ကို Donut လို့ နာမည်ပြောင်ဖျက်ခေါ်တဲ့အဆင့်ထိ တရင်းတနှီး ရှိတာလေ။

"အောင်မာ, ငါ့အဘိုးသဘောတူထားတာနဲ့ ငါက ခေါင်းညိတ်ရမလား။ ဝေးစွ"

"နင့်အဘိုးစကားကို သူ့သားသမီးတွေ အမြဲနားထောင်ရတုန်းဆို"

"အေးလေ"

"ကြီးမေကသာ နားထောင်တာပါဟယ်။ ပါပါက နားမထောင်ပါဘူး။ အဲဒါကြောင့် မာမာနဲ့ရတာပေါ့"

"ဟီဟိ. . . နင့်အဖေက လူကြမ်းလေးပေါ့လေ"

သမီးက အလယ်မှာထိုင်တာမို့ သူငယ်ချင်းနှစ်ယောက်ညှပ်ထိုင်ပြီး ပခုံးယစ်တိုက်ကြတိုင်း နာရသူဖြစ်လေသည်။ အတန်းထဲမှာ သမီးတို့ သုံးယောက်က အရပ်လည်းတူ၊ ကိုယ်လုံးလည်းတူကာ အမြွှာသုံးယောက်လို့ထင်စရာဖြစ်ပါ၏။ ဆံပင်တွေကို ခပ်တိုတိုညှပ်ထားပေမယ့် စိမ့်စိမ့်ကတော့ သုံးယောက်ထဲမှာ အချောအလှဆုံးပါပဲ။

"မမတော့ သနားပါတယ်"

"ဘာဖြစ်လို့လဲ"





"သူ့မှာ ချစ်သူရှိတယ်ဟဲ့"

"ဘယ်လို! မမဘယ်တုန်းက ချစ်သူရသွားတာလဲ"

"ငါလည်းမသိဘူးလေ၊ အဲဒီနေ့က မမကို ကြီးမေဆူနေတာမှ အကြီးအကျယ်ပဲ။ သူ့ခမျာ ဘာတစ်ခွန်းမှပြန်မပြောနိုင်ဘဲ ငြိမ်ပြီး ငုံ့ခံနေတာဟဲ့"

"သနားပါတယ်ဟယ်"

"မကြိုက်တဲ့လူက ပညာမတတ်ဘဲ ဆင်းရဲမွဲတေနေလို့လား"

"ဘယ်ကသာ, Final စရုကပဲဟဲ့"

"နာမည်ကရော ဘာတဲ့လဲ"

"မသိဘူး"

"ဟင်, နင့်ဟာကလည်း ရှားလော့ခ်ဟုမ်းလုပ်စရာမလိုအောင်ကို ညံ့ဖျင်းပါဘိ"

"ဟဲ့, ကြီးမေ ဒီလောက်ကျိန်းနေတဲ့ဟာကို ငါဘယ်လိုမေးလို့ရမှာလဲ။ ပြီးတော့ မမက နဂိုကတည်းက မြုံစိစိရယ်"

"ဒါတော့ဟုတ်တယ်၊ မမက နင်နဲ့မတူဘဲ မပွင့်တပွင့်နဲ့"

"ဟီဟိ, နင်က ဒေါ်အာကျယ်လေ"

"Bitch ! (ခွေးမ)"



www.burmeseclassic.com

www.burmeseclassic.com



ဟန်သို့ကို ပျစ်ပျစ်နှစ်နှစ်ဆဲတော့ မနာဘဲရယ်ကျဲကျဲလုပ်နေ၏။ ဒင်းတို့နဲ့သမီးက အဲဒီလိုပြောမနာဆိုမနာတွေပါလေ။

"ဘိုးဘိုးက နည်းနည်းတော့ မတရားဘူးဟ"

"ဘာကိုလဲ"

"မမကိုကျ ဒေါက်တာရဲထက်ဘုန်းနဲ့တွဲလေ၊ ငါ့ကိုတော့ အင်ဂျင်နီယာအဆင့်လောက်နဲ့ သဘောတူတယ်ဆိုဟုတ်တုတ်တုတ်။ ခုတော့ Physics က First Year တက်နေတဲ့ အကောင်အစုတ်ပလုတ်နဲ့တွဲလေ"

"အကောင်တောင်မှ အစုတ်ပလုတ်လို့ဘာဖြစ်လို့ပြောရတာလဲ"

"အေးလေ၊ နင်တွေ့ဖူးလို့လား"

"တွေ့ဖူးသပဲ"

"ဘယ်မှာတွေ့ဖူးတာလဲ၊ ကျောင်းမှာ ငါတို့က သုံးချောင်းပုံး အိကြာကွေးလို သွားနေကျဟာကို"

"နင် Physics ဆောင် ဘယ်အချိန်က သွားချောင်းသေးလဲ"

"ဘယ်တုန်းကမှ သွားမချောင်းဘူး။ ငါက ပါပွဲဆိုင်မှာ Stage ပေါ်တက်ပြီး သီချင်းဟဲတုန်းက ဒင်းတို့ငါးယောက်အုပ်စုရောက်လာပြီး လာမိတ်ဆက်လို့ မြင်ဖူးတာ"





"ဒါဆို နင့်ကိုသိတယ်ပေါ့လေ"

"အဲဒီလိုသိပုံမျိုးမဟုတ်ပါဘူး၊ ငါ့ကို အဆိုတော်ထင်ပြီး သရဖူ ဆောင်းပေးရင်း မိတ်ဆက်တာမျိုးဟ"

"ဒါဆို ဒင်းက Beer man ပေါ့လေ"

"ဟုတ်မှာပေါ့"

သုံးယောက်သား ကျိတ်ရယ်လိုက်ကြပြန်၏။ ဒီနေ့ Pratical မရှိတာမို့ အိမ်စောစောပြန်ကြရမှာလေ။ အင်း၊ မမသာပြောထားရင် Chemistry ဆောင်ရောက်တော့ မမချစ်သူကိုရှာလို့ရမှာပေါ့။

သမီးတို့ First Year တွေက အောက်ထပ်မှာပဲ စာသင်ရပြီး Final တွေက အပေါ်ထပ်တွေမှာမို့ တကူးတကတက်ရှာရဦးမှာလေ။ ပြီးတော့ အဆောင်ကလည်း လှမ်းတာမို့ အတော်လမ်းလျှောက်ရဦးမှာကိုး။

"နာမည်က ဘယ်သူလဲ"

"မသိပါဘူးဆို"

"နင်နဲ့သဘောတူတဲ့လူကိုမသိဘူးလား ငနံမရဲ့"

"ဪ၊ ဒါတော့သိတာပေါ့ဟဲ့"

"ဘာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေယျာ. . . ယျာ. . . သေဦးမယ်။ ဒင်းအပြင်မှာရောက်နေပြီ ဟဲ့"

"ဘာ! "

ဟန်သီနှင့် စိမ့်စိမ့်က ပျာယာခတ်ပြီး အခန်းပြင်ကို လှမ်းကြည့်လိုက်ကြလေ၏။ ငါးယောက်သားအလယ်မှာ ခြေနှစ်ချောင်းလိမ်ပြီး ရပ်နေသည့်သူက သမီးလှမ်းကြည့်လိုက်တာကိုမြင်တော့ လက်ထောင်ကာ လက်ညှိုးနဲ့လက်ခလယ်ကို အသာလှုပ်၍နှုတ်ဆက်ပြုံးပြလိုက်လေသည်။

"တောက်! မျက်နှာကိုက ကျောက်ကျောမှိုတက်ရုပ်နဲ့ လာပြောင်နေသေးတယ်"

"အဲဒီတစ်ယောက်လား"

"မိုက်တယ်ဟာ. . . ရေလည်နိုက်သွားမယ့်ရုပ်လေး"

"အရူးမ"

"ငါတို့နဲ့မိတ်ဆက်ပေးဟာ"

"ဘာကိစ္စမိတ်ဆက်ပေးရမှာတုန်း"

"နင်ပဲသိတယ်ဆို၊ ရုပ်လေးက သန့်တယ်ဟ၊ ပြေတီဦးလိုလို ဟိန်းဝေယံလိုလို ချောချောလေး"

"ငါက အဲဒီလိုချောတဲ့မင်းသားပုံမျိုး မကြိုက်ဘူး။ ခပ်ကြမ်းကြမ်း





နဲ့ယောကျ်ားပီသတဲ့ပုံစံမျိုးမှနိုက်တာ။ သူနဲ့သွားမိတ်ဆက်ရင် သူဘယ်သူလဲဆိုတာ ငါသိနေမှန်း သူရိပ်မိသွားမှာပေါ့။ အောက်က အောက်နဲ့ နင်တို့တောင်းဆိုတာကို ပယ်တယ်"

"နင်ကလည်း ငါ့အစ်ကိုရှေ့နေလေသံမျိုးနဲ့ ပြောပြန်ပါပြီ"

Class မတက်ဘဲ အတန်းပြင် Corrider မှာ ရပ်နေကြသည့် သူတို့အုပ်စုကို အမြင်ကပ်နေမိ၏။ သမီးတို့ သချ်ာကျောင်းသူတွေက Minor ရော Major ပါ လွတ်လို့မရဘဲ အချိန်စေ့တက်ရတာပင်။ Major ဘာသာက Tutorial Lab တွေကို စာသင်ပြီးတာနဲ့ ဖြေရတာမို့ လစ်ချိန်မရှိ၊ မြန်မာရော အင်္ဂလိပ်ပါ အသင်အပြကောင်းသည့်ဆရာမတွေမို့ တက်ဖြစ်တာပင်။ ဒီတစ်နှစ်တည်း Chemistry ပါတာမို့ မမတို့ အဆောင်ကို Pratical ချိန်ကူးလို့ရမှာလေ။

"Physics အုပ်တွေ ငါတို့လောက် သချ်ာမတော်ဘူးတဲ့။ ငါ ကြားတယ်"

"သူတို့ယူတဲ့ Physics လည်း ခက်တာပါပဲဟယ်"

"အဲဒါတောင် ဒင်းတို့ ဒီလိုလာလှည့်သေးတယ်နော်၊ အံ့ပါရဲ့"

"နေပါစေ၊ ကျောင်းတက်ရင် Physics ချိန် မဟုတ်လား။ သူတို့ကိုသင်တဲ့ဆရာကြီး ကောလွှတ်လိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟီဟိ. . . ဟုတ်ပါရဲ့"

ပြောလို့မှမဆုံးသေးခင် အခန်းပြင်ဘက်မှ ဆရာ့အသံသြသြကြီး ကြားရပြီး သူတို့အုပ်စု တစ်ချိုးတည်းလစ်သွားကြလေ၏။

"မမ,ကျောင်းတက်တာမဟုတ်လား"

"အင်း"

"ဒါနဲ့များ နင့်ကြီးမေက ဆုသလေးဘာလေးနဲ့"

"ဆုတာက ဆုတာပဲလေ၊ အခုလည်း ကားပေါ်မှာ သူပါလာပြီး လိုက်စောင့်လားမှမသိတဲ့ဟာ"

"ဟယ်,မမတော့ ဒုက္ခပဲ"

"မမကိုက ကြောက်လွန်းတာပါဟယ်။ ငါ့ကို အဲဒီလိုလိုက်ပြီး မူလီကျပ်လို့ကတော့ ငါက မရရအောင်ကို သူ့နောက်လိုက်သွားမှာ"

"ဘာလဲ, ဖေယျာ့နောက်လား"

"သူ့နောက်ကို နင်တို့နှစ်ကောင်ပဲ လိုက်သွားကြ"

"ဟဲ့, ငါတို့ကနှစ်ယောက်၊ သူကတစ်ယောက်ဆိုတော့ ဘယ်လို အဝေတည့်ပါ့မလဲ"

"ဒါဆိုလည်း သူ့ကိုနှစ်ခြမ်းခြမ်းပြီး တစ်ယောက်တစ်ခြမ်းဝေယူ ကွယ်"





သုံးယောက်သားကျိတ်ရယ်မိစဉ် Physics ဆရာကြီးက မျက်မှန်ကို လက်ညှိုးဖြင့်အသာချကာ လှမ်းစိုက်ကြည့်လိုက်တာမို့ ငြိမ်လိုက်ကြရပါသည်။

နောက်ဆုံးချိန်တက်အပြီးမှာ ပြန်ရန်ပြင်ဆင်ကြပါ၏။ တခြားကောင်မလေးတွေ မိတ်ကပ်ဘူးဖွင့်တာ၊ မှန်ကြည့်တာ၊ Puff ရိုက်တာတို့ကိုလိုက်လျောင်ကာ စနေမိသည်။ စားပွဲပေါ်မှ စာရေးကိရိယာတွေကို ကျောပိုးအိတ်ထဲ ထည့်သိမ်းပြီးစဉ် ရှေ့တန်းမှကောင်မလေးတွေ၏ ခပ်ချွဲချွဲအသံတွေ ထွက်လာလေ၏။

"ဟယ်, Physics King အဖွဲ့ လာတယ်ဟဲ့"

"ဟုတ်ပ့ါဟယ်၊ ဖေယျာဝင်းထွဋ်အစစ်ပဲ"

"ချောလိုက်တာနော်"

သမီးတို့သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မအောင့်နိုင်တော့ဘဲ ဝါးခနဲရယ်လိုက်မိသည်။

အလိုလေး! သမီးကို ဘိုးဘိုးတွဲပေးမယ့်လူက Physics Major က နာမည်ကြီးဖြစ်နေတာကိုး။ ကောင်လေးတွေကို စိတ်မဝင်စားဘဲ ဂျလောင်းကျလေ့ရှိနေတာကြောင့် ဒီတစ်ကွက်တော့ သမီးတို့အုပ်စု ညံ့သွားရချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်သူ့ကိုလာစောင့်တာလဲ"

"မသိဘူးလေ"

သို့လောသို့လောထင်မြင်ချက်တွေကြောင့် အခန်းပြင်ထွက်ရန် ခြေလှမ်းက တုံ့ခနဲရပ်သွားမိ၏။ ဒင်း လာစကားပြောတာနဲ့ သမီးနာမည် အချောင်ကြီးရဦးမှာလေ။

"စိမ့်"

"ဘာတုန်း"

"နင်အရင်ထွက်"

"ဘာလဲဟ၊ အတူတူထွက်မယ့်ဟာကို"

"နင်မသိပါဘူး။ နင့်နောက်မှာ ဟန်သီပါလာလိမ့်မယ်။ ရှေ့ပေါက်ကပဲ ထွက်"

"ဘာကြီးလဲဟာ"

လူအုပ်ကြားထဲမှ စိမ့်စိမ့်ထွက်လာတော့ သူ့ခန္ဓာကိုယ်ကို မတ်လိုက်လေ၏။ မျက်လုံးများကလည်း အပြေးအလွှားရှာဖွေနေပါသည်။ နောက်ပေါက်ကို EC ဂလန့်ထိုးရန်ပြင်တော့ အမြန်တားလိုက်ရလေ၏။ လူနည်းနည်းကျဲသွားချိန်မှာ ဟန်သီ ထွက်သွားလေသည်။

"ရပြီ၊ ပိတ်လိုက်တော့"





နောက်ပေါက်မှ လှစ်ခနဲထွက်ကာ ဘေးပေါက်တံခါးဘက် ချိုးလိုက်စဉ် စိမ့်စိမ့်တို့ထံမှ အော်ခေါ်သံထွက်လာလေတော့၏။

"ဟယ်, ဒိုးနတ်"

ဘေးဘက် Corridor တံခါးမှထွက်စဉ် နောက်မှတဖတ်ဖတ်ပြေးလာသည့်ခြေသံတွေကို ကြားလိုက်ရလေသည်။ ဒီနှစ်ကောင်ကတော့ မတိုင်ပင်ဘဲ ဘာမှလုပ်လို့မရပါလားနော်။ သူတို့အလယ်ပေါက်က ဟန်မပျက်ထွက်ပြီး သမီးနဲ့ ဂိတ်မှာဆုံမယ့်ဟာကိုပဲ။

နှစ်ယောက်သား သမီးလက်မောင်းကို ဟိုဘက်ဒီဘက်လာဆွဲလိုက်သဖြင့် စိတ်တိုသွားရပါသည်။ အလကားမိန်းမတွေ. . . အသုံးကို မကျဘူး။

"နင့်ကိုမေးနေတယ်"

"ဘယ်သူလဲ"

"ဖေယျာဝင်းထွဋ်"

"အဲဒါမသိဘူးလို့ ပြောလိုက်ပါလား"

"အဲဒီလိုပြောမလို့ပဲလေ၊ နင်နောက်ပေါက်ကထွက်တာ မြင်တာနဲ့ ငါတို့လှမ်းအော်လို့ သိသွားပြီ"

"အသုံးမှမကျတာ"



www.burmeseclassic.com

www.burmeseclassic.com

ရယ်သံသဲ့သဲ့ကို နောက်မှကြားလိုက်ရသဖြင့် ဆတ်ခနဲလှည့်ကြည့်လိုက်မိသည်။ အလိုလေး! ဒင်းတို့အုပ်စု တကယ်ပဲလိုက်လာတာပါလား။ ဒီလမ်းကလျှောက်ရင် အဆောင်ကိုပတ်ပြီးမှ ကားဂိတ်ကိုရောက်မှာလေ။

သူ့နှုတ်ခမ်းထက်မှ မထီတရီအပြုံးကိုမြင်လိုက်ရသဖြင့် မျက်စောင်းကိုသာ ခဲလိုက်မိလေ၏။ အမြင်ကပ်လိုက်တာနော်။



## အခန်း (၅)

"သမီးလား"

"ဟုတ်"

Phone ထဲမှာ မမအသံက တိုးသဲ့သဲ့မျှသာ၊ ဘာများဖြစ်လို့ပါလိမ့်။ ပြဿနာဖြစ်ရင်တော့ ကြီးမေတစ်ယောက် မယ်ဝဏ္ဏရွှီင်းနဲ့ ထကတော့မှာလေ။

"မမကို. . . မမကို"

"ဘာဖြစ်လို့လဲဟင်"

"မမကို ဘိုးဘိုးရဲ့အိမ်မှာ သွားထားတော့မှာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"ဘိုးဘိုး. . . ဘိုးဘိုးသိသွားပြီ"

"ဟယ်လို. . . ဟယ်လို မမ"

Phone က ကျသွားချေပြီ။ ဘယ်ကနေဘယ်လိုနည်းနဲ့ မမကိစ္စကို ဘိုးဘိုးသိသွားရတာပါလဲ။ အကျိုးအကြောင်း ဘာမှသေချာမသိရပါဘဲ Phone ချသွားတာမို့ မမအတော်လေး တုန်လှုပ်နေပြီမှန်းသိလိုက်ပါ၏။ ဒုက္ခပဲ၊ ဒီနေ့ Chemistry Pratical ရှိတာမို့ မမကိုသွားရှာပြီး မေးဖို့ကြံရွယ်ထားပါတယ်ဆိုမှပဲ။ ကျောင်းတောင်မှ ဆက်တက်ခွင့်ရပါ့ရဲ့လား"

"ဒေါက်! ဒေါက်!"

"သမီး နိုးနေပြီလား"

"Yes, mom"

"ဒါဆိုလည်း ထွက်လာတော့လေ၊ breakfast စားရအောင်"

"ဟုတ်"

အိပ်ရာထဲမှ လူးလဲထလိုက်ပြီး ရေတစ်ခါတည်းချိုး၊ သွားတိုက်ပြီး အဝတ်လဲလိုက်ပါသည်။ မနက် (၇)နာရီတောင် ခွဲနေပြီပဲ၊ အပေါ်ထပ်မှဆင်းလာတော့ ပါပါရောမာမာပါ မျက်နှာသိပ်မကောင်းတာကို သတိ





ထားမိသွားရပါ၏။

"မာ"

"ပြော"

"မမ ခုန Phone ဆက်တယ်"

"ဘာတဲ့လဲ"

"မမရည်းစားထားတဲ့ကိစ္စ ဘိုးဘိုးသိသွားပြီတဲ့"

"အင်း၊ မမကြီးတားနေပါလျက်နဲ့ ပန်းကလေးက ရှေ့ဆက်တိုးတာကိုး သမီးရဲ့"

"ဘာကိုလဲဟင်"

"ဖေဖေစုံစမ်းခိုင်းတဲ့လူဆီကနေ သူတို့နှစ်ယောက် ကျောင်းမှာ Class လစ်ပြီး ချိန်းတာကို တည့်တည့်ကြီးမိသွားလို့ ဘာမှလုပ်လို့မရတော့ဘူးတဲ့၊ သမီးမမကို ဖေဖေ့အိမ်မှာ သော့ပိတ်ထားတော့မှာတဲ့လေ"

"ပါပါ့ကို၊ ကြီးမေပြောပြတာလား"

"အေး"

"ဒါတော့ ဘိုးဘိုးမတရားတာပဲ၊ လူငယ်တွေဘာသာဘာဝကိစ္စကို ဒီလိုကြီးပိတ်ပင်စရာလား။ သမီးသာဆို ထကြွသောင်းကျန်းပစ်လိုက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ပါ့. . . သိပ်ပါ့, ညည်းလေးက ဖအေတူသမီးမှန်း"

"မာလည်း ပါပါ့ကို ဒါကြောင့်ချစ်တာပဲမဟုတ်လားလို့"

မာမာက သမီးကိုမျက်စောင်းခဲလိုက်ပေမယ့် နှုတ်ခမ်းဖျားက တော့ ပြုံးနေပါ၏။ သနားလိုက်တာနော်၊ ရည်းစားထားမိတာအပြစ်လား။ နောက်ဆုံးနှစ်ပဲရောက်နေပြီ၊ အပျော်သက်သက်ပဲဖြစ်ဖြစ် နားလည်မှု လေးတော့ ပေးသင့်တာပေါ့နော်။

သမီးသာဆို အာပြဲကြီးနဲ့အော်ငိုမိမယ်ထင်ပါရဲ့။ အခန်းထဲထည့် ပိတ်ခံရတာလောက် ခံရခက်တာမရှိတော့။ ကြက်ကလေးငှက်ကလေး မှမဟုတ်တာဘဲ၊ လူငယ်တွေရဲ့လွတ်လပ်ခွင့်ကို ပိတ်ပင်ချင်တာ ဘိုးဘိုး ဘက်က လွန်တယ်လို့ပဲ သမီးယူဆချင်ပါသည်။

"မမ ကျောင်းတောင်မှတက်ရရဲ့လား"

"မပြောတတ်ဘူး။ စာမေးပွဲတော့ နောက်ဆုံးမို့ ပေးဖြေမယ်ထင် တာပဲ"

"သမီးကလည်း ပါပါတို့ကြိုပြောထားတယ်နော်.. လူကြီးတွေ မသိတဲ့ကိစ္စမျိုး မလုပ်မိပါစေနဲ့။ နောက်မှ ပြဿနာကြီးသွားရင် ပါပါ တို့ ရှင်းမပေးနိုင်တော့ဘူး"

"ဟုတ်တယ်၊ သမီးသဘောကျတဲ့ကောင်လေးကိုတွေ့ရင် မာမာ





တို့ရှေ့ကို ခေါ်သာခေါ်ခဲ့"

သမီး ပြုံးစိစိဖြစ်သွားရပါ၏။ ရည်းစားထားမယ့်ကိစ္စကို သူငယ် ချင်းတွေနဲ့မတိုင်ပင်ရဘဲ မိဘတွေနဲ့ တိုင်ပင်ရမယ်တဲ့လေ။ ရယ်စရာ မကောင်းဘူးလား။ သမီးမိဘတွေက ဒီလိုဒီလိုပွင့်လင်းလွန်းတာပါ။

"ဒါဆို သမီးအဖြေမပေးရသေးခင် မာတို့က အရင်ဆုံးတွေ့ကြည့် မယ်ပေါ့။ အဲဒီလိုလား"

"ဒါပေါ့"

"Right..."

"ဒါနဲ့ ဟိုကောင်လေးရော၊ သမီးတွေ့ဖူးပြီပြီလား။ ဖေဖေပြောတဲ့ တစ်ယောက်လေ"

"တွေ့ပါ့၊ Corridor မှာ တစ်နေ့တစ်နေ့ လာရပ်နေတာ မမြင် ချင်မှအဆုံး။ မျက်စိစပါးမွေးတောင် စူးလှပြီ"

"ကောင်လေးက မချောလို့လား။ Sweety ရဲ့"

"ချောတာ ဘာလုပ်ရမှာလဲ မာရဲ့။ သမီးက ချောတဲ့ယောကျ်ား လေးမျိုးကို သဘောမကျပါဘူး"

"ဒါဖြင့် ပါပါ့လိုခပ်မိုက်မိုက် Style မျိုးပဲ ကြိုက်တာပေါ့လေ"

"ကြည့်. ကလေးရှေ့မှာ ပြောတော့မယ်။ ပေါက်တတ်ကရ"



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ် ရယ်လိုက်မိကြ၏။ သမီးတို့မိသားစုက သားအမိ သားအဖပုံစံထက် သူငယ်ချင်းတွေလိုမျိုး ပွင့်လင်းစွာပြောဆိုလေ့ရှိတာလေ။

"မမ, ဖယ်ရီရောက်ပါပြီ"

"ဟုတ်လား။ ဒါဆို သမီးသွားပြီ ပါနဲ့မာ။ ဒီနေ့ Pratical ရှိလို့ နည်းနည်းနောက်ကျမယ်နော်"

"OK..."

ပါပါနှင့်မာမာ့ပါးပြင်ကို တစ်ဖက်စီမွှေးလိုက်ပြီးမှ ကျောပိုးအိတ်ကောက်လွယ်ကာ အိမ်ရှေ့ကိုပြေးထွက်ခဲ့ပါ၏။ လမ်းထဲမှ First Year တက်သည့် ကျောင်းသားကျောင်းသူ (၁၀)ယောက်လောက်ကိုစုပြီး ငှားထားသည့်ဖယ်ရီက ခြံရှေ့မှာ ရပ်ထားလေသည်။

"ဘာလို့နောက်ကျနေတာလဲ၊ ခါတိုင်းလိုထွက်စောင့်မနေဘူး"

"Sorry... အိမ်မှာ ကိစ္စတစ်ခု အရေးတကြီးတိုင်ပင်နေလို့"

"ဘာလဲ, နင်နဲ့ဖေယျာတို့ Engage လုပ်ပေးတော့မယ့်ကိစ္စလား"

"နင့်ဘကြီးနဲ့စေ့စပ်မှာဟယ်၊ ကဲ,တော်ပြီ၊ ကျောင်းရောက်မှပဲ ပြောပြမယ်"





ဖယ်ရီပေါ်မှာမို့ မမကိစ္စကို လူမသိစေချင်သဖြင့် ဟန်သီတို့ကို နှုတ်ပိတ်ခိုင်းလိုက်ရပါ၏။ ပြေးကြည့်မှ ရှားရှားပါးပါး ညီအစ်မလေး နှစ်ယောက်ရှိတာမို့ အခုလို မမအထိန်းအချုပ်ခံလိုက်ရတာကို စိတ်မကောင်းဖြစ်ရပါသည်။ သမီးနဲ့မမချစ်ကြတာကို ဘိုးဘိုးနဲ့ဘွားလေးတို့ မောင်နှမချစ်ခြင်းကို မီနိုင်ပါရဲ့လား။ ကျွတ်! ဘယ်လိုဖြစ်ပြီး ဒီအတွေးက ဝင်လာပါလိမ့်နော်။

အတန်းထဲရောက်တော့မှ တိုးတိုးတိတ်တိတ်ပြောပြတော့ သူငယ်ချင်းနှစ်ဦးက တအံ့တသြဖြစ်လေ၏။

"ဒါဆို မမကိုကျောင်းထုတ်လိုက်ပြီလားဟင်"

"မပြောတတ်ဘူး။ ဒီနေ့နားချိန်မှာ သွားရှာကြည့်မှပဲသိမယ်"

"မမအခန်းကို နင်သိလား"

"Section B ပါဟယ်၊ သိတာပေါ့"

"အဲဒါတော့ နင့်အဘိုးမကောင်းတာဘဲ"

"အေးလေ, အသက်(၂၀)ပဲ ရှိနေပြီ၊ ချစ်သူရှိတာ အပြစ်လား"

"ချစ်သူထားတာက အပြစ်(၂)ဟဲ့"

"ဒါဆို အပြစ် (၁)က ဘာလဲ"

"သူသဘောတူထားပါလျက်နဲ့ ချစ်သူထားလို့ အပြစ်(၂)ဖြစ်တာ။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်(၁)ကတော့ သူ့ရန်သူရဲ့မြေးနဲ့ သွားကြိုက်လို့တဲ့"

"သူ့ရန်သူဆိုတော့. . . ရည်းစားလုဘက်ကိုပြောတာလားဟင် Donut "

"မဟုတ်ဘူး။ အဲဒီရာဇဝင်က နည်းနည်းတော့ရှုပ်တယ်"

"ဘာတဲ့တုန်း"

သိချင်သည့်အာသီသတွေ ပြင်းနေတာမို့ Grammar တွေ သင်ပေးနေသည့် English minor teacher သင်ပေးနေတာကိုပင် စိတ်မဝင်စားတော့ပေ။ ကျောက်သင်ပုန်းထက် ရေးပေးသည့် Question တွေကိုသာ အမြန်ကူးပြီး အိမ်စာပြန်လုပ်ရန် အကြွေးတင်လေ၏။

"ဘွားလေးနဲ့ သူ့အဘိုးလေးနဲ့ ကြိုက်တယ်ဆိုလား. . ငါလည်း သေချာမသိပါဘူးဟယ်. . . သူ့အဘိုးလေး ဓေ့စပ်တဲ့နေ့မှာ ငါ့ဘွားလေးက ဦးနှောက်သွေးခဲပြီးသေတာက အဓိကပြဿနာပေါ့"

"ဟယ်! "

"ဘိုးဘိုးမှာက ဘွားလေးတစ်ယောက်ပဲ ညီမလေးရှိတာမို့ သိပ်ချစ်ခဲ့တာတဲ့။ သူချစ်တဲ့ညီမသေရတာ အဲဒီလူကြောင့်ဆိုပြီး အငြိုးထားခဲ့တာတဲ့လေ။ ကြီးမေနဲ့ ပါပါ့ကို ဒီအကြောင်းတွေပြောထားပေမယ့် ပါပါကတော့ တိုက်ဆိုင်မှုကြောင့်ဆိုပြီး စိတ်ထဲမှတ်မထားခဲ့ဘူး"





"ဒါဆို မမချစ်သူက အဲဒီလူရဲ့မြေးဖြစ်မှန်း နင့်အဘိုး ဘယ်လိုသိလဲ"

"ဒါတော့ သူစုံစမ်းထားလို့ သိတာပေါ့။ အဲဒီလူရဲ့ရာဇဝင်ကို အစအဆုံးမှတ်ထားသလားမှမသိဘဲ"

"Donut... နင့်လူ အပြင်မှာရောက်နေပြီ"

စိမ့်စိမ့်က သမီးပေါင်ကို အသာပုတ်၍ သတိပေးလိုက်လေ၏။ တောက်! ဒင်းတော့ Class မတက်ဘဲ စောစောစီးစီးရောက်လာပြန်ပါရောလား။ အတော့်ကို အားချိန်များနေတယ်ထင်ပါရဲ့။ ဒင်းရောက်လာရင် အခန်းထဲက ကောင်မလေးတွေတော်တော်များများ ရှုစီရှုစီနဲ့ ကျွတ်စီကျွတ်စီတွေဖြစ်ကုန်တာလေ။

"အမယ်. ဒီတစ်ခါ သူ့လက်ထဲမှာ နှင်းဆီဖြူလေးတစ်ပွင့် ကိုင်လာတာပါလား"

"သွားကြည့်မနေနဲ့လေ၊ တော်ကြာ ဒင်းကိုစိတ်ဝင်စားတယ်ထင်ပြီး ဘဝင်လေဟပ်နေဦးမယ်"

သူက ပြတင်းပေါက်မှ လှမ်းကြည့်နေရာက ဘာစိတ်ကူးပေါက်လာသည်မသိ။ ပြတင်းဘောင်ခုံမှာ ထိုင်နေသည့်ကောင်လေးကို နှင်းဆီပွင့်လေး လှမ်းပေးကာ တီးတိုးပြောလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . ."

ထိုကောင်လေးက ဘေးမှတစ်ယောက်ကို တစ်ဆင့်ပေးလိုက်လေ၏။ ထိုကောင်လေးပြီးတော့ နောက်တစ်ယောက် ထိုမှတစ်ဆင့် နောက်တန်းမှ ကောင်မလေးဆီ။ ထိုကောင်မလေးဆီမှ စိမ့်စိမ့်လက်ထဲ ပန်းပွင့်လေး ရောက်လာလေ၏။

"Venus အတွက်တဲ့၊ Physics King ပေးခိုင်းလိုက်တာ"

"သေစမ်း!"

စိမ့်စိမ့်က သမိုးစာအုပ်ထက်မှာ ပန်းပွင့်လေးကို အသာတင်ပေးလိုက်လေ၏။ တတ်လည်းတတ်နိုင်ပါရဲ့။ စာသင်နေချိန်မှန်းသိပါလျက် အခုလိုလုပ်တာ အပိုင်ပေါ့လေ။ ငါနော်၊ ဒင်းပေးတာကို စိတ်ရှိလက်ရှိ တစ်စစီခြွေပြီး ချေလိုက်ရ မကောင်းဖြစ်တော့မှာပဲ။

"အဲဒါဘာသဘောလဲဟင်၊ ဒိုးနတ်"

"ပြေရာပြေကြောင်းတောင်းပန်ပြတာနေမှာပေါ့ဟာ"

"ဟဲ့, တောင်းပန်ရလောက်အောင် သူက ဘာအပြစ်များ ကျူးလွန်ထားဖူးလို့လဲ"

"တိတ်တိတ်နေကြစမ်းပါဟာ၊ ဒီမှာ စာကူးတာ မမီဘဲဖြစ်တော့မယ်။ ငါတော့ ညအိပ်ချိန်နောက်ကျပါပြီ၊ အဲဒါ ဒင်းကြောင့်"





"ဟင်, ဘာမှလည်းမဆိုင်ဘူး။ နင်ပြောနေတာ နင့်အဘွားလေးအကြောင်းလေ"

"အေးလေ, ကုလားမနိုင် ရှိုင်မဲတဲ့မိန်းမ"

"မသိဘူး။ ဘွားလေးနဲ့ပတ်သက်တဲ့ဘိုးဘိုးက ဒင်းနဲ့ငါ့ကိုလာဆက်နွယ်ပေးချင်နေတာမို့ ဒင်းနဲ့လည်းဆိုင်တယ်။ နေနှင့်ဦး။ Physics King ကို မီးနဲ့ကိုဖုတ်စားပစ်ဦးမယ်"

"အားပါး. . . ကြောက်စရာကြီးပါလား"

သုံးယောက်သား ကျိတ်ရယ်လိုက်မိကြ၏။ ကျောက်သင်ပုန်းက စာတွေကူးလို့မပြီးသေးခင် Teacher က အရင်နှုတ်ဆက်လိုက်သဖြင့် ကမန်းကတမ်းသိမ်းကျုံးပြီး အမြန်ထလိုက်ရသည်။

"Good bye class"

"Good bye teacher"

"See you next week"

"Thanks teacher"

နောက်တစ်ချိန် Paper one ဘာသာမို့ Text ရော ဗလာစာအုပ်ပါ အဆင့်သင့်ထုတ်လိုက်ရပါ၏။ ခုချိန်ထိ အခန်းပြင်မှာ ရပ်နေဆဲဖြစ်သည့်သူ့ကို ဖျတ်ခနဲလှမ်းကြည့်မိစဉ် သမီးကို လက်လှမ်းပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချိန်နှင့် တိုးသွားကြ၏။ အရှး. . .

မကျေမနပ်ဖြင့် စိတ်ထဲမှရေရွတ်လိုက်ပြီး မျက်နှာကိုစူပုပ်ထား လိုက်မိတော့သည်။

ကြည့်မရဘူး ဖေယျာဝင်းထွင့်ရေ့. . .



## အခန်း (၈)

"ဘယ်မှာစားမှာလဲ"

"Chemistry ဆောင်နားက Canteen မှာပဲ စားကြမယ်။ Pratical ချိန်. မီအောင်လို့"

"ဒါဆို မြန်မာစာအချိန် နင်လွှတ်မလို့လား"

"အင်း. ပြီးမှ ငြိမ်းသူ့ဆီကမေးပြီး ပြန်ကူးကြတာပေါ့"

"ဖြစ်တာပဲ"

စာအုပ်တွေသိမ်းပြီး အတန်းထဲမှထွက်တော့ သူတို့ငါးယောက် အုပ်က နောက်မှပါလာလေ၏။ ဒင်းတော့ ဒီနေ့တစ်နေ့လုံး အတန်းလစ်



www.burmeseclassic.com

www.burmeseclassic.com



တာပါလား။

"ဒိုးနုတ်လေး"

ကြည့်စမ်း! သမီးရဲ့နာမည်ပြောင်ကို ဘယ်အချိန်က သိသွားတာပါလိမ့်။ ဪ, ဟုတ်သားပဲ၊ ဟိုတစ်နေ့က မိစိမ့်တို့အသံပြဲကြီးနဲ့ ကျိုးအော်တုန်း သူသိသွားတာပဲ၊ နားကလည်း ပါးပ့ါ။ ခပ်တည်တည်နဲ့ သမီးဘေးကိုကပ်လျှောက်ပြီး လိုက်လာတာမို့ မိုက်ကြည့်ကြည့်လိုက်မိလေ၏။ နင်တော့ ငါ့လက်နဲ့အတော်နီးနေပြီ ဖေယျာရေ။

"ဒိုးနုတ်"

"နေစမ်းပါဦး။ ဒီနာမည်ကို နင်ခေါ်ခွင့်မရှိပါဘူး။ ငါ့ကိုဘာလို့ခေါ်နေရတာလဲ"

"ခင်ချင်လို့ပါ"

"ခင်တာကြိုက်ရင် ဂုံလျှော်စက်ရုံကိုသွား။ ချဉ်တာကြိုက်ရင် ရှောက်သီးသုပ် ဝယ်စားချေ"

"ဒိုးနုတ်ကလည်းကွာ၊ ကိုယ့်ကိုဆက်ဆံတာ ကုန်စိမ်းကားကြီးပေါ်က ဆလပ်ရွက်ကြီးအတိုင်းပါပဲလား"

"ဘာ!"

"ဟုတ်တယ်လေ၊ ဆလပ်ရွက်က စိမ်းစိမ်းနဲ့ကားကားကြီးမဟုတ်





လား"

ကျန်လေးယောက်၏ 'အုံး' ခနဲရယ်သံနှင့်အတူ ဟန်သီနှင့် စိမ့်စိမ့်ပါ 'ခွီး' ခနဲရယ်တော့ သမီးမျက်နှာ အတော်တင်းသွားရပါ၏။ တကယ်လာတဲ့ကောင်ပါပဲလား။ သမီးတို့အုပ်စု ခပ်လှောင်လှောင်နေလေ့ရှိတာကို အတော်လေ့လာထားတယ်ထင်ပါရဲ့။

"ငါက အရွက်တကာ့အရွက်ထဲမှာ အဲဒီစပ်ဖျင်းဖျင်းအရသာပဲရှိတဲ့ဆလပ်ရွက်ကို အမုန်းဆုံးပဲသိလား။ နင့်ဖာသာနင် အကြော်နဲ့လုံးပြီး ဝါးစားချေ။ လိုက်ရှုပ်မနေနဲ့.. ဒါပဲ"

"ဟာကွာ. . . ဒိုးနုတ်ကလည်း မီးပွိုင့်ကမီးဝါလို ကိုယ့်ကိုသတိချည်း စွတ်ပေးမနေနဲ့လေကွာ"

"အဲဒီမီးဝါကိုဖြတ်မောင်းရင် နင်ဒဏ်ရိုက်ခံရမှာကိုသိတယ်နော်။ အဆင်မသင့်ရင် Accident တောင်ဖြစ်နိုင်တယ် ဖေယျာဝင်းထွန်းရဲ့"

"အခုလိုသတိပေးတဲ့အတွက်ရော၊ ကိုယ့်နာမည်ကိုပါ မှတ်ထားတဲ့အတွက် Thanks... ပါ"

သေစမ်း! ဒီပါးစပ်က ဘယ်လိုဖြစ်ပြီး ဒင်းရှေ့မှာမှ ဒီနာမည်ကို ရွတ်လိုက်မိတာပါလိမ့်။ Chemistry ဆောင်က Physics ဆောင်ကို ဖြတ်ပြီးမှရောက်မှာမို့ အတော်ဝေးဝေးအထိ လျှောက်ရမှာလေ။ ဒင်းတို့



www.burmeseclassic.com

www.burmeseclassic.com



အုပ်စု ဒီလိုတကောက်ကောက်လိုက်နေပုံနဲ့ သမီးတော့ နာမည်ထွက်တော့မှာပါပဲလား။

"အောင်မာ, ငါက နာမည်ကိုမှတ်ထားတာမဟုတ်ဘူးဟဲ့ အတန်းထဲက ကောင်မလေးတွေ သည်းသည်းလှုပ်ရှတ်နေတာ နားမဆံ့အောင်ပဲမို့ သိနေတာ"

"ဒါက ၂ ဝင်တာပေါ့လေ၊ စိတ်ချပါ။ ကိုယ်က မင်းဆိုတဲ့သီချင်းထဲကလို မဒီလေးတစ်ဖက်သုံးယောက်တွဲပြီး နတ်သမီးခြောက်ဖော်နဲ့ အပျော်မကျူးပါဘူး။ ဒီရင်ထဲ မင်းမှမင်းပါ"

"ကြည်စမ်း! လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့ လုံးဝစိတ်မဝင်စားဘူး"

"မင်းရဲ့ဆိတ်ကလေးဝင်ပြီး စားချင်အောင် ကိုယ့်ရင်ခွင်မြက်ခင်းကျယ်ကြီးက စိမ်းလန်းစိုပြည်နေတာပါကွာ"

ဘေးမှဖြတ်သွားသည့် ကောင်မလေးအုပ်စုထံမှပါ ရယ်သံတွေထွက်လာလေ၏။ အလို! ဒင်းက သမီးတို့ထက်တောင်မှ အတော်မျက်နှာပြောင်နေပါရောလားလေ။

"ဒီမှာ ဖေယျာ"

"ဗျာ"





"အနောက်အရပ်က နေထွက်ရင်တောင်မှ နင့်ကို ငါလုံးဝစိတ်မကူးဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်။ နတ်သမီးကြိုက်တဲ့ Style မျိုးနင့်မှာ ဘာတစ်ခုမှမရှိဘူး။ ကြိုးစားရင်လည်း.. နင်ရမယ့်ဒိုးပြားကအကောင်းဖြစ်မှာမဟုတ်ဘူး။ မောရုံပဲရှိမယ်"

"Venus ကလည်းကွာ၊ အဲဒီလိုပစ်ပစ်ခါခါကြီးတော့မပြောလိုက်ပါနဲ့။ ကိုယ်ချစ်တဲ့မိန်းကလေးကို ဘယ်ယောကျ်ားလေးမဆို ကြိုးစားခွင့်ရှိမှန်း မင်းသိမှာပါ"

"ဒါဆိုလည်း တခြားမိန်းကလေးတွေကိုပဲ ကြိုးစားလိုက်ပါဖေယျာ၊ နင့်အချိန်တွေကို နင်နှမြောတတ်ရင်ပေါ့၊ ဟုတ်ပြီလား"

"No, no... ကိုယ့်ရင်ထဲမှာ မင်းကိုထိုင်ဖို့နေရာပေးထားပြီးသားမို့ တခြားမိန်းကလေးတွေကို မျက်စိနဲ့မမြင်တော့ဘူးလေ၊ ယုံပါ"

"ယုန်ပါရင် ချက်စားလိုက်ဟယ်၊ ကဲ"

ရပ်ပြောနေရာမှ ဆတ်ခနဲလှည့်ထွက်လာခဲ့၏။ ဒင်းတို့ Canteen... အထိ လိုက်ထိုင်ရင်တော့ ပြဿနာပါပဲ၊ သမီးက အစားအသောက်စားရင် နားအေးပါးအေးနဲ့ အနှောက်အယှက်ကင်းတာမျိုးမှ သဘောကျတာလေ။

"နင်တို့နှစ်ကောင်က ရယ်ပဲရယ်မနေနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲဟဲ့"

"နည်းနည်းပါးပါး ဝိုင်းကူပြောပေးမယ်မရှိဘူး။ ငါတစ်ယောက်တည်း ဒိုင်ခံပြောနေရတာ အာပေါက်နေပြီ။ ခုစားတဲ့ဝိုင်း နင်တို့ရှင်းဒါပဲ"

"ဟင်, ဘာမှလည်းမဆိုင်ဘူး"

"အေးပါ၊ နင့်လူကြီး ဝင်ရှင်းပေးရင်တော့ ငါတို့မသိဘူးနော်"

"အောင်မာ, ဘာ ငါ့လူကြီးလဲ၊ သူ့ကို နှစ်ခြမ်းခွဲပြီး နင်တို့ကို လှူထားပြီးသား. . . ကြိုက်သလိုလုပ်။ ကြော်ပဲစားစား၊ ကင်ပဲစားစား ကြိုက်သလို. . . အမေ့!"

ဟန်သို့ဘက်ကို မျက်နှာမူပြီးပြောနေမိတာကြောင့် ရှေ့မှအုတ်ခဲကိုမမြင်မိဘဲ ခလုတ်တိုက်မိတော့၏။ သမီးတို့လျှောက်နေသည့်လမ်းကို ဖြတ်လျှောက်လာသည့်လူရှေ့ကို မှောက်လျက်လဲသလိုဖြစ်သွားတာကြောင့် ထိုလူက သမီးကိုဖမ်းထိန်းပေးလိုက်ပါသည်။

"ကျွတ်, လမ်းလျှောက်တာ ရှေ့ကိုသေချာကြည့်လျှောက်လေ။ နမော်နမဲ့နဲ့ ဘယ်လိုလဲ"

ရုတ်တရက်မို့ ရင်ထိတ်သွားပြီး ဘာမှပြန်မပြောမိဘဲ ထိုလူကို မော့ကြည့်လိုက်မိ၏။





ဘုရားရေ! လူကိုမျက်မှောင်ကြုတ်ပြီး မကြည်သလို စိုက်ကြည့်နေတဲ့မျက်လုံးစိမ်းတွေပါလား။

ရင်ထဲမှာ ဒိန်းခနဲမြည်ကာ နားထဲပင် အူသွားရလေ၏။ ဘာတွေဖြစ်ကုန်ပြီလဲ။ ခါတိုင်းဆို စိတ်မပါပေမယ့် Sorry တစ်ခွန်းလောက်တော့ ပြန်ပြောဖြစ်မှာလေ။ ခုတော့ ပါးမြိုင်းမွေးရိတ်သင်ထားသည့် မေးရိုးစိမ်းစိမ်းကို အငေးသားဖြင့် မင်သက်ကြည့်နေမိတဲ့အဖြစ်တဲ့။

"ကုန်ပါပြီ Donut ရယ်. . . ဘာဖြစ်သွားလဲ"

"ဖယ်စမ်းပါ. . . နင်တို့အုပ်စု ပါလာလို့ဖြစ်တာ။ တောက်! ခြေထောက်မှာပါတဲ့မျက်စိကလည်း မမြင်ရတယ်လို့"

သမီးလက်မောင်းကို လာကိုင်လိုက်သည့်ဖေယျာ့လက်ကို ဖတ်ခနဲဖယ်လိုက်ပြီး ရှေ့မှလူကိုကျေးဇူးတင်စကားပြောရန် အချိန်ယူလိုက်စဉ် ထိုလူက သမီးကိုတစ်ချက်မကြည့်ဘဲ Canteen ရှိရာဆီ ဆက်လျှောက်သွားလေသည်။ အလို! ဘယ်လိုကြီးလဲ။

"ဟဲ့, နာသွားလား"

"အေး"

"ဘယ်နားလဲ"

"ဒီနား"



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကိုဖျတ်ခနဲပုတ်ပြတော့ ဟန်သီတို့နှစ်ယောက်က မျက်စောင်းခဲလိုက်ကြသော်လည်း ဖေယျာကတော့ မျက်နှာ ကွက်ခနဲပျက်သွားလေ၏။ မှတ်ထား. . . နင်သိအောင်ကို တမင်လုပ်ပြဦးမှာလေ။

"သွားစို့"

"ဘယ်လဲ"

"သူဝင်သွားတဲ့ Canteen ထဲလေ. . . လာ"

"နင်ရူးသွားပြီလား"

"ရူးချင်ချင်ဖြစ်လာသလိုပဲ၊ တွေ့လိုက်တယ်မဟုတ်လား။ ဘယ်လောက်ခန့်တဲ့ရုပ်ကလေးလဲ"

"ဟင်. . . ငါတို့ကတော့ နင့်ကို အသားလွတ်ကြီးငေါက်သွားတဲ့ ဟောက်ဆာကျင်ကြီးလို့ပဲ မြင်လိုက်တယ်"

"အေးလေ, ဒီလောက်မျက်နှာမာကြီးနဲ့ပြောသွားတာကို သူက ပီတိဖြစ်နေသေးတယ်"

"အား"

"ဘာဖြစ်ပြန်ပြီလဲ"

"ခြေညှိုး နည်းနည်းအီသွားတယ်၊ ဒါပေမဲ့ ရပါတယ်။ သူ့မျက်နှာလေး ထပ်တွေ့ရဖို့က ပိုအရေးကြီးတယ်"





"ရူးပဲ့ပါဟယ်"

Canteen က လူရှင်းသေးသည်မို့ သူထိုင်နေသည့် ကုက္ကိုလ်ပင်အောက်စားပွဲနှင့် အနီးဆုံးစားပွဲဝိုင်းမှာ နေရာယူလိုက်ကြပါ၏။ ဟိုငါးယောက်အုပ်စုက သမီးတို့ဘေးဝိုင်းမှာ ဝင်ထိုင်လိုက်ကြစဉ် သူ့စားပွဲခုံပေါ်သို့ ကော်ဖီတစ်ခွက်ရောက်လာလေသည်။

"ဒါ premier... ပဲ"

"ကောင်းလိုက်တဲ့နှာခေါင်း"

သမီးကို လိုက်လှောင်နေသည့် သူငယ်ချင်းတွေကို ပြန်မချေပနိုင်ဘဲ သူ့ကိုသာ ငေးကြည့်နေမိသည်။ Chemistry ဆောင်က ထွက်လာတာဆိုတော့ ဒီမေဂျာကျောင်းသားပေါ့နော်။ Second Year လား။ Final လား တစ်ခုခုတော့ဖြစ်မှာပါပဲ။ လက်ထဲမှာ ဘာသာပြန်စာအုပ်တစ်အုပ်ကိုဖွင့်ကိုင်ထားပြီး ဘေးဘီကိုမကြည့်ဘဲ စိတ်ဝင်တစားဖတ်နေတဲ့ (ခြေချိတ်ထိုင်တဲ့) Style ကိုက သူ့ကိုပိုကြည့်ကောင်းနေစေတာပင်။

ချောတာထက် ယောကျာ်းပီသသည့်သူ့မျက်နှာက သမီးရင်ကို လှုပ်ခတ်စေတာအမှန်ပါ။ ခဏလေးပါပဲ၊ လက်မောင်းနှစ်ဖက်ကို ဖျတ်ခနဲဆွဲကိုင်ပြီး ထိန်းပေးတဲ့ခဏ ရင်ထဲမှာနွေးထွေးသွားတဲ့ခံစားချက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ကို သမီးတစ်ခါမှ မဖြစ်ဖူးတာလေ။

တစ်ယောက်တစ်ပေါက်မှာလိုက်ကြသည့်စကားစရာတွေကို နား ထဲမှာ ဝိုးတဝါးသာ ကြားရလေသည်။ တကယ်မဆာတော့တာအမှန်ပါ။ အတန်းထဲကထွက်လာတုန်းက ဆာနေတဲ့ဗိုက်က ခုတော့ ငြိမ်သက် တိတ်ဆိတ်နေလို့ပါလေ။

''ဒိုးနတ်, ဟဲ့''

''ရှူး. . .''

အသံတိတ်စေရန် အချက်ပြလိုက်မိစဉ် Canteen ထဲမှ သီချင်း သံထွက်လာလေ၏။ ဒါ သမီးသိပ်ကြိုက်တဲ့ လေးဖြူရဲ့အိပ်မက်ကဗျာပါ ပဲလား။

" ရှုးစမ်းဖူးပါရဲ့ ငယ်စဉ်အခါ × × × အချစ်များစွာ ရှုးမိုက်စွာ ငါဟာ တပ်မက်ခဲ့ရသော မင်းရဲ့အချစ်တွေနဲ့× × × အရာရာဖန်ဆင်းမယ် ထင်မှတ်ထားခဲ့သူ မီးကိုရှိုက်နမ်းခဲ့× × ×

အိပ်မက်ကဗျာ× × × ကာရံမညီညာလေတဲ့ တို့အချစ်လေး× × ×

အိပ်မက်ကဗျာ× × × ရင်ခုန်သံရဲ့မှတ်တမ်းလေး× × × ငါလွဲမှား သွားခဲ့ရပြီ အိပ်မက်ကဗျာ× × ×

တို့နှစ်ယောက်ဝေးကွာဖို့ ဘယ်အရာတွေ ဆောင်ကြဉ်းတယ်× × ×





ငြိမ်သက်စွာ ငါဟာ တောက်လောင်ခဲ့ရပေါ့× × × အတွေးများနဲ့ လေးလံ တဲ့ သန်းခေါင်ယံအချိန်ထဲမှာ× × × အရာရာကြည့်လိုက်ရင် မင်းရဲ့အရိပ် များပဲ × × ×

အိပ်မက်ကဗျာ× × × ကာရံမညီညာလေတဲ့ တို့အချစ်လေး × × ×

အိပ်မက်ကဗျာ× × × ရင်ခုန်သံရဲ့မှတ်တမ်းလေး× × × ငါလွဲမှား သွားခဲ့ရပြီ × × × အိပ်မက်× × ×

မှားယွင်းခဲ့ အချစ်အိပ်မက်လေး× × × ရင်ခုန်သံတစ်ချက်လှုပ်တိုင်း (အို) မင်းပါ× × × ငါဟာ ရှင်သန်အဲ့လွမ်းစိတ်နဲ့ ငါဟာ မင်းကိုတမ်းတဆဲ × × × နှလုံးသားလမ်းမထက် ပျော်နေဆဲပါ× × ×

အိပ်မက်ကဗျာ× × × ကာရံမညီညာလေ့တဲ့ တို့အချစ်လေး× × ×

အိပ်မက်ကဗျာ× × × ရင်ခုန်သံရဲ့မှတ်တမ်းလေး× × ×

တို့အဆွေးများနဲ့ပြည့်နှက်နေ ရင်ခုန်သံမှတ်တမ်းဟာ× × × (အို) လွဲမှားသွားခဲ့ရပြီ။ အချစ်စိတ်များဟာ× × × မှားခဲ့ပြီ× × × အိပ်မက် ကဗျာ× × ×"

ခပ်ဆွေးဆွေးဆိုနေသည့် လေးဖြူ၏သံစဉ်တွေထဲ မျောပါသွား သလို ကတ္တရာလမ်းဘက်ကိုငေးနေသည့် သူ့အကြည့်တို့က ရီဝေဝေ။

ကိုင်ထားသည့်စာအုပ်ကလည်း စာမျက်နှာမတက်ဘဲ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ငြိမ့်သက်သက်။

စားပွဲထက်မှာရှိနေသည့် ကော်ဖီခွက်ကလည်း မသောက်ဘဲရှိနေသည်မို့ အေးစက်စက်။

"ကိုကြီး"

ပစ္စုပ္ပန်ကိုမေ့ထားရလောက်အောင် အတွေးတွေလွန်နေတာဘာကြောင့်များပါလဲ။ ရီဝေဝေမျက်ဝန်းအိမ်ထဲက မျက်ရည်ကြည်တွေကို ပျောက်ကွယ်အောင်ဖန်ဆင်းပေးနိုင်တဲ့အခွင့်ကို သမီးလိုချင်နေတာကို သိပါရဲ့လားကွယ်။



# အလယ်

www.burmeseclassic.com

www.burmeseclassic.com

**Love is fickle.**

**(John Keats)**

အချစ်ဟူသည်အရာသည် ပြောင်းလဲရွေ့လျားတတ် လေ၏။

ဂျွန်ကီ(တ်စ်)





"ကမ်းလင့်ခြင်း"

အအေးဓာတ်တွေ လွှင့်ပျံနေတဲ့
အခန်းငယ်လေးထဲမှာ
ကိုယ့်ရင်ထဲက အပူတွေဟာ
အဆင်မတန်လောင်ကျွမ်းနေပါတယ်။

ကောင်မလေးရယ်. . .
မင်းကိုချစ်တဲ့
ငါ့ရဲ့အချစ်တွေဟာ
(မင်းအတွက်)
ဝန်ထုတ်ဝန်ပိုးသာ ဖြစ်နေမယ်ဆိုရင်
ငါ့ရဲ့ချစ်ခြင်းတွေကို
(မင်းမသိအောင်)
တိတ်တဆိတ်လေးပဲ သိမ်းထားလိုက်ပါ့မယ်
ကောင်မလေးရေ. . .
မင်းသာ. . . တစ်ချိန်ချိန်မှာ
ငါ့ရဲ့ချစ်ခြင်းတွေကို
နားလည်ပေးမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ခြင်းအပြည့်နဲ့

ငါကျေနပ်ရမှာအမှန်ပါ. . .

နောက်ဘဝအတွက်ရည်မှန်း

ကမ်းလင့်ခြင်းများစွာနဲ့

ဒီဘဝမှာပဲ ဆုံစည်းဖို့

ငါဆုတောင်းနေပါရစေလား

ကောင်မလေးရယ်. . .



## အခန်း (၉)

ထမင်းဝိုင်းမှာ ထမင်းကြော်စားနေရင်း မေမေက သူ့ထမင်းချိုင့် ယူ့,မယူမေးလိုက်တာမို့ ပြန်ဖြေရန်ပြင်ရင်း ထမင်းနင်သွားပါ၏။

"ဟယ်, ဖြည်းဖြည်းစားလေ သားရယ်၊ ကျောင်းက ထွက်မပြေးပါဘူး၊ ဘယ့်နှယ်"

"ရေသောက်လိုက်လေ"

ဖေဖေသတိပေးလေမှ ဖန်ရေတကောင်းထဲကရေကို ဖန်ခွက်ထဲ လောင်းထည့်ကာ မော့သောက်ရန် ပြင်လိုက်ပါသည်။

"ဖြည်းဖြည်းချင်းသောက်၊ အတင်းမျိုမချနဲ့ သားငယ်"



www.burmeseclassic.com

www.burmeseclassic.com

မေမေက သူ့ကျောကိုအသာပွတ်ရင်း သတိပေးတော့ ဖေဖေ့မျက်နှာက အလိုမကျသည့်နှယ်။ တစ်ဦးတည်းသောသားမို့ မေမေရစိုက်လွှန်းသဖြင့် သူကျေနပ်ပါသော်လည်း ဖေဖေ၏မကြည်မကျေနပ်သလိုအကြည့်တို့ကို သူအခံရခက်စေလေသည်။

"မင်းကိုယ်မင်း တက္ကသိုလ်ကျောင်းသားဖြစ်ပြီဆိုတာကိုရော သတိထားမိရဲ့လား သားဦးငယ်"

"ဗျာ"

"မင်းအမေက ခုထိ မင်းကို (၄)နှစ်သားကလေးလို ယုယနေတုန်း၊ အိမ်မှာက အကြောင်းမဟုတ်ပေမယ့် အပြင်မှာ သူစိမ်းတွေမြင်ရင် မင်းတော့ အလှောင်ခံရမှာသေချာတယ်"

"ကိုမင်းဦး"

စပါပြီ မေမေမကျေနပ်တဲ့အခါ ဖေဖေ့နာမည်ကို အရှည်အတိုင်းခေါ်တော့တာလေ။ အိမ်မှာ ဘာပြဿနာမှကြီးကြီးမားမားမရှိပေမယ့် ဒီသားတစ်ယောက်ကိုဂရုစိုက်လွန်းပြီး မိဘနှစ်ပါး မကြာခဏစကားများကြတာ သူတို့အိမ်ရဲ့နိစ္စဓူဝပြဿနာပါပဲ။

"ငါပြောတာမှားလို့လား ငယ်ရဲ့၊ အဲဒီလောက်ဂရုစိုက်ရအောင် သမီးမိန်းကလေးလည်းမဟုတ်။ ဘယ့်နှယ်, လူကောင်ကကြီးပြီး စိတ်က





နွဲ့နေရင် မင်းရဲ့သား. . ."

"ရှင်တော်တော့နော်၊ ငယ့်သားကို မဦးမချတ်နဲ့ ဘာလျှောက်ပြောနေတာလဲ"

"အဲဒါပဲ. . . မင်းတို့မိန်းမတွေဟာ မှန်တာပြောရင် ဘယ်တော့မှလက်ခံချင်ဘူး"

"ကြည့်၊ ရှင်အဲဒါမနာလိုဖြစ်တာပဲမဟုတ်လား။ ကျွန်မကိုကြိုက်လှပါချည်ရဲ့၊ ချစ်လှပါချည်ရဲ့ဆိုလို့ ရှင့်ကိုခေါင်းညိတ်ပေးခဲ့တာ၊ ယူပြီးတစ်နှစ်အတွင်း ကလေးလိုချင်လို့ဆိုလို့ ကျွန်မမှာ အသက်စွန့်ပြီး မွေးပေးခဲ့ရတာပါရှင့်။ မွေးလာတဲ့ကလေးကို ရှင်လည်းချစ်ရမှာပေါ့။ ခုတော့ရှင့်ထက်ပိုချစ်လို့ဆိုပြီး ကလေးနဲ့အပြိုင် စိတ်ပုပ်လိုက်မွေးနေတာ ရှင်မို့မရှက်. . . ဦးမင်းဦးရဲ့"

"ဘာကွ"

"အာ, တော်ပါတော့ ဖေဖေနဲ့မေမေရယ်၊ ဘယ့်နှယ် ကျွန်တော့်အတွက်နဲ့ စောစောစီးစီးစကားများနေကြရတယ်လို့"

"အဲဒါ မင်းကြောင့်ဖြစ်ရတာလေ၊ မျက်စိထဲအမြင်ကပ်လောက်အောင် သည်းသည်းလှုပ်ပြတာ ကြည့်လို့ကိုမရဘူး"

"အံမာ, ကြည့်မရလို့ ကွာချင်လည်း အခုချက်ချင်းကွာလို့ရတယ်



www.burmeseclassic.com

www.burmeseclassic.com

ရှင့်။ ခင်မျိုးငယ်တို့ အနှစ်(၂၀)ပေါင်းလာတဲ့ယောကျ်ားကို တမ်းတမ်းစွဲ ခွဲမရအောင်ဆွဲထားမယ်မထင်နဲ့။ ယောကျ်ားများပေါလွန်းလို့ ဒီအရွယ် ဒီကိုယ်လုံးနဲ့ လိုချင်သူတွေဗိုင်းဗိုင်းလည်နေတုန်း။ ခေါင်းခေါက်ရွေးနိုင်သေးတယ်ရှင့်။ သိရဲ့လား''

သူ့မျက်လုံးပြူးသွားရပါ၏။ ဘယ့်နှယ်က ဘယ်လိုတွေဖြစ်ပြီး ကွဲမယ်ကွာမယ်တွေ ဖြစ်ကုန်ကြတာပါလိမ့်။ ဖေဖေ့ထက် မေမေ (၆)နှစ်လောက်ငယ်တာရော၊ ရုပ်ရည်နဲ့ဂုဏ်ပကာသနပါ သာတာကိုကအစ (ဘိုးဘိုးရဲ့သမီးဖြစ်နေတာလည်း ပါတာပေါ့လေ) သူသိထားပါ၏။

တကယ်ကွဲမယ်ဆိုပါက သူ့ဘိုးဘိုးထက် ဘိုးဘိုးလေးက ဖေဖေ့ကိုသတ်မည်ဆိုတာက ပိုသေချာလေ၏။ ဘိုးလေးက မေမေ့ကိုထိန်းကျောင်းပေးပြီး အချစ်တွေ ပုံပေးခဲ့တဲ့လူပါ။ ပြီးတော့ မေမေက ဘိုးလေးရဲ့ငယ်ချစ်နဲ့ ချွတ်စွတ်တူတဲ့အစွဲနဲ့ ကမ္ဘာပေါ်မှာ မေမေ့လောက်ချောလှပြီး ရှုမဝတဲ့မိန်းမရယ်လို့ တစ်ယောက်မှမရှိဘူးဆိုပြီး ကြွေးကြော်ထားတဲ့လူပါလေ။

''ဟာကွာ, မိန်းမရာ၊ ငါက ငါ့သားကို ချစ်စနိုးနဲ့ပြောမိတာပါကွာ။ မင်းကိုပြောတာ မဟုတ်ရပါဘူး''

''သားကိုလည်း ရှင်ပြောစရာမလိုပါဘူး။ သားကို လက်ညှိုးထိုး





ရင် ကျွန်မကိုပြောတာထက် ပိုနာတယ်ရှင့်။ တစ်ယောက်တည်းရှိတဲ့ သားကို ကျွန်မအသက်ထက်ပိုပြီးချစ်တာကို ရှင်သိထားပါ။ တော်ပြီ၊ နေ့လယ်ကျရင် ဒီကိစ္စ လေးလေးဆီ တိုင်ကိုတိုင်ဦးမယ်၊ ဒါပဲ''

''ဟောဗျာ. . . ဒီဘာမဟုတ်တဲ့ကိစ္စလေးကို စက်ာပူထိ တိုင်စရာလား ငယ်ရာ''

''ဘာ. . . ဘာမဟုတ်တဲ့ကိစ္စလေးဖြစ်ရမှာလဲ၊ ကိစ္စမှ ရောမရှင့်ရောမ။ ဟွန်း, မပြောလိုက်ချင်ဘူး။ ရှင်တို့ယောကျ်ားတွေက အိမ်ပေါ်က နေ လှေကားသုံးထစ်ဆင်းတာနဲ့ လူပျိုဖြစ်ပြီဆိုပြီး လက်မထောင်ချင်နေကြတာ မသိဘူးမထင်နဲ့။ ငယ်တို့က လှေကားသုံးထစ်တောင် ဆင်းဖို့မလိုဘူး''

သူ 'ခွီး'ခနဲရယ်စဉ် ကော်ဖီတွေသည်းပြီး အသက်ရှုမှားတော့ မေမေက မျက်လုံးမျက်ဆံပြူးပြီး ပြောလက်စ,စကားကိုရပ်ကာ ပျာယာခတ်သွားပါ၏။ ကဲ, ဘယ့်နှယ်ရှိစဖေဖေရေ့။ ယောကျ်ားတွေထက်မိန်းမတွေက ပိုပြီးဉာဏ်ထက်တာကို အခုသိပြီမဟုတ်လား။ လှေကားသုံးထစ်တောင် မလိုဘူးတဲ့နော်။ ရောမကြောက်စရာမြိမ်းခြောက်သံပါပဲ။

''ရလားသား. . . အဆင်ပြေရဲ့လား''

''ဘာမှမဖြစ်ပါဘူးမေမေ. . . ရပြီ၊ ကျွန်တော်ကျောင်းသွားတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ထမင်းချိုင့်မယူလည်း ကျောင်းမှာဗိုက်နာစာတွေ မစားမိစေနဲ့ဦးနော် သား"

"ဟုတ်ကဲ့ပါ မေမေ"

"အတန်းပြီးရင်လည်း အိမ်ကိုတန်းပြီးပြန်လာနော်။ Pratical တွေဘာတွေရှိရင် နောက်ကျပြီး ဘယ်အချိန်လောက်ပြန်လာမယ်ဆိုတာကို အိမ်ကို Phone ဆက်လိုက်နော်"

"ဟုတ်ကဲ့"

သူ မေမေ့ပါးကို ရွှတ်ခနဲ နမ်းရှိုက်လိုက်ပြီး အပြေးထွက်ခဲ့စဉ် ဖေဖေ့မျက်စောင်းက သူ့ကျောမှာလာစိုက်လေ၏။ 'မင်းဗိုက်ထဲပြန်သာ ထည့်လိုက်တော့'လို့ ဖေဖေ့အရွဲ့တိုက်စကားသံက ဤနေ့တော့ထပ်ထွက် မလာတော့ပါချေ။ ဦးမင်းဦး ဒီနေ့ကျတယ်။ ဒေါ်ခင်မျိုးငယ် D နဲ့အောင် တယ်နော်အတွေးဖြင့် သူရယ်လိုက်မိတော့၏။

ငယ်ငယ်ကတည်းက တစ်ယောက်တည်းနေခဲ့ရသူမို့ သူ့ကိုယ်သူ ဥတစ်လုံးဆန်နေမည်မှန်းသိနေပါ၏။ သူများကလေးတွေလို အဖော်မင်ပြီး အတူဆော့ကစားရတာကိုလည်း ရှောင်ရှားခဲ့ပါသည်။ တစ်ယောက်နဲ့ တစ်ယောက်ခိုက်ရန်ဖြစ်တာမျိုး၊ စကားများရန်စောင်တာမျိုးကို ရှက်စရာ





ဟု သူမှတ်ယူပါ၏။ ထို့ကြောင့် စာကိုသာမှန်မှန်ကြိုးစားပြီး သူငယ်ချင်း ထားလေ့မရှိဘဲ တစ်ယောက်တည်းနေကျင့်သာရှိခဲ့လေသည်။

သူတစ်ပါးမိသားစုတွေ၊ မောင်နှမတွေပျော်ပျော်ပါးပါးဆော့ကစား နေကြတာကိုမြင်ပေမယ့် အားကျတာမျိုးမရှိခဲ့။ အိမ်မှာ မေမေအားလျှင် မေမေနှင့်အတူရှိပြီး မေမေအိမ်အလုပ်တွေနဲ့ မအားလပ်လျှင် ပုံဆွဲလျှင် ဆွဲ၊ ဒါမှမဟုတ် တစ်ယောက်တည်း ကာတွန်းစာအုပ်နှင့် ငြိမ်နေလေ့ ရှိခဲ့ပါသည်။

အရွယ်ရောက်လာတော့ အခန်းအောင်းပြီး စာဖတ်၊ ကဗျာစပ်၊ ဂစ်တာတီး သီချင်းဆိုတာမျိုးက. . . သူ့ဝါသနာဖြစ်ခဲ့တာလေ။ တခြား ယောကျ်ားလေးတွေ လက်ဖက်ရည်ဆိုင်သွားကြတဲ့အချိန်မျိုးမှာ သူက တော့တစ်ယောက်တည်း အခန်းထဲ သီချင်းနှင့်ငြိမ့်နေတာ အကျင့်ဖြစ်ခဲ့ လေသည်။

ဒီနေ့ဒီအချိန်ထိ မေမေ့ကို ညီလေး (သို့မဟုတ်)ညီမလေးလိုချင် တယ်လို့လည်း ပူဆာခဲ့တာမျိုးမရှိခဲ့ပါ။ ပြောရရင် သူဘာလိုချင်တယ်ဆို တာကို နှုတ်က ဖွင့်မပြောဖူးသလောက်ပါပဲ။ မေမေကသာ သူ့မျက်နှာ ကို အရိပ်လိုစောင့်ကြည့် ဖြည့်ဆည်းခဲ့တာသာ များလေသည်။

ဥပမာ၊ သူ ကဗျာစစပ်ခ ဘာ့ (အဲဒီအရွယ်က သူ(၉)တန်းသာရှိ



www.burmeseclassic.com

www.burmeseclassic.com



သေး၏) ဗလာစာအုပ်နောက်ဘက်စာမျက်နှာတွေ၊ အလယ်မှဖြုတ်ပြီး ရေးတာတွေကို မေမေမြင်ပြီး သူ့အတွက် လျှောက်လွှာစာရွက်ထုပ်တွေနဲ့ Note Pad တွေ အများအပြားဝယ်ပေးခဲ့တာပင်။ သီချင်းတီးတိုး ညည်းမိတုန်းက Mp-4 ဝယ်ပေးတာ၊ CD Player ဝယ်ပေးတာကို လုပ်ပေးခဲ့တာလေ။

ဂစ်တာဆိုင်ရှေ့ကဖြတ်တိုင်း လည်ပြန်ငေးကြည့်တာ မကြာခဏမို့ တစ်ရက်မှာ ဆိုင်ထဲခေါ်သွားပြီး သူ့စိတ်ကြိုက်ဂစ်တာတစ်လက်ကို ရွေးစေခဲ့တာပါ။

မှတ်မှတ်ရရ မေမေ့ကို နှုတ်ကဖွင့်ပြောတာမျိုးမရှိဘဲ မေမေကသာ အလိုလိုသိနေပြီး ဖြည့်ဆည်းပေးခဲ့တာသာ များလေ၏။ အမေနဲ့သား သာ စကားပြောလေ့ရှိပြီး သူက အရမ်းအေးခဲလွန်းသည့်ကောင်လေး တစ်ယောက်ဖြစ်ခဲ့ပါသည်။

လိုတာထက် အပိုစကားပြောလေ့မရှိဘဲ အဲဒီအကျင့်ရှိလာအောင် မေမေကသာ လမ်းကြောင်းပြပေးခဲ့တာလေ။ ဘာဟင်းကြိုက်တယ်ဆိုတာ ပြောစရာမလိုအောင် အလိုက်သိလွန်းသည့်မေမေက ထမင်းဝိုင်းမှာ သူအများဆုံးနှိုက်လေ့ရှိသည့် ငါးဟင်း၊ ချဉ်ပေါင်ကြော်၊ အသုတ်၊ ကြက်ဟင်းခါးသီး၊ ကင်ပွန်းချဉ်ရွက်ဟင်းချို၊ ပဲဟင်းချို၊ ဝက်နံရိုးကြော်





စတာတွေကို သူ့အကြိုက်ဟင်းတွေမှန်း အလိုလိုသိမြင်ခဲ့တာပါ။

သူ (၈)တန်းတက်ခါစအထိ ထမင်းခွံ့ကျွေးသည့်အလုပ်ကို မေမေ လုပ်ပေးခဲ့တာဆိုရင် လွန်သည်ဟုပြောကြမည်ထင်ပါရဲ့။ သူက အေးတဲ့ ရာသီကို အလွန်မုန်းပြီး ခြေဖျားလက်ဖျားအေးသည်နှင့် ဖျားချင်ချင် ဖြစ်တတ်သည့် (ဖေဖေ့အခေါ် ပိုးဟပ်ဖြူ) လူပျော့လေးသာဖြစ်ခဲ့တာပင်။

အမြဲတမ်း အောက်ခံစွပ်ကျယ်လက်တို (Under Shirt အပါးစား) ကိုခံဝတ်ပြီး လက်ရှည်အင်္ကျီ (Shirt ဖြစ်ဖြစ်၊ T-shirt ဖြစ်ဖြစ်)ကိုသာ ဝတ်လေ့ရှိလေ၏။ အရမ်းပူလွန်းသည့်ရာသီမှာသာ လက်တိုဝတ်တတ်တာပါ။

မိုးမိသည်နှင့် နှာစေးပြီး ကိုယ်ပူတတ်သည့်သားကို ဖေဖေအမြင် မကြည်တာလည်း အပြစ်မဆိုသာပါ။ အားကစားလုပ်ရတာကို ဝါသနာမပါဘဲ အခန်းအောင်းပြီး ငြိမ်ကုပ်နေတတ်တာမို့ သူ့ကိုမိန်းမဆန်သည်ဟု ပြစ်တင်ပြောဆိုခံရတာလည်း အရေထူနေတာပင်။

မေမေရော ဘိုးလေးပါ စွတ်အလိုလိုက်ထားပေမယ့် သူက ခပ်ဆိုးဆိုးကလေးတစ်ယောက်တော့ မဟုတ်ခဲ့ပါ။ ဘိုးလေးကတော့ သူ့ကို မိန်းမလျှာ (အခြောက်) ဖြစ်သွားမှာစိုးရိမ်ပြီး မေမေ့ကိုသေချာစောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြုပ်မတ်စေခဲ့ပါ၏။ ဆုပ္ပကြိမ်းမောင်းခံရတာမျိုးမရှိပေမယ့် ဖေဖေကတော့ မကြာခဏ (မေမေကြည့်မရအောင်) ဖျစ်တောက်ဖျစ်တောက် ပြောတတ်ပါသည်။

သို့သော် ဖေဖေပြောတိုင်း သူ့ဘက်က မေမေ အမြဲကာဆီးပြောလေ့ရှိတာမို့ ဖေဖေ့ကို သူသိပ်မကြောက်ရတာပင်။ ဖေဖေက မေမေ့ကို ချစ်လွန်း၍လိုက်လျောရတာထက် လူပျိုကြီးဘိုးလေးကို ပိုကြောက်ရ၍ သူ့အပေါ်ရိုက်ပုတ်တာမျိုးကို တစ်ခါမှမလုပ်ဖြစ်ပါချေ။

ထိုကဲ့သို့ (မိန်းကလေးတစ်ယောက်သဖွယ်) မျက်စိအောက်အပျောက်မခံနေခဲ့ရသည့် သူ့လိုမျိုးနေနေရသည့် သူနဲ့ဘဝတူမိန်းကလေးတစ်ယောက်ကို သူတွေ့ရမည်ဟုထင်မထားမိခဲ့။ ပြီးတော့ အဲဒီ မိန်းကလေးကို တဖြည်းဖြည်းနဲ့စွဲလန်းပြီး ချစ်လာမည်မှန်းလည်း သူ့ မမှန်းဆမိခဲ့ပါချေ။

သူ့လိုပင် အတန်းထဲမှာ (ခုံမီးစွဲအောင်) ထိုင်ရာမထနေတတ်ပြီး ဘယ်သူနဲ့မှစကားမပြော၊ အပေါင်းအသင်းမလုပ်ဘဲ ခေါင်းငုံ့ပြီးထိုင်နေလေ့ရှိသည့်ကောင်မလေးကို ကျောင်းစတက်တက်ချင်းရက်က သတိမထားမိခဲ့တာပင်။

ဆံပင်ရှည်ရှည်စင်းစင်းလေးတွေ ပိုင်ဆိုင်ထားပြီး အသားလေး





ဖြူဝင်းကာ စကားနည်းလွန်းသည့်မိန်းကလေးကိုကြည့်မိရာက သူ့နှလုံးသားဆီမှ တဒုတ်ဒုတ်မြည်သံကို ပြန်ကြားခဲ့ရတာလေ။ ဘေးဘီကိုကြည့်လေ့မရှိဘဲ ဘေးချင်းယှဉ်လျက်သားခုံမှာ ကိုယ်စီကျန်ခဲ့လေ့ရှိရာမှ သတိပြုမိသွားတာပါပဲ။

ကျောင်းလာစဉ်နဲ့ ပြန်စဉ်မှာ အိမ်ကကားက အမြဲတမ်း (မူကြိုကလေးလို) ကြိုပို့လုပ်ပေးလေ့ရှိပြီး ဘယ်ကောင်လေးမှ ကပ်လို့မရအောင် အနေတည်ပြီး အေးချမ်းလွန်းသည့်အလှပိုင်ရှင်လေးကို စောင့်ကြည့်မိခဲ့ရာမှ သူ့နှလုံးသားတွေ လှုပ်ရှားလာခဲ့ရတာလေ။

မျက်လုံးနက်နက်၊ မျက်ခုံးလှလှ၊ နှာတံပေါ်ပေါ်၊ နှုတ်ခမ်းဖူးဖူးလည်တိုင်သွယ်သွယ်၊ ကိုယ်ဟန်ကျော့ကျော့မိန်းကလေး၏အမည်ကတစ်ခါမှမကြားဖူးခဲ့တဲ့ နတ်ပန်း'အာသာဝတီ'တဲ့လေ။ ဘယ်လောက်များ ကဗျာဆန်ပြီး လှပတဲ့တော်ဝင်နာမည်လေးပါလဲ။

ဆံပင်တွေကိုအမြဲချထားပြီး မျက်နှာကို လူမမြင်အောင် တမင်ကွယ်ဝှက်ခေါင်းငုံ့ထားလေ့ရှိတဲ့မိန်းကလေးကို ခိုးကြည့်ရတဲ့အရသာကဘာနဲ့မှမတူပါဘူး။ စကားပြောလျှင် ခပ်တိုးတိုးမပွင့်တပွင့်နှင့် သေချာမကြားရအောင်ပြောတဲ့လေသံလေးကိုက တစ်ဖက်လူရဲ့ရင်ကို ဖိလှိုက်လာစေတတ်တာလေ။



www.burmeseclassic.com

www.burmeseclassic.com



'အာသာ'. . . မြင်မြင်ချင်းချစ်တယ်ဆိုတာကို စာအုပ်တွေထဲမှာပဲ ကိုယ်ဖတ်ခဲ့ဖူးတာပါ။ မျက်ဝန်းကတစ်ဆင့် နှလုံးသားမျက်နှာပြင်ထက် စွဲထင်စေမယ့် ပုံရိပ်တစ်ခုရဲ့ကောက်ကြောင်းကို ကျောင်းစတက်တဲ့နေ့မှာပင် သူရရှိခဲ့တာလေ။

နှလုံးသားထက်က နတ်ပန်းလေး 'အာသာ'ရယ်။



## အခန်း (၁၀)

အိမ်ကကားနှင့် တစ်ဖက်လမ်းမှဝင်လာသည့်ကားဖြူလေးက ကျောင်းဝင်းထဲသို့ ရှေ့ဆင့်နောက်ဆင့်ဝင်လာလေ၏။ အဆောင်ရှေ့ရပ်သည်အထိ ဆက်တိုက်မောင်းဝင်လာတာကြောင့် သူနဲ့ Major တူကျောင်းသားဖြစ်မည်ဟု ခန့်မှန်းမိသည်။ သူ့ကားက အရင်ရပ်သည်မို့ ကားပေါ်မှဆင်းလိုက်ပါ၏။ တစ်ဖက် (နောက်) ကားပေါ်မှ ဘယ်သူမှ ဆင်းမလာသေးပေ။

အဆောင် Corridor သို့လှမ်းခဲ့စဉ် ကားတံခါးဖွင့်သံကိုကြားရလေ၏။ စကြံထဲ သူ့ကျွေ့ဝင်လိုက်စဉ် သူရှေ့မှာရပ်နေသည့်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သားတွေထံမှ အာမေဍိတ်သံကိုကြားလိုက်ရလေသည်။

"ဟာ, ကြွေတယ်ကွာ"

လူ့သဘာဝအတိုင်းပါပဲ။ စပ်စုတက်တာမဟုတ်ပါဘဲ အမှတ်တမဲ့ဖြင့် သံဇကာကွက်များထဲမှတဆင့် အပြင်ကို ဖျတ်ခနဲသူကြည့်လိုက်မိပါ၏။ အလို! သိပ်ကိုကျက်သရေရှိလွန်းတဲ့ပုံရိပ်လေးပါပဲလား။

သစ်ရွက်တွေဖြုတ်ခနဲအကြေမှာ သူမ၏ထဘီခတ်သံကို ရုပ်ခနဲကြားလိုက်ရလေသည်။ ကွင်းထိုးဖိနပ်အဖြူအပါးလေး၏အကြွက ငြင်သာလွန်းနေ၏။ တံတောင်ဆစ်ကျော်ကျော်ရှည်ထားသည့်လက်ဖောင်း blouse ခါးရှည်အဖြူကို အဖြူခံမှာ လိမ္မော်ရောင်အသီးလေးတွေပါသည့် လုံခြည်ပျော့လေးနှင့်တွဲဝတ်လာတာကိုက အများထဲမှာ ထင်းခနဲလင်းသွားစေတာလေ။

မနက် (၈)နာရီခွဲနေရောင်က သစ်ပင်တွေကြားမှတစ်ဆင့် သူမအပေါ်ဖြာကျနေပုံက မီးဆလိုက်ထိုးပြထားသလို ပိုရှုံတောက်ပထွန်းလင်းနေစေလေ၏။ လေပြည်တစ်ချက်အသွေးမှာ ဆံနွယ်ရှည်တို့က ခန္ဓာကိုယ်နောက်မှဝေ့ဝဲသွားပုံက ကဗျာဆန်စေသည့်နှယ်။ နတ်ပြည်ကများ ဘုံကြိုးပြတ်ပြီး ကျလာလေသလား မိန်းကလေးရယ်။

"ဟယ်. . . အာသာပဲ။ သူ ငါတို့မေဂျာရတာကို။ ချောလာလိုက်





တာဟယ်။ State တုန်းကထက် ပိုချောလာတယ်နော်"

သူ့ဘေးမှဖြတ်လျှောက်သွားသည့်မိန်းကလေးအုပ်စုက သူမကို လှမ်းကြည့်ရင်း ရေရွတ်လိုက်တာမို့ ရင်ထဲမှာဒိတ်ခနဲဖြစ်သွားရလေသည်။ 'အာသာ' တဲ့လား။ နာမည်လေးက ဆန်းလိုက်တာနော်။

နဖူးထက်ဝဲကျလာသည့်ဆံစလေးတွေကို လက်ဖြင့်အသာဖယ်လိုက်သည့်အလှပိုင်ရှင်လေး၏အကြည့်တို့ကဖြင့် ခြေလှမ်းတွေပေါ်မှာပင်။ ကာဆီးပိတ်လျှာချထားသည့်မျက်တောင်တို့က ဖျတ်ခနဲပွင့်သွားပြီး လည်တိုင်ကျော့ကျော့လေးအပင့်မှာ မျက်ဝန်းညိုတို့ကို သူမြင်လိုက်ရလေ၏။

အဆောင်ကိုသေချာအောင်ကြည့်အပြီးမှာ ကြယ်ရောင်တွေ မှိန်သွားလေသည်။ နေအလင်းရောင်ပင် ပျောက်သွားသလိုပါလား။ ရပ်နေဆဲ သူ့ဘေးမှ လေဟပ်သလို သူမဖြတ်လျှောက်သွားစဉ် သူအသက်ရှူရန် မေ့သွားရလေသည်။ မွှေးလိုက်တာနော်၊ ဒါမေမေလိမ်းနေကျ နံ့သာဖြူရနံ့ပါပဲလား။

"အာသာ. . . ဘယ် Section လဲ"

"A"

ပြုံးရုံပြုံးပြလိုက်ပြီး ဖြေသံက တိုးသဲ့သဲ့မျှသာ။ ထောင့်ခန်းရှိရာ



www.burmeseclassic.com

www.burmeseclassic.com



ဆီ လှမ်းနေသည့်ခြေလှမ်းလေးတွေနောက်မှ သူ ခပ်ဖြည်းဖြည်းလိုက်ခဲ့စဉ် လူငယ်တစ်အုပ်က သူ့ကိုတွန်းတိုက်ကာ အလုပ်အယက်ကျော်တက်သွားကြလေ၏။

“နာမည် ငါသိသွားပြီဟေ့”

“ဘာတဲ့လဲ. . . ဘာတဲ့လဲ”

အော်ပြေးသွားသည့်ကောင်လေးနောက်မှ ကျန်ကောင်လေးတွေ အပြေးအလွှားပါသွားလေသည်။ ဩော်, Fresher ကျောင်းသားတွေမို့ ပျော်ချင်တိုင်းပျော်၊ အော်ချင်တိုင်းအော်နေကြတာပါပဲလား။ သူဝင်ရမည့် Section (A) အခန်းဝမှာ လူငယ်တသိုက် ပြုံတစ်ပြုံတစ်ဖြစ်နေတာကြောင့် သူ့သက်မကိုရှိုက်လိုက်မိလေ၏။

ရှေ့ပေါက် ပြတင်းပေါက်မှာပါ စုပြုံပြီး ရပ်နေကြတာကိုး။ ပန်းကလေးလှရင် ပျားပိတုန်းလေးတွေ၊ လိပ်ပြာလေးတွေဝဲတာ သဘာဝပေမယ့် ယခုလိုပြူးတူးပြဲတဲဝိုင်းကြည့်တာတော့လွန်ပြီထင်ပါရဲ့။ ကိုယ်နဲ့မဆိုင်ပေမယ့် မိန်းကလေးကိုယ်စား ကိုယ်ချင်းစာမိပြီး စိတ်ခုမိတာလေ။

နောက်ပေါက်မှ သူဝင်လိုက်တော့ အတန်းထဲမှာ လူတော်တော်စုံနေပေပြီ။ ရှေ့ဆုံးတန်းတွေကိုရှောင်လေ့ရှိသည်က ကျောင်းသူကျောင်း





သားတို့ရဲ့အကျင့်မို့ အလယ်တန်းရှေ့ဆုံးသုံးတန်းခုံများ လွတ်နေသဖြင့် တတိယခုံမှာ သူဝင်ထိုင်လိုက်ရာ နံ့သာဖြူနံ့ကို သင်းခနဲရလိုက်လေ၏။ အလို! သူဝင်ထိုင်လိုက်တာက သူမနဲ့ဘေးချင်းယှဉ်လျက် အတန်းဖြစ်နေပါရောလား။

သတိ၊ လှည့်ကြည့်လို့မဖြစ်ဘူးနော်။ သူနဲ့သူမထိုင်နေတာ လူသွားလမ်းလေးပဲ ခြားနေတာလေ။ ခြေဖမိုးမို့မို့ဖွေးဖွေးလေးကို အကြည့်ရောက်သွားမိစဉ် ခေါင်းကို ဆတ်ခနဲခါလိုက်မိလေ၏။ မဖြစ်ဘူးနော်. . . First Year စတက်တာနဲ့ သူဇာတ်လမ်းစမိရင် မေမေ ရင်ဘတ်စည်တီးဖြစ်ပြီး သတိလစ်သွားမှာ အသေအချာလေ။

လွတ်အိတ်ထဲမှ စာအုပ်အသေးလေးကိုထုတ်လိုက်ပြီး လက်မှနာရီကိုကြည့်လိုက်မိ၏။ (၉)နာရီထိုးရန် (၁၅)မိနစ်တောင်လိုသေးတာပါလား။ မှတ်ထားသည့်နေရာမှ ကတ်ထူစာရွက်လေးကိုဖယ်ကာ အဖုံးဖုံးထားသည့် ဓာတ်မှန်အကြည်ဖုံးကြားထဲ ညှပ်လိုက်စဉ် သူ့ခြေထောက်နားသို့ ကဒ်လေးတစ်ခု လွင့်လာလေသည်။

လှုပ်လှုပ်ရှားရှားလေးဖြစ်သွားပုံကြောင့် သူမကဒ်ပြားလေးမှန်းသိလိုက်ပါ၏။ သူ့ငုံ့ကောက်လိုက်တော့ ‘ဖေမြင့်–နှလုံးသားအာဟာရ (၂)’ ဟု ရေးထားသည့် စာတန်းလေးကိုမြင်လိုက်ရလေသည်။ အလို!



www.burmeseclassic.com

www.burmeseclassic.com

သူဖတ်ဖို့ထုတ်လိုက်သည့်စာအုပ်နဲ့ အတူတူဖြစ်နေပါရောလား။

သူမခုံပေါ်လှမ်းတင်ပေးလိုက်စဉ် ခပ်တည်တည်ရှိနေသည့်မျက်နှာထက်မှာ လှစ်ခနဲအပြုံးတစ်ပွင့် ပွင့်လာလေ၏။

"ကျေးဇူး"

တိုးတိုးလေးပါပဲ။ သို့သော်သံစဉ်လေးတစ်ခုနှယ် ချိုမြကြည်သာနေသည်လေ။ ကဒ်ပြားလေးကို ယူလိုက်သည့် ရှည်သွယ်သွယ် လက်ချောင်းလေးများက ချစ်စဖွယ်။ အလို! အနုပညာဆန်တဲ့လက်ချောင်းလှလှလေးတွေပါပဲလား။ ထိရက်ကိုင်ရက်စရာမရှိသည့်လက်တံလေးကဖြူလွှန်းတာမျိုးမဟုတ်ဘဲ အဝါသွေးသည့်ဘက် လုနေသည့် ပြစ်မျိုးမဲ့မထင်အလှလေးပါလေ။

"ချစ်တယ် အာသာဝတီ"

"ဟော့ကောင်"

အပြင်မှအုပ်စု၏အော်သံအထွက်မှာ သူမမျက်နှာထက် နှင်းဆီခင်းအရိပ် ထင်လေ၏။ ရှက်ရှာပေမပေါ့။ ဒီနေ့ပဲ ကျောင်းစတက်တာဒီနေ့ပဲ သူမအနားမှာ ကောင်လေးတွေ တဝဲဝဲဖြစ်နေပြီး သွားလေရာအနောက်မှာ တကောက်ကောက်ပါတာ သူမအတွက် နှောင့်ယှက်ရာကျတာကို မသိကြဘူးလား။





တကယ်အစစ်အမှန်မဟုတ်ဘဲ လျှာဖျားက ပေါ်လာတဲ့အတိုင်းလျှောက်အော်နေတော့ သူမမှ ရှက်စရာမဖြစ်ရင် ဘယ်သူဖြစ်မှာတဲ့လဲ။ 'နှုတ်တစ်ရာ စာတစ်လုံး' ဆိုသလို 'ဆိုခဲစေ မြဲစေ' ဆိုတဲ့ ယောကျ်ားတိုင်းစောင့်စည်းသင့်တဲ့စည်းမျဉ်းကို ဒီကောင်တွေ မတာတ်မြောက်ကြဘူးထင်ပါရဲ့။

'အာသာဝတီ' တဲ့လား။ အင်မတန်လိုက်ဖက်လွန်းတဲ့အမည်လေးပါ။ ဘုံကြိုးပြတ်ပြီးကျလာတဲ့နတ်သမီးလေးလို့ သူထင်နေတာကို နတ်ပန်းမည့်လေးဖြစ်နေရတာယ်လို့။ ကျက်သရေနဲ့ပြည့်စုံလှတဲ့အမည်ပိုင်ရှင်လေးပါပဲ။

"ဒီကောင်တွေ Pratical ခန်းထိ လိုက်နှောင့်ယှက်နေရင်တော့ သူဒုက္ခပဲ"

"အေးလေ, နည်းနည်းပါးပါးလေးတောင်မဆင်ခြင်ကြဘူး။ အရှက်မရှိအော်နေလိုက်ကြတာ။ အားနာရကောင်းမှန်းကိုမသိ။ အမြင်ကိုကပ်တယ်"

သူမနောက်တန်းမှ ကောင်မလေးသုံးယောက်၏ရေရွတ်သံကို တီးတိုးကြားလိုက်ရပါ၏။ မှတ်တယ်လေ၊ Corridor တောက်လျှောက်ကြီးလိုက်နှောင့်ယှက်လို့ လမ်းပိတ်ရင် သူတို့ကျောင်းသားတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



လည်း အနှောင့်အယှက်ဖြစ်စေတာပဲ။ သူမအတွက်က သာပြီးဆိုးတာ ပေါ့နော်။

"ပြွတ်! ပြွတ်! တစ်ချက်လောက် လှည့်ကြည့်ပါဦး"

"ဗျူး, အပြုံးလေးတစ်ပွင့်လောက် ချွေချပေးပါလားကွယ်"

လွန်ချေပြီ။ ကောင်မလေး၏ခေါင်းက ငုံ့နေရာမှ မျက်နှာတစ်ခုလုံး တဖြည်းဖြည်းပန်းသွေးနီရောင်ဖြစ်လာချေပြီ။ ကြည့်ရှုဖြင့် အတွေ့အကြုံနနယ်လွန်းတာ သိသာလွန်းသည်ပဲ။ အိမ်ထဲက အိမ်ပြင်မထွက်ဘဲ အိမ်တွင်းပုန်းလေးမို့ အခုလိုနည်းနည်းလေးစတာနဲ့ ဒီလောက်ထိအရှက်သည်းနေရတာပါလေ။

"ကိုယ်တို့, ခါတု ပြောင်းလာရမလားဟင်"

"ပြောင်းချင်ရင် ရေဝေးသာ ပြောင်းလိုက်ဟဲ့ လဒတွေရဲ့ ကဲ"

နောက်တန်းအလယ်မှာထိုင်နေသည့် ခပ်ဝဝကောင်မလေး၏ခပ်စွာစွာလှမ်းအော်လိုက်သံကြောင့် အတန်းထဲမှာ ရယ်သံတွေ ဝေါခနဲထွက်လာလေသည်။ ဒါက သူမအစား လှမ်းကူပြီး ရန်တွေ့လိုက်တာပါလား။

"ရေဝေးတော့ မသွားပါရစေနဲ့ဦး ကစ်ကစ်ရယ်။ ပန်းရနံ့လေးရှူပြီး ပန်းပွင့်လေးကိုတော့ ခူးသွားပါရစေလို့"

"ဒါဆို အဆောင်ဘေးမှာ နှုတ်သွားလေ။ အများကြီးရှိနေတဲ့





ဟာပဲ"

"ဘာပန်းတွေတုန်း ခိုင်ရဲ့"

"ခွေးသေးပန်း"

ဝါးခနဲရယ်လိုက်ကြလေ၏။ အမြင်ကပ်ကပ်နဲ့ ဆော်ကုန်ကြပါရောလား။ သူပါရောယောင်ပြီး ပြုံးမိချေပြီ။

"မင်းမနာလိုတွေဖြစ်နေတာလား ကစ်ကစ်ရယ်။ မင်းအလှက 'ပယ်မလာ'ဖြစ်နေတော့ ဘယ်ကောင်လေးမှမကြည့်တာ အပြစ်လား"

"ပယ်မလာ ပုံမလာဆိုပြီး ငါ့ကိုလှောင်စရာမလိုပါဘူး။ ငါက ကျန်းမာရေးနဲ့ညီညွတ်တဲ့အာဟာရတွေစားလို့ ဝဖြိုးနေတာ။ နင်တို့လို အိမ်မှာအရိုးကိုက်ပြီး အသားလာမျှော်တဲ့ ဟောင်ကောင်ငပိန်ခြောက်ပုံ မဟုတ်ဘူးဟဲ့"

"သေစမ်း!"

အပြင်မှာအော်နေသည့်ကောင်လေးက နဖူးကိုလက်ဝါးနဲ့ရိုက်တော့ ကျန်လူငယ်တွေက 'အူ'ခနဲအော်ကြပြန်လေ၏။ မျက်နှာကြောအတော်ကိုပြောင်ကြတာပါပဲလား။ နည်းနည်းမှ မရှက်တတ်ကြဘူးထင်ပါရဲ့။

"ဟော့, မင်းတို့ဘယ်မျောကလဲ။ Class လစ်ရင် ငါ မော်ကွန်း



www.burmeseclassic.com

www.burmeseclassic.com



ထိန်းဆီ တိုင်မှာနော်''

အပြင်မှဆရာမအသံကြားရသည်နှင့် လူတစ်စု ဝရန်းသုန်းကား ပြေးကြချေပြီ၊ မော်ကွန်းထိန်းကိုတော့ ကြောက်ကြတာပါပဲလား။

အတန်းထဲ Minor ဆရာမဝင်လာသည်မို့ အားလုံးမတ်တပ်ရပ်၍ ကြိုဆိုနှုတ်ဆက်လိုက်ကြပါသည်၊ စာသင်တဲ့အချိန်တိုင်း ခေါင်းလေးမော့ပြီး စိတ်ဝင်တစားနားထောင်ပုံလေးကိုက တခြားမိန်းကလေးတွေထက် ပိုပြီးကြည့်ကောင်းစေလေ၏။

တကယ်ပါ။ သူ့တစ်သက်မှာ ဤမျှလှပလွန်းတဲ့မိန်းကလေးမျိုး တစ်ခါမှမတွေ့ဖူးသလို ဒီလိုလည်း ဂရုတစိုက်နဲ့မကြည့်ဖူးခဲ့ပါချေ။

ဝါဂွမ်းပင်က ဂွမ်းပွင့်လေးလို ရွှရွှလေးလှသည့်အလှ၊ သစ်ရွက်ပေါ်တင်နေတဲ့နှင်းစက်ကလေးလို ထိရက်စရာမရှိတဲ့အဖြစ်၊ ကြွေလုလု ရွက်ဝါလေးကို ပြုတ်မကျအောင် လေထဲမှာပဲလှမ်းပြီး ဖမ်းဆုပ်ထားချင်ရအောင် အသည်းယားရင်ဖိုစေသည့်ပမာလေးပါပဲ။

တစ်ခါကြည့်မိတာနဲ့ တစ်သက်မေ့မရအောင် စွဲထင်မိစေတဲ့ပုံရိပ်လေးကို လူတကာနဲ့မတူအောင် သူစွဲလန်းသွားမိတာကို လွန်တယ်လို့ ပြောကြမှာလား။ စက္ကန့်မလပ်စောင့်ကြည့်နေချင်တဲ့ဆန္ဒတွေကို ဘယ်ကာလအထိ စောင့်ထိန်းနိုင်မှာတဲ့လဲ။





'ကျွန်တော်ကတော့ အာသာ့ကိုစွဲစွဲလန်းလန်းမြတ်နိုးမိနေပြီ မေမေ' လို့ပြောမိတာနဲ့ သူ့မေမေ နှလုံးရပ်သွားလေမလား။ သာမန်သားအမိတွေထက် သာလွန်ထူးကဲတဲ့မေတ္တာမျိုးနဲ့ သူ့အပေါ်မှာ မေမေ ငုံထားမတက်ချစ်မှန်း သူသိထားလို့ပါပဲ။

နားလည်ပေးနိုင်မှာလား။ (၅၂၈)ထက်မကပိုသွားတဲ့ (၁၅၀၀) ကြောင့်ဆိုပြီး မေမေခွင့်ပြုပေးမှာလား။ မေမေ့ကိုချစ်တဲ့ချစ်ခြင်းတွေ လျော့ပါးသွားတာမျိုးမဟုတ်ရပါဘူး။

'မိခင်နဲ့ချစ်သူကို မင်းကြိုက်ရာရွေး'ဆိုပြီး ရက်ရက်စက်စက်ကြီးတော့ မလုပ်လိုက်ပါနဲ့လို့တောင်းပန်ပါရစေ။ မေမေ့ရင်ခွင်ကို စွန့်ခွာသွားမယ့်သားမိုက်မျိုး မဟုတ်ရပါဘူး။

မေမေသိပ်ချစ်လွန်းတဲ့သားရဲ့ရင်ထဲကို အချစ်မြားတစ်စင်းလာစိုက်နေတဲ့အဖြစ်ကို မေမေသိရင် ကျွန်တော့်ကို ဘယ်လိုကုစားပေးမှာတဲ့လဲ။

ဩော်, ကိုယ့်နှလုံးသားရဲ့ပန်းပွင့်လေး အာသာဝတီရယ်။



www.burmeseclassic.com

www.burmeseclassic.com



'မျှော်လင့်သူရဲ့တမ်းချင်း'

အလွမ်းသင့်မဲ့ အိပ်ပျက်ညတွေမှာ
ယောင်ယမ်းပြီး (သူ့ကို) တမ်းတ
မှန်းဆလို့မရနိုင်တဲ့
ချစ်ခြင်းလက်တစ်စုံ
အကြွင်းမဲ့ယုံစေချင်တာကတော့
ငါ့အချစ်ပေါ့...
အခုတော့...
ငါတို့နှစ်ယောက်ဟာ
(အဝေးတစ်နေရာဆီမှာ)
မျှော်လင့်ခြင်းတောင်ပံတွေခတ်ရင်းနဲ့
သူ့အပြုံးနုနုကိုဆီးကြိုနေလျက်ပေါ့...
ဒါဟာ...
မညီမျှခြင်းရဲ့
ဇာတ်လမ်းရှည်တစ်ပုဒ်လို
ဘယ်တော့မှ မေ့လို့မရနိုင်တော့တဲ့





(ကိုယ်တို့နှစ်ယောက်ရဲ့)
အသည်းကွဲဇာတ်လမ်းလေလား...
ဒါမှမဟုတ်...
လွမ်းချင်းဇာတ်တစ်ပုဒ်များလား
ချစ်သူရယ်...
အနားသတ်မညီတဲ့
မျဉ်းပြိုင်နှစ်ကြောင်းမှာ
ဘယ်လိုဇာတ်လမ်းမျိုးပဲဖြစ်ဖြစ်
ပြီးဆုံးရအောင်တော့
(ကိုယ့်ကို)
ရှူးသွပ်ခွင့်ပြုပါ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ပြတင်းတံခါးဖွင့်လိုက်တာမို့ သူ့မျက်နှာထက် နေခြည်နွေးနွေးက စူးခနဲကျလာလေ၏။ အလို! မိုးစင်စင်လင်းပြီး နေတောင်ထွက်နေပါရောလား။

"သားလေး"

"ဟင်"

"ထတော့လေ"

"ဘယ်နှနာရီရှိပြီလဲ မေမေ"

"(၈)နာရီထိုးနေပြီ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"အား, သေပါပြီ။ ဒီနေ့ Pratical ရှိတယ်။ Class လွတ်လို့ မဖြစ်ဘူး"

ဝုန်းခနဲကျူးထကာ ရေချိုးခန်းထဲ အပြေးဝင်လိုက်ရလေ၏။ ဘယ်လိုလုပ်ရမလဲ 'အာသာ'။ မင်းအကြောင်းတွေကိုပဲ အချိန်တိုင်း စက္ကန့်မလပ်တွေးနေမိတာမို့ ကိုယ့်အချိန်တွေ ကုန်ဆုံးရတာများလွန်းပြီလေ။ စာကျက်တာကိုတောင် မနည်းကြိုးအားစိုက်နေရတာပါ။ တစ်ညလုံးကောင်းကောင်းအိပ်လို့မပျော်ဘဲ ကဗျာတွေထိုင်စပ်နေမိတာ. . . ဘယ်လောက်ကြာခဲ့ပြီလဲ။

ဦးချစ်ကောင်းရဲ့သီချင်းထဲကလို 'မြန်မြန်လာကယ်ပါဦး ချစ်သူရေ့'လို့ အော်ရမလိုဖြစ်နေရပြီလေ။

ကယ်ပါဦး 'အာသာ'. . .

"ဒုန်း! ဒုန်း! "

"သား (၁၀)မိနစ်ကျော်နေပြီနော်"

"ပြီးပြီမေမေ"

ရေကိုမဝတဝချိုးလိုက်ပြီး ရေချိုးခန်းထဲမှထွက်တော့ မေမေက သူဝတ်သွားရန်ဝတ်စုံတစ်စုံကို အဆင်သင့်ထုတ်ပေးထားချေပြီ။ အင်း, ဖေဖေမြင်ရင်တော့ ပြောစရာဖြစ်ဦးတော့မှာပါပဲ။





"ဖေဖေရော"

"Meeting ရှိလို့ ခပ်စောစောထွက်သွားပြီ။ ကဲပါ, ဒီလောက်နောက်ကျနေတဲ့ဟာကို မြန်မြန်သွက်သွက်လုပ်မှပေါ့"

"အပြောခံရမှာစိုးလို့မေးမိတာပါ မေမေရယ်"

"မေမေသိပါတယ် သားရဲ့။ သားအဖေနဲ့ နှစ်,နှစ်ဆယ်ကျော်ပေါင်းလာတဲ့မိန်းမပါဟယ်"

အဝတ်လဲပြီး မှန်ကြည့်ခေါင်းဖြီးနေရင် 'လေ့ကားသုံးထစ်ဆင်းလျှင်'ကိစ္စကိုတွေးမိတော့ သူစိတ်ထိန်းမရဘဲ ပြုံးလိုက်မိလေ၏။

"အမယ်, ဘာတွေတွေးပြီး ပြုံးနေတာတုန်း။ ကဗျာတွေတောင်အတော်ထက်ပြီး သန့်နေပါလားသားရယ်။ မဟုတ်မှလွဲရော မေမေ့သားတော့ ရင်ခုန်ရမယ့်ကောင်မလေးတွေ့နေပြီထင်ပါရဲ့။ ဟုတ်လားသား"

"အာ. . . မဟုတ်ပါဘူးမေမေရ။ ဒီလိုပဲ စပ်လိုက်တာပါ"

"ဒါဆို မေမေပြောတာနဲ့ သားမျက်နှာ ဘာလို့နီလာရတာလဲ။ ပြောပါဦး"

"အဲ, ကျွန်တော်က ဟိုတလောက မေမေနဲ့ဖေဖေစကားများကြတဲ့ကိစ္စကို တွေးမိသွားလို့ပါ"

"ဒါလေးများ"



www.burmeseclassic.com

www.burmeseclassic.com



ဖြီးပြီးပြီဖြစ်သည့်ခေါင်းကို သူ အယောင်ယောင်အမှားမှားထပ်ဖြီးမိတော့ မေမေက မျက်ခုံးပင့်ရင်း ရယ်မောလိုက်လေ၏။ ရော်, သူတော့ မေမေ့အရှေ့မှာ ရယ်စရာတွေလုပ်နေမိပြီလား။

"မေမေ့ကိုမညာနဲ့တော့ သားဦးငယ်"

"ဗျာ! "

"သားမှာ ချစ်ရမယ့်သူရှိနေတာ သေချာပြီ၊ ဒီလောက်ဆို မေမေ ရိပ်မိတယ်"

"အာ့.. "

"ညာလေ၊ သားကို မေမေမွေးထားတာပါသားရဲ့။ သားဗိုက်ထဲ အူဘယ်နှခွေရှိလဲဆိုတာ မပြောဘဲ မေမေသိပြီးသား။ တခြားလူကိုသာ သားလိမ်ချင်လိမ်ညာလို့ရမယ်၊ မေမေ့ကို သားဘယ်တော့မှညာလို့မရဘူးမှတ်"

သူ့မျက်နှာ ရဲသည်ထက်ရဲလာလေ၏။ သေချာပြီတဲ့လား။ ခုချိန်ထိ ဖွင့်မပြောရသေးတဲ့ သူ့အဖြစ်ကိုဖြင့် မေမေမသိသေးဘဲနဲ့များ အခုလို အသေအချာကြီးစွပ်စွဲနေပါရော။ ခက်တယ်မေမေ၊ ကျွန်တော်ဖွင့်ပြောလိုက်မှ 'အာသာ'ငြင်းလိုက်ရင် အဲဒီနေရာမှာပဲ ကျွန်တော် ဘိုင်းခနဲ လဲသေသွားမှာကို စိုးရိမ်နေမိလို့ တွန့်ဆုတ်နေမိတာလေ။





ပြီးတော့ မေမေ မကြိုက်မှာ၊ မေမေ ကန့်ကွက်တားဆီးမှာကိုလည်း ကြိုတွေးပူပန်နေမိတာကြောင့်ပါပဲ၊ အခုတော့ မေမေက ကြိုသိပြီးပြောနေပြီမို့ ဝန်ခံရတော့မယ်ထင်ပါရဲ့။ ခက်ချေပြီကော 'အာသာ'။

"ဟဲ့, ဘယ့်နှယ်ငိုင်နေရတာလဲ၊ ကျောင်းနောက်ကျနေပြီဆို"

"အင်း, ဦးဆုံးအချိန်က Minor မို့ သိပ်တော့အရေးမကြီးပါဘူးရပါတယ်"

"ဒါဆို မေမေပြောတာမဟုတ်လို့လား"

"ဟင်, ဘာကိုလဲ"

"ကဗျာလေ"

"အဲ, အဲဒါက. . . အင်း. . . နောက်မှပဲပြောတော့မယ် မေမေရာ"

"အေးပါ၊ မေမေသိတာ အကြောင်းမဟုတ်ပေမယ့် သားဖေဖေသိရင်တော့ ကန့်ကွက်မှာ အသေအချာပဲ"

"ဘာလို့လဲ"

"သားအသက်က အခုမှငယ်ငယ်လေးရှိသေးတာ မေ့နေပြီလား မေမေ့သားရဲ့"

သူရယ်ကျဲကျဲဖြစ်သွားပြီး ညကတည်းက Time Table တိုက်ပြီးထားသည့်လွယ်အိတ်ကိုကောက်လွယ်ကာ ပြေးထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့, Breakfast မစားတော့ဘူးလား"

"မစားတော့ဘူး မေမေ"

"အဲဒီလောက်တောင် သူ့မျက်နှာကို မြင်ချင်နေပြီလား သားဦးငယ်။ Major တူမှဟုတ်ရဲ့လား"

"နောက်မှမေမေ. . . နောက်မှ"

မေမေ့ကိုလှည့်ပင်မကြည့်တော့ဘဲ လှေကားထစ်တွေကိုအပြေးအလွှားဆင်းခဲ့မိတော့၏။

ကဲ, ဘယ်လိုလုပ်ရမလဲအာသာ။ ကိုယ်ထင်ထားသလို မေမေ့ဆီက ဝုန်းဝုန်းဒိုင်းဒိုင်းကန့်ကွက်သံမျိုးထွက်မလာဘဲ လေပြည်လေးနဲ့ မီးစိမ်းသာ ပြနေပါရောလား။ တမင်ပဲ ကျောင်းသွားချိန်ပဲမို့ အသာလွှတ်လိုက်တာထင်ပါရဲ့။ အချိုသပ်ပြီး သိမ်းသွင်းတားမြစ်တာမျိုးဖြစ်နေရင် ဘယ့်နှယ်လုပ်ရမှာပါ့လိမ့်။

ကားက မြန်မြန်လေးမောင်းပေးပေမယ့် ကျောင်းကို သူရောက်တော့ (၉)နာရီ (၁၀)မိနစ်ပင် စွန်းနေလေပြီ။ အခန်းရှိရာဆီ ခပ်သုတ်သုတ်လျှောက်လာတော့ အခန်းနောက်ပေါက်က ပိတ်ထားသဖြင့် ရှေ့ပေါက်မှဝင်ရန် ခြေလှမ်းတုံ့သွားရလေ၏။ အတန်းထဲမှာ ဆရာဝင်နေပြီကိုး။





"Please, may I come in, sir. "

"Come in"

ဆရာက လှည့်ကြည့် ခေါင်းညိတ်ပြလိုက်တာမို့ ခေါင်းငုံ့ကာ အခန်းထဲဝင်လိုက်ပါသည်။

"တို့အခန်းက King လာပြီ"

"ဘာကင်းလဲ၊ ကင်းမြီးကောက်လား"

"ဟုတ်ဘူး ကင်းခြေများ။ ခြေများလို့နောက်ကျနေတာ မတွေ့ဘူးလား"

"ဘယ်သူနဲ့သွားတွေ့နေလို့လဲဟင်"

ရှေ့ခုံတန်းမှကောင်မလေးသုံးယောက်က မကြားတကြားစလိုက်တာမို့ သူ့မျက်နှာ နွေးခနဲဖြစ်သွားရပါ၏၊ အလယ်တန်း သူထိုင်နေကျ တတိယတန်းမှာ ကောင်လေး,လေးယောက်ထိုင်နေသဖြင့် သူ့ခြေလှမ်းတွေ ရပ်သွားရပြန်လေသည်။

"လာ, ဒီမှာထိုင်"

အသံကြားရာဆီငဲ့ကြည့်မိစဉ် သူမနှင့်အတူထိုင်နေသည့် ဝဝကစ်ကစ်ကောင်မလေးက လက်ယပ်ခေါ်နေခြင်းဖြစ်လေ၏။ မိန်းကလေးတန်းမှာ ထိုင်လေ့မရှိတာမို့ သူ့မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားစဉ် သူမ



www.burmeseclassic.com

www.burmeseclassic.com

က အလယ်နေရာကို ရွှေ့ပေးလိုက်လေသည်။

"ဟော, ဇနကတို့ကံကောင်းပုံက အဲဒီလို"

ယောက်ျားလေးများဆီမှ ခပ်အုပ်အုပ်အသံ ထွက်လာတာမို့က တစ်ကြောင်း၊ ဆရာစာသင်နေတာကလည်း တစ်ကြောင်းမို့ အစွန်မှာ သူဝင်ထိုင်လိုက်မိ၏။ အတတ်နိုင်ဆုံး ကိုယ်ကိုကျုံ့ထားမိကာ အစွန်းမှာပင် ကပ်ထိုင်နေတာမို့ ဝဝကစ်ကစ်ကောင်မလေးက ခစ်ခနဲရယ်လိုက်လေသည်။

လွယ်အိတ်ထဲမှစာအုပ်ကို ဆွဲထုတ်လိုက်တော့ ဘာသာများနေသဖြင့် ပြန်ထည့်လိုက်ရပြီး နောက်တစ်အုပ်ကိုထုတ်လိုက်၏။ စာအုပ်အခွဲအသွင်းလုပ်မိတာကြောင့် အထဲမှ စာရေးကိရိယာတွေကို ဆွဲချသလိုဖြစ်ကာ သံမံတလင်းပေါ်ကိုကျသံက တိတ်ဆိတ်သည့် စာသင်ခန်းထဲမှာ ခပ်ကျယ်ကျယ်။

ကိုယ်ကိုင်းပြီး ဘောပင်တွေကိုကုန်းကောက်ပြီး ပြန်အမတ် သူ့ခေါင်းက စားပွဲခုံပေါ် သုံးပုံနှစ်ပုံလောက်သာ တင်သလိုဖြစ်နေသည့် စာအုပ်ကိုတိုက်မိပြီး စာအုပ်က လျှောခနဲပြုတ်ကျပြန်လေ၏။ ဒုက္ခပါပဲ. . . ဘယ်လိုများဖြစ်ကုန်တာပါလိမ့်။

"ကျစ်"





ဒီတစ်ခါကျသွားသည့်စာအုပ်က သူမခြေဖမိုးနား ထိလုဖြစ်သွားတာမို့ သူမက ခြေထောက်ကို နောက်ဘက်သို့ အမြန်ရုတ်လိုက်လေ၏။ ဒီခြေဖမိုးကိုမြင်တိုင်း သူ့ရင်ထဲထိတ်ရတာမဟုတ်လား။ ကိုယ်ကို ထပ်ကိုင်းရန်ပြင်လိုက်စဉ် နူးညံ့သည့်လက်ဖဝါးနုနုက သူ့လက်ခုံကို လာထိလိုက်၍ ကြက်သီးတွေ ဖြန်းခနဲထသွားရလေသည်။

မင်း, ကိုယ့်ကိုပြုစားပြီလား အာသာဝတီ. . .

"နေပါ. . . အာသာ,ကောက်ပေးပါ့မယ်"

သူဘာမှပြန်မပြောနိုင်မီ သူမက ကိုယ်ကိုရွှေ့ကိုင်း၍ စာအုပ်ကို ကောက်ပေးလေ၏။ အိခနဲလျှောဆင်းလာသည့် ဆံနွယ်စင်းစင်းတို့ကို သူ ငေးခနဲကြည့်နေမိလေသည်။ လှလိုက်တဲ့ ဆံနွယ်တွေပါလားနော်။ ဘယ်ဘဝဆုတောင်းကောင်းခဲ့လို့များ ခေါင်းစွန်း ခြေဖျား လှပ ညက်ညောနေတာပါလိမ့်။

"မောင်သားဦးငယ်"

"ခင်ဗျာ"

"ဒီနေ့ lecture ရော လိုက်ဖြစ်ပါဦးမလား"

"ဗျာ! "

"ငါ့တပည့် ဒီနေ့ဝင်လာကတည်းက ပုံကိုမမှန်ဘူးဖြစ်နေတယ်။


www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုလဲ''

''ပဒိုင်းသီးစားမိလို့ထင်ပါတယ်ဆရာ''

ယောကျ်ားလေးအုပ်စုမှအသံကြောင့် တစ်ခန်းလုံး ဝေါခနဲရယ်မောလိုက်ကြလေ၏။ ပြဿနာပဲ၊ သူမနားမှာ လာထိုင်မိလို့ အခုလိုဂယောင်ခြောက်ခြားဖြစ်နေတာကို အကုန်သိကုန်ပြီထင်ပါရဲ့။

''အိမ်မြှောင်ဥ ကိုင်လာမိလို့ထင်ပါရဲ့ဆရာရယ်''

ဝတုတ်မလေးအသံကြောင့် ဝါးခနဲရယ်လိုက်ကြပြန်လေသည်။ ဒုက္ခရေ၊ သူတော့ တစ်တန်းလုံးဝိုင်းဟားကြတဲ့ ရယ်စရာသတ္တဝါတစ်ကောင်ဖြစ်နေပြီထင်ပါရဲ့။ သူ့မျက်နှာ ရဲရဲနီသွားတော့ ဆရာကပြုံးပြီး အတန်းသားတွေကို ငြိမ်စေလိုက်လေ၏။

BURMESE CLASSIC .com

''Ready ဖြစ်ပြီလား''

''ဟုတ်. . . ဟုတ်ကဲ့''

''ဪ. သူ့ခမျာ အဆိဖူးစားဖို့တောင် လိုနေပါရောလား''

အုန်းခနဲ ရယ်ကြပြန်လေ၏။ အရေးထဲမှစကားက မထွက်ဘဲ အထစ်ထစ်ငေါ့ငေါ့ဖြစ်ရပြန်တယ်လို့၊ သူစာအုပ်ကိုအမြန်လှမ်းလှော်တော့ Text က ဘယ် Page မှန်းမသိ။ ဗလာစာအုပ်ကိုဖွင့်ပြီး Lecture လိုက်ကူးရင်လည်း မမီနိုင်တော့တာမို့ ဗျာများနေစဉ် သူမ လက်ချောင်း





သွယ်သွယ်လေးက သူ့ Text စာအုပ်ကို စာမျက်နှာ လှန်ပေးလိုက်ပြီး တီးတိုးပြောလိုက်ပြန်လေသည်။

''စိတ်အေးအေးထားလေ၊ Lecture မမီရင် နောက်မှ အာသာတို့ဆီက ကူးလည်းဖြစ်တာပဲ''

ခေါင်းကိုသာ ညိတ်ပြလိုက်ရပါ၏။ အလိုလေး! သူ့တစ်ကိုယ်လုံး ကျဉ်စက်နဲ့အတို့ခံလိုက်ရသလို ကတုံကယင်ဖြစ်နေတာ အသေအချာပါပဲ။

ဆရာစာသင်တာကို ကြားတစ်ချက်မကြားတစ်ချက်၊ သူများတွေ Respond ပြန်ပေးပေမယ့် သူ့ပါးစပ်က အာစေးမိသလို တင်းတင်းစေ့ပိတ်လို့ပါလေ။

အာသာ. . . ကိုယ်တော့ ကြာလာရင် ဒီ့ထက်ပိုဆိုးပြီး သွက်သွက်ခါ ရူးသွပ်သွားတော့မယ်ထင်ပါရဲ့။ ကယ်ပါဦးလား အာသာဝတီ။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း (၁၂)

"ကဲ, ပြော"

"ဘာကိုလဲ မေမေ"

မေမေက (သူ့စာကြည့်စားပွဲရှိခုံမှာရှိနေစဉ်) သူ့ခုတင်ပေါ်လာထိုင်၍ မေးလိုက်လေသည်။ Note Pad စာရွက်ပေါ်ကို Text စာအုပ်ဆွဲဖုံးလိုက်ပါ၏။ ဘုရားရေ! မေမေမြင်များသွားပြီလား။

"သား, ကောင်မလေးအကြောင်းလေ"

"အဲဒါက, အင်း. . ."

"မေ့ချာအတူတူပဲလား"



www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းညိတ်ပြလိုက်မိ၏။ ဘယ်အချိန်ထိများ ဖုံးကွယ်ထားလို့ ရပါ့မလဲ။ မေမေက သူ့ရင်ထဲကို ထိုးဖောက်မြင်နိုင်စွမ်းရှိနေတာလေ။

"အခန်းရော တူရဲ့လား"

"ဟုတ်ကဲ့"

"တော်တော်မှလှရဲ့လား သားရယ်. . . မေမေ့သားရဲ့ရင်ကို လှုပ်ခါနိုင်စွမ်းရှိတဲ့အလှဆိုတော့ တော်ရုံသာမန်အလှမျိုးတော့ ဘယ်ဖြစ်နိုင်ပါ့မလဲ။ ဟုတ်ရဲ့လား"

သူပြုံးရုံသာပြုံးလိုက်မိ၏။ မေမေကတော့ ကိုယ့်ကိုမရမကလိုက်အစ်နေပြီ အာသာ။ မင်းနဲ့ကိုယ် ချစ်သူတွေမဖြစ်သေးခင် ဝန်ခံရမှာဆိုတော့ ကိုယ်ဝန်လေးနေမိတာအမှန်ပါပဲ။

"ဆံပင်ရှည်ရှည်လေးပေါ့လေ"

"ဗျာ!"

သူအံ့သြသွားရပါ၏။ သူမကိုမြင်ဖူးတာမဟုတ်ဘဲနဲ့ မေမေဘယ်လိုများ သိနေတာပါလိမ့်။ သူတက်နေတဲ့ကျောင်းကိုလည်း တစ်ခါမှ မလိုက်ဖူးတဲ့လူက ဘယ့်နှယ်က ဘယ်လိုဖြစ်ပြီး သူမဆံပင်ရှည်တာကို သိသွားရတာပါလဲ။





"မေမေ ဘယ်လိုသိတာလဲ"

"ဝန်ခံတာကလည်း အသက်မပါလိုက်တာ။ စာရွက်ကိုဖုံးမနေနဲ့။ အဲဒီကဗျာဖတ်မိလို့ သိသွားရတာပဲ။ ဘာတဲ့. . . မင်းဆံပင်လေးတွေလေမှာအလွင့်၊ ပန်းပွင့်လေးက ရှိုက်ရင်းကြွေ၊ မောင်ဘယ်လိုနေရမလဲဆိုလား။ ကဗျာကတော့ လူငယ်တွေ Heart ထိမယ့်စကားလုံးတွေဖြစ်နေတာအမှန်ပဲ"

"အာ, မေမေက ဘာလို့ ကျွန်တော့်ကဗျာတွေကို ခွင့်မပြုဘဲ ဖတ်ရတာလဲ၊ ခက်ပြီဗျာ"

"အံမာ, ရှင်လေး ဒီလိုတွေရေးရအောင်လို့ ဒါမျိုးစာရွက်တွေကို ဘယ်သူဝယ်ပေးထားသလဲ. . . ပြောပါဦး ကိုသားဦးငယ်ရဲ့"

"အဲ"

သူ ဘာပြန်ဖြေရမလဲမသိဘဲ နားသယ်စပ်ကို လက်ညှိုးဖြင့်ကုပ်ရင်း ရှက်ရယ်ရယ်ချလိုက်တော့သည်။ မလွယ်မှန်းသိပေမယ့် မေမေ့ကို သူ ဘာကြောင့် ညာချင်နေရတာပါလိမ့်နော်။

"ကဲပါ၊ ပြောမယ့်ဟာသာ ပြောစမ်းပါကွယ်"

"အား, ဖေဖေသိရင် ဆူမှာဆို"

"ဒါက မေမေလျှို့ဝှက်ထားပေးရင်ပြီးတဲ့ကိစ္စပါသားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူ မျက်ခုံးကို လက်မလက်သည်းဖြင့် အသာခြစ်ကာ ခပ်မဲ့မဲ့လေးပြုံးလိုက်မိတော့သည်။ သားဖြစ်တဲ့လူ ရည်းစားထားမယ့်ကိစ္စကို အမေလုပ်သူနဲ့တိုင်ပင်ရတယ်ဆိုရင် ရာဇဝင်တော့ တွင်တော့မယ်ထင်ပါရဲ့။

"သူ့နာမည်က အာသာဝတီတဲ့"

"ဘယ်လို! အတော်လေးနန်းဆန်တဲ့နာမည်မျိုးပါလား"

"ဟုတ်တယ်၊ မေမေမြင်ရင် သူ့ကို ပိုတောင်မှ သဘောကျမှာသေချာတယ်"

"အံမယ်, မေမေနဲ့သားက အကြိုက်တူတာကျနေတာပဲ"

"တကယ်ပြောတာမေမေရဲ့။ အာသာက မြင်တာနဲ့ ရင်ကိုအေးစေတဲ့အလှပိုင်ရှင်လေးပါ။ တခြားမိန်းကလေးတွေနဲ့လုံးဝမတူဘဲ သီးခြားသီးသန့်လေးဖြစ်နေတာ။ အမူအရာရော၊ ပြင်တာဆင်တာ၊ လမ်းလျှောက်တာလေးကိုက ညင်ညင်သာသာလေးနဲ့ အပင်ထက်က ပန်းပွင့်လေးခုန်ဆင်းလာသလို နွဲ့နွဲ့နှောင်းနှောင်းလေး"

ပြတင်းပေါက်ကတဆင့် မှောင်ရိပ်သန်းနေပြီဖြစ်သည့်မြင်ကွင်းကိုငေးကြည့်ရင်း စကားကိုခပ်တိုးတိုးနှင့်ဖြည်းဖြည်းချင်းပြောနေမိလေသည်။ အာရုံထဲမှာ တဖျတ်ဖျတ်ပေါ်လာသည့် ပုံရိပ်လေးက စက္ကန့်မလပ်





မြင်နေဆဲပါပဲ။ အိပ်ရာထက်လှဲနေရင်လည်း စာအုပ်တွေ၊ ပြတင်းမှန်တွေပေါ်မှာ တစ်ခါတစ်မျိုးမရိုးအောင် ထင်နေတတ်တာလေ။

"သူ့အသားရောင်လေးက ဝင်းဝင်းလေး။ လက်ချောင်းလေးတွေရော၊ ခြေချောင်းလေးတွေပါ ဖြူဖြူဖွေးဖွေးလေးနဲ့ ရှည်ရှည်သွယ်သွယ်လေးတွေ။ ကိုင်ကြည့်ချင်စိတ်ဖြစ်ပေမယ့် ထိရက်စရာမရှိအောင်ကို လှတာ။ တခြားကောင်လေးတွေ လိုက်ကြည့်,လိုက်စတော့ မျက်နှာတစ်ခုလုံးနီရဲပြီး ရှက်နေတာကို ကြည့်လို့မဝခဲ့ဘူး"

"ဆက်ပြောဦးလေ"

"ဟင်"

နံဘေးမှ မေမေ့အသံကြောင့် သူအလန့်တကြားဖြင့် သတိဝင်သွားရပါ၏။ အလိုလေး! ပြောရင်းပြောရင်း အရှိန်တက်နေ၍ ဘေးမှာ မေမေရှိနေတာကို မေ့သွားတဲ့အဖြစ်ရယ်လေ။

မျက်ခုံးပင့်ရင်း ပြုံးစစဖြင့်ကြည့်နေသည့် မေမေ့ကိုကြည့်မိစဉ်သူ့မျက်နှာတစ်ခုလုံး ထူပူသွားရလေ၏။ ရှက်လိုက်တာနော်။ ကိုယ်ချစ်မိနေတဲ့မိန်းကလေးတစ်ယောက်အကြောင်းကို မေမေ့ရှေ့မှာ တဖွဲ့တနွဲ့တန့်တလျားပြောနေမိတာများ သတိလက်လွတ်ဖြစ်နေတာလေ။

"မေမေ. . . ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း၊ မရှက်ပါနဲ့သားရဲ့။ ဒီအရွယ်မှာ ဒီလိုအတွေ့အကြုံမျိုးနဲ့ ကြုံတတ်တာ သဘာဝမှန်း မေမေနားလည်ပါတယ်"

"မေမေနဲ့. . . မေမေနဲ့ဖေဖေတွေ့တော့ ဘယ်အရွယ်ရှိပြီလဲဟင်"

မရဲတရဲမေးခွန်းက အထစ်ထစ်ငေါ့ငေါ့ရယ်ပါ။ မေမေက ဟက်ခနဲရယ်မောလိုက်ပြီး သူ့ခေါင်းကိုအသာပုတ်လိုက်လေ၏။ မေးသင့်ပါရဲ့လား၊ ဆင်ခြင်တုံတရားမဲ့စွာမေးလိုက်မိသည့်မေးခွန်းအတွက် မေမေ့ကိုအားနာ မျက်နှာပူသွားမိပါသည်။ မတတ်နိုင်ပါဘူးလေ။ မေးမိပြီးမှတော့ ဘွာခတ်လို့ ဘယ်ရပါတော့မလဲ။

မေမေ့မျက်နှာကိုကြည့်ရတာတော့ စိတ်ဆိုးပုံမပေါ်ပါချေ။ တော်ပါသေးရဲ့။ သူ့အရွယ်သားလေးကို နားလည်ပေးလို့သာပဲ။ နို့မို့ သူ့ကိုဒေါပွပြီး ထအော်တာကို ခံရနိုင်တာလေ။

"သား၊ ဖေဖေနဲ့မေမေတွေ့တော့ မေမေ့အသက် (၂၂)နှစ်ရှိနေပါပြီသားရဲ့။ ဘွဲ့ယူပြီးတော့ အပြင်ကို သိပ်တောင်မထွက်ဖြစ်ဘူး၊ သားဘိုးဘိုးကလည်း မေမေ့ကိုစိတ်ချလက်ချမရှိတာနဲ့ ဘယ်အလုပ်မှလည်းမဝင်ရဘူးလေ။ အဲဒါလေးလေးက သူ့ကုမ္ပဏီမှာတော့ ဝင်ရမယ်လို့ပြောတာနဲ့ သင်တန်းတက်ဖြစ်တာ"

မေမေက သူ့ကိုပြောနေရင်း အတိတ်ကိုပြန်သတိရသွားပုံဖြင့်





ငေးငေးလေးဖြစ်သွားကာ ပြုံးသွားလေ၏။ မြင်မြင်ချင်းချစ်ခဲ့တဲ့ အချစ်ဆိုရင်တော့ မေမေနဲ့ဖေဖေဟာ ဒီကမ္ဘာပေါ်မှာ ကံအကောင်းဆုံးချစ်သူစုံတွဲဖြစ်မှာ အသေအချာပါပဲ။

"အဲဒီအချိန်တုန်းက သားဖေဖေက ကုမ္ပဏီဝန်ထမ်းတစ်ယောက်ဖြစ်နေပြီလေ။ သူမောင်းလာတဲ့ကားနဲ့ လမ်းကူးနေတဲ့ မေမေတို့သူငယ်ချင်းနှစ်ယောက်ကို တိုးမိရင်းဆုံခဲ့တာပေါ့။ အဲဒီတုန်းက မေမေလန့်ပြီး သတိလစ်သွားလို့ ဆေးရုံကို သူပွေ့ပြီး ပို့ပေးခဲ့တာလေ"

အားပါးပါး. . . ရုပ်ရှင်တွေထဲကအတိုင်း ကဗျာဆန်ဆန်တွေ့ဆုံမှုပါပဲလား၊ ပိတ်ကားပေါ်မှာ ပြသလို'တစ်ကွက်ချင်းမြင်ယောင်စေတာလေ။ ဒါဆိုရင်တော့ ဖေဖေ့အတွက် မေမေဟာ နတ်ပြည်က ရှာတရက်ဘုံကြိုးပြတ်ပြီးကျလာတဲ့နတ်သမီးလေးလို အဖိုးတန်ရတနာလေးပါပဲလား၊

"မေမေ့ကိုဖွင့်ပြောတော့ရော"

"အမလေး၊ မပြောချင်ပေါင်အေ၊ အဲဒီဆေးရုံက ဆင်းပြီးကတည်းက မေမေ့အိမ်ရှေ့ မြောင်းပေါက်ရုံမက ရေကာတာကြီး ကျိုးကျသလိုပင်လယ်ဝေတော့တာပါပဲ၊ ရောက်လာလိုက်တာမှ နေ့တိုင်း၊ သားဘိုးဘိုးကိုလည်း မကြောက်၊ ရှက်ရမှန်းလည်း မေ့၊ သားဖေဖေက အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ဖျတ်လူးသည်းသည်းလှုပ်ဖြစ်ခဲ့တာလေ။ ဒီလောက်တကျောင်းကျောင်းလာနေမှတော့ အဲဒီသတင်းက သားဘိုးလေးဆီ ပေါက်ပါလေရော။ လေးလေး ဘီလူးဆိုင်းကပြီး ဒေါသတွေဖြစ်လိုက်တာမပြောပါနဲ့၊ ဖေဖေ့ထက် လေးလေးက မေမေ့ကိုပိုချစ်တော့ ဒင်းကို စိစိညက်ညက်ကျေအောင် အသေသတ်ချင်တာလို့ပြောတာနဲ့ မေမေ့ကို မရမကခိုးမယ် ဖြစ်ပါလေရော။ မေမေ့မှာ ဖေဖေ့ကိုအကျိုးအကြောင်းသေချာပြောပြပြီး ခေါင်းညိတ်လိုက်ရတာရှင့်. . . သိရဲ့လား''

သူ့ မေမေနှင့်အတူ ရယ်လိုက်မိပါ၏။ ဟိုတုန်းက ရုပ်ရှင်ကားလို မေမေတို့ချစ်ခြင်းက ပီပီပြင်ပြင်ကြီးလှုပခဲ့တာပါလား။

''ဖေဖေ ဗိုးကံကောင်းဖြစ်ခဲ့တာပေါ့နော်''

''ဟုတ်တာပေါ့၊ အဲဒီလိုပဲ မေမေ့သားကိုလည်း ကံကောင်းတဲ့သားလေးအဖြစ် မေမေမြင်ချင်တာ အမှန်ပါပဲသားရယ်''

''ကျွန်တော်လည်း ကံကောင်းချင်တာပေါ့မေမေရယ်။ ဒါပေမဲ့ လက်တွေ့မှာ မေမေမျှော်လင့်ထားသလိုမျိုးဖြစ်မလာရင် ကျွန်တော်ရင်ကွဲရမှာဗျ''

''အလိုတော်. . . စစ်မရောက်ခင် မြားကုန်တဲ့အဖြစ်ပါလား သားရဲ့''





''ဟုတ်ပါတယ်၊ အကယ်၍များ ကျွန်တော်ပြောလိုက်မှ သူငြင်းလိုက်ရင်ဆိုတဲ့အတွေးက တွေဝေစေပြီး စိတ္တဇဖြစ်စေတာအမှန်ပါ''

''ဖြစ်ရလေ၊ သားက ယောက်ျားလေးလေ။ သားဘက်က စပြီးဖွင့်ပြောမှ တစ်ဖက်က သေသေချာချာစဉ်းစားပေးလို့ရမှာပေါ့သားရဲ့။ ကိုယ်က ရှေ့တစ်လှမ်းတိုးမှ သူနဲ့ပိုနီးတော့မပေါ့။ အဲဒီလိုမဟုတ်ဘဲ သတ္တိမရှိ တုံ့ဆိုင်းနေရင် သူများဦးသွားပြီး ကိုယ်ပဲကျန်ရစ်ဖြစ်ရမှာလေ''

သူ့ ရင်မောသွားရပါ၏။ ဖွင့်ပြောဖို့သတ္တိတွေ ရှိရမယ်ဆိုပါလား 'အာသာ'။ မင်းအနား နီးနီးကပ်ကပ်ထိုင်ရဖို့ကိုတောင်မှ ကိုယ်အတော်လေးစွန့်စားခဲ့ရတာပါ။ မင်းကိုယ်သင်းနံ့လေးကို ရှူရှိုက်လိုက်မိရုံနဲ့ အသက်ရှူတာတွေ ကပြောင်းကပြန်ဖြစ်ကုန်တာ။ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ပြီး ဘာပဲကိုင်ကိုင် လက်မမြဲဘဲ ကယောင်ခြောက်ခြားတွေဖြစ်ကုန်တာကို ကိုယ်ဘယ်လိုများ သတ္တိမွေးရပါ့မလဲ။

''ကျွန်တော်, သူသိအောင် ဘယ်လိုပြောရမှာလဲ''

''ဩော်, အဲဒီလောက်အထိတော့ ကျွန်မလည်း မသင်ပါရစေနဲ့ ကိုသားဦးငယ်၊ သဘာဝကပေးတဲ့ခံစားချက်ကို သဘာဝအတိုင်း သဘာဝကျကျလေးပဲလုပ်ပါ။ မေမေကတော့ သားချစ်တဲ့မိန်းကလေးဟာ မေ



www.burmeseclassic.com

www.burmeseclassic.com

မချစ်ရမယ့်ချွေးမအဖြစ် Ever welcome ဆိုပြီး ကြိုနှင့်ပါ့မယ်''

မမေမေခနဲ့တဲ့တဲ့ပြောတာကြောင့် သူပြုံးမိရင်း သက်ပြင်းခိုးရှိုက်လိုက်မိပါ၏။ ခက်ချေပြီကော အာသာ၊ မင်းနဲ့ဆုံပြီးကတည်းက ကိုယ့်မှာ သက်မတွေ အကြိမ်ကြိမ်အခါခါချနေမိတာ အကြိမ်ပေါင်းမနည်းတော့ ဘူးလေ။

''ကဲ, First Year မဖြေခင်လောက်ကတည်းက ဖွင့်ပြောနိုင်ဖို့ သတ္တိမွေးပေါ့လေ။ ဒါမှ Second Year တက်တော့ အဖြေပြန်ရမှာ။ ဟော, Third Year လည်းပြီးရော Engage လုပ်ရရော၊ B.sc ယူပြီးတော့ Wedding ပေါ့။ step by step သွားပေတော့ သားဦးငယ်''

''မေမေကလည်း အလုပ်မရှိဘဲ မိန်းမယူမယ်ပြောရင် ကျွန်တော့်ကို ဖေဖေအိမ်ပေါ်က ကန်ချရောပေါ့ဗျ''

''ဩော်, ဒါများ အချိန်တန်ရင် ဦးမင်းဦးရဲ့ကုမ္ပဏီကို သူ့ရဲ့တစ်ဦးတည်းသောသားက အမွေဆက်ခံလိမ့်ပေမပေါ့သားရယ်။ တွေးပူမနေနဲ့။ သားဘက်ကသာ တိုက်ပွဲစဖို့ပြင်ပေတော့၊ ကဲ, ညဥ့်နက်နေပြီ၊ မေမေသွားအိပ်တော့မယ်။ Be brave... သား''

မေမေက သူ့ခေါင်းကို အသာပုတ်ကာ အခန်းတံခါးကိုပြန်စေ့





ပိတ်သွားလေ၏။ 'သတ္တိရှိပါ'တဲ့။ ကိုယ်ဘယ်လိုလုပ်ရပါ့မလဲ အာသာ။ အရဲကိုးပြီး မင်းကိုသိစေချင်လို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကိုယ်ကြိုးစားပမ်းစားပြုလုပ်မယ့် အစီရင်ခံစာကိုတော့ ကျေးဇူးပြု၍ မပယ်လိုက်ပါနဲ့လို့ ပြောပါရစေလား။

အချစ်ဆိုတာ ရင်ကိုအေးမြစေတဲ့ စမ်းရေလို့ ဆိုရိုးရှိကြပေမယ့် ကိုယ့်မှာအခုလောလောလတ်လတ်ရင်ပူနေတာက ဘာကြောင့်များပါလိမ့်၊

ဩော်, မောင့်အချစ် 'အာသာ'ရယ်။


www.burmeseclassic.com

www.burmeseclassic.com





## ရင်ခွင်လမ်း

ချစ်သူ...
မြင်မြင်သမျှအရာအားလုံးဟာ
　　မင်းပုံရိပ်တွေပဲဖြစ်နေခဲ့တယ်...
ခြေတစ်လှမ်းအကြွမှာ
　　အသက်ရှူမှားခဲ့ရတာလည်း အကြိမ်ကြိမ်..
ကိုယ်ရနံ့လေးတစ်ရှိုက်မှာ
　　ရင်ခုန်သံရပ်ခဲ့ရတာကလည်း အခါခါ...
အာရုံမှာစွဲပြီ
　　အိပ်မက်ထဲစွဲလန်း
မေ့မကာမ်းနဲ့
　　မျှော်လင့်ခြင်းရက်စွဲရှည်
သက်သေတွေသာရှိရင်
　　မြင်သာအောင် ပြလိုက်ချင်ပါရဲ့
ယောဒီကမ္ဘာပေါ်မှာ
　　မြေလွှာကို သက်သေထူလို့
နောင်ဘဝအဆက်ဆက်

မျှော်ပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရွှေလက်ချင်း ဆက်ပါရစေ
အသည်းအသက်ကိုထပ်တူပြု
ရာစုနှစ်ထောင်ချီ
ဤကမ္ဘာတည်နေသရွေ့
နှလုံးသားချင်းဖလှယ်
ကြည်ဖြူစွာလက်ကမ်း
စောင့်စားသူရဲ့ရင်ခွင်လမ်းကို
သဒ္ဒါအားဖြူ လှမ်းလာပါတော့လား
မောင့်ချစ်သက်လယ်...



## အခန်း.(၁၃)

မနက်စောစော ကျောင်းသွားချင်စိတ်က စောနေတာမို့ တစ်ညလုံး ကောင်းကောင်းပင်အိပ်မပျော်။ IT ခေတ်မှာ ဆန်းသစ်တဲ့လုပ်ရပ်မျိုးမဟုတ်တဲ့ ရိုးစင်းတဲ့လမ်းဟောင်းကိုပဲ ကိုယ်လျှောက်မှာပါ 'အာသာ'၊ 'နှုတ်တစ်ရာ စာတစ်လုံးဆိုသလို နှုတ်ကထွက်လာသမျှစကားတိုင်းဟာ လျှာဖျားရဲ့ပေါ့ပါးတဲ့ကစားဟန်တွေပဲ ဖြစ်နေမှာပါ။

လေးနက်ခြင်းများစွာနဲ့ရေးဖွဲ့ထားတဲ့ (နှလုံးသွေးကဖြစ်တည်တဲ့ စကားလုံးတွေ စီထားတဲ့) ကိုယ့်ကဗျာလေးကိုခံစားပြီး ပြန်လည်ဝေမျှပေးပါ 'အာသာ'...



www.burmeseclassic.com

www.burmeseclassic.com



It is first step that is troublesome.

'ပထမဆုံးသောခြေလှမ်းသည် ခက်ခဲလေ၏'တဲ့။ အစမှာတော့ အခက်အခဲဆိုတာနဲ့ကြုံရမယ်ဆိုတာကို သူကြိုတင်သိနှင့်နေပါတယ်လေ။ သို့သော်.. အဲဒီအခက်အခဲရဲ့နောက်ကွယ်မှာတော့ ကံကောင်းခြင်းတွေ ရှိနေစေချင်တာအမှန်ပါပဲ။

"သားနိုးပြီလား"

"နိုးပါပြီမေမေ"

"ဒါဆိုလည်း Breakfast စားရအောင် ဆင်းလာတော့လေ။ မေမေ ဒီမနက် သားကြိုက်တဲ့မုန့်ဟင်းခါး ချက်ထားပေးတယ်"

"ဟုတ်ကဲ့"

Time Table တိုက်နေရင်း အခန်းအပြင်မှ မေမေပြောသွားတာကို လှမ်းဖြေလိုက်ရ၏။ အိုး. . . ရင်တွေခုန်နေလိုက်တာမှ ပရမ်းပတာပါပဲလား အာသာရယ်။ လူမသိအောင် ခိုးလုပ်ရတဲ့အလုပ်မျိုး တစ်ခါမှ ကိုယ်မလုပ်ခဲ့ဖူးဘူးတာအမှန်ပါ။ အခုတော့ ကိုယ်အရဲကိုးပြီး လုပ်ဆောင်ရတော့မှာလေ။

လှေကားမှ ခပ်သွက်သွက်ဆင်းခဲ့စဉ် ခြေချော်ကျမလိုဖြစ်သွားတာမို့ လှေကားလက်ရမ်းကို အံမြန်ဖမ်းကိုင်ဆုပ်ထားလိုက်ရပါ၏။





အလိုလေး! ဒုက္ခဖြစ်တော့မလို သိသိလေးပါလား။ ရင်တွေတုန်လိုက်တာနော်။

ထမင်းစားခန်းအဝမှာ အသက်ကိုခပ်ပြင်းပြင်းရှူလိုက်ပြီးမှ ဝင်ခဲ့ရ၏။ ဖေဖေက စားပင်စားနေချေပြီ။

"စောလှချည်လား, အခုမှ (၇)နာရီခွဲပဲရှိသေးတယ်။ မင်း,သားက ကျောင်းသွားဖို့ Rady ဖြစ်နေပါရောလား,ငယ်။ ကြည့်လည်းပြောပါဦး"

မေမေက သူ့ဖို့ မုန့်ပန်းကန်ထဲ ဟင်းရည်ထည့်ပေးရင်း ပြုံးလိုက်လေ၏။ သူက အမြဲ ဖေဖေနှင့်မျက်နှာချင်းဆိုင်ရှိခုံမှာထိုင်ရတာမို့ အမြဲပဲ ဖေဖေနှင့်ထိပ်တိုက်ရင်ဆိုင်ရတာလေ။

"တစ်ခါတစ်လေ စောစောသွားတာပဲရှင်၊ ယောက်ျားလေးပဲ"

"ယောက်ျားလေးက စောပြီးသွားစရာလားကွ၊ အလုပ်မဟုတ်တာ"

"လူငယ်ပဲ ရှင်ရဲ့၊ ဘယ်လိုဖြစ်ပြီး အပြစ်ကမြင်နေတုန်း"

"ငါပြောရင် မင်းအမြဲကာဆီးကာဆီးလုပ်တယ်နော်, ငယ်။ သိပ်မပြောချင်ဘူး. . . အခုမှ ပထမနှစ်ရှိသေး၊ ဒီဇလောက်ရှိုးများပြီး ဘွဲ့မရခင် မိန်းမယူသွားမှ မင်း,မျက်ရည်နဲ့မျက်ခွက်ဖြစ်နေမှာစိုးလို့ ကြိုအသိ



www.burmeseclassic.com

www.burmeseclassic.com



ပေးထားပါရဲ့"

"ဖလူး!. . ."

လျှာပေါ်တင်ဆဲမုန့်က ပူသွားကာ အမြန်မှုတ်ထုတ်လိုက်ရလေသည်။ ကျားသားမိုးကြိုး. . . သူဘာလုပ်မယ်ဆိုတာကို ဖေဖေကြီးများသိနေပါရောလား. . . အဲဒါမှပြဿနာ။

"ပူတယ်လေ သားရယ်၊ ဖြည်းဖြည်းမှုတ်ပြီး စားမှပေါ့။ လျှာကျက်သွားပြီလား"

"ရပါတယ်"

"ရှင်မွေးထားတာ သားယောကျ်ားလေးပါရှင့်။ ဒီအရွယ် ဒီကိစ္စတော့ရှိမှာပဲ၊ သဘာဝကိုမတားဆီးချင်စမ်းပါနဲ့။ ရှင့်အလှည့်တုန်းကနဲ့ ကိုယ်ချင်းစာပါ MD ဦးမင်းဦးရယ်"

"ကိုယ့်တုန်းက မင်းနဲ့ဆုံတော့ အသက် (၂၇)ကျော်နေပြီလေ ငယ်ရဲ့။ အခု မင်းရဲ့သားက ခုမှ (၁၈)ပဲရှိသေးတာ"

"(၁၈)ဖြစ်တော့ ဘာဖြစ်လဲ၊ ရှင်လည်း ဒီအရွယ်တုန်းက မိန်းကလေးတွေကို စိတ်ဝင်စားခဲ့တာပဲမဟုတ်လား"

"ဘာရယ်"

"ကျွန်မမသိဘူး ထင်မနေနဲ့ရှင့်၊ ရှင့်ရဲ့တစ်ပင်တည်း ရင်ထဲက





နွယ်နဲ့ တစ်ပြည်သူ မရွှေထားတို့အကြောင်း အကုန်အစင်သိပြီးသား။ ခင်မျိုးငယ်တို့ကတော့. . . နာမည်နဲ့ ပညတ်သွားရော ခတ်သက်ပါပြီး တတိယမြောက်သတို့သမီးအငယ်လေးဖြစ်ခဲ့ရတာ ဒီနေ့ထိ မမေ့ဘူးဆိုတာ ရှင်သိထားပါ"

"ဟား. . . ငယ်ရာ၊ အဲဒါက အပျော်ရှိခဲ့တဲ့မိန်းကလေးတွေပါကွ"

"အင်းလေ, ကျွန်မကရော ဘာများစွပ်စွဲနေလို့လဲ၊ တစ်ယောက်က ရာသက်ပန် သီလရှင်ဝတ်ပြီး နောက်တစ်ယောက်က နိုင်ငံခြားအပြီးထွက်သွားလို့ ရှင် အသည်းတွေ လေးစိတ်ကွဲနေချိန်မှာ ကျွန်မကိုမျက်စိကျပြီး ရွေးခဲ့တာမဟုတ်လား။ ယောကျ်ားတွေများ လျှာဖျားလေးနဲ့ ညာစားတိုင်း ရမယ်ထင်နေ။ မေမေ့သားကိုတော့ မှာထားပါရဲ့နော်၊ သားအလှည့်မှာတော့ အပျော်ပဲဖြစ်ဖြစ်, ခဏပဲဖြစ်ဖြစ် ရင်တစ်ချက်ခုန်စေလိုက်တဲ့မိန်းကလေးမျိုးနဲ့ အချိန်ပိုရည်းစားတွေ မထားမိပါစေနဲ့လို့ မေမေ တင်းတင်းကျပ်ကျပ်တားမြစ်ထားမယ်။ တစ်ယောက်ဆိုမှတစ်ယောက်, မျက်စိအောက်ကျလုမတတ်ဖြစ်ပြီး ချစ်တဲ့မိန်းကလေးနဲ့ပဲ သမီးရည်းစားဖြစ်ရမယ်။ သူ့ကိုပဲ ရိုးမြေကျလက်ထပ်ပေါင်းဖက်ရမယ်၊ ဒီလိုမဟုတ်လို့ကတော့ မင်းအဘိုးလေးလက်ချက်နဲ့ အသက်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြီသာမှတ်. . .”

မေမေက ခပ်တည်တည်မျက်နှာဖြင့် လက်ညှိုးထောင်ကာ ကြိမ်းတော့ သူ ဇက်ပုသွားရပါ၏။ ကဲ, အဲဒါ သူကိုဆုံးမတဲ့ မေမေ့ကန့်သတ်ချက်တဲ့လေ။ ဖေဖေ ဂဏ္ဍိဂရောင်ကျလို့မရအောင် စကတည်းက ချိုလိုက်တဲ့ မေမေ့ကျွမ်းကျင်မှုက အံ့ဖွယ်ပါပဲ။

“ကလေးကို (၁၈)နှစ်နဲ့ ရည်းစားထားဖို့ လမ်းကြောင်းပြပေးတဲ့ မအေတဲ့။ ဘယ်လိုလဲ. . .”

“ဘာဖြစ်လဲ. . . အဲဒီလိုကြိုပြောထားမှ သားက လုပ်ချင်ရာ စွပ်လုပ်မလာမှာပေ့ါ။ ကျွန်မက ကလေးကို အတင်းကြီးချုန်းအုပ် ထိန်းချုပ်တာမျိုး မုန်းတာ ရှင်သိတယ်မဟုတ်လား”

“ထားပါတော့. . . တဆိတ်ရှိ မင်းလေးလေးနဲ့တိုင်မယ်ပြောတဲ့ အကျင့်ကို ဖျောက်စမ်းပါကွ”

“ရှင်က လေးလေးကိုပဲ လန့်တာလေ”

“တကတည်းမှ သူ့တူမကိုယူမိတဲ့အငြိုးက ပြေပဲမပြေနိုင်ဘူး။ မြေးအထိ ပါနေတာတော့ လွန်တယ်”

“ဟုတ်တယ်လေ၊ နို့မို့ ကလေး,မနှစ်သက်တဲ့မိန်းကလေးမျိုးနဲ့ ရှင် အတင်းပေးစားရင်. . . ဘယ်နှယ့်လုပ်မလဲ။ ဟိုတလောလေးကပဲ





Dinner သွားစားပြီး ကုမ္ပဏီ Member ရဲ့သမီးလေးက ချစ်ဖို့ကောင်းတယ်၊ ယဉ်ယဉ်လေးချောတယ်ဆိုပြီး ပြန်ပြောပြသေးတာလေ။ အမယ်လေး. . . ငယ်တို့က တစ်ထွာပြရင် တစ်မိုင်လောက်က ကြိုမြင်ထားပြီးသား။ နှလုံးသားကို ဈေးကွက်တင် ရောင်းစားတဲ့အဖြစ်မျိုးနဲ့ ငယ့်သားကိုတော့ မရင်းနိုင်ဘူးဆိုတာ အပြတ်ပြောထားပါရဲ့”

“အေး, ခေါင်းပေါ်ကျပ်ကျပ်တင်ထား. . . နောက်မှ ခပ်ဆိုးဆိုး ဗိုလ်ကျကျချွေးမကို မင်း,သား ခေါ်ချလာမှ ဒူးနဲ့မျက်ရည်မသုတ်နဲ့ ဒေါ်ခင်မျိုးငယ်ရေ့”

မေမေက သူကိုမျက်လုံးပင့်၍ အသံတိတ်မေးလိုက်လေ၏။ ဘယ့်နှယ်လုပ်ရပ့ါမလဲ. . . အာသာတောင် ခုထိ အိမ်ကကားနဲ့ ကြိုပို့သွားပြန်နေရတာ။ သူမ ဆိုးမဆိုး,ဂျစ်မဂျစ်ကိုလည်း သူမခန့်မှန်းတတ်။ လိမ္မာလား မလိမ္မာလားလည်း မချိန်ဆနိုင်။ သူ့ဟာက ရည်းစားကို လစဉ်ကံစမ်းပြီး ထိုးရတဲ့ထီလိုမျိုးသဘောထားပြီး ချဉ်းကပ်ရမှာလေ။

လောလောဆယ်မှာတော့ မေမေနဲ့ဖေဖေရဲ့စကားစစ်ထိုးနေတဲ့ စက်ကွင်းထဲကလွတ်ဖို့ အဓိကပဲမဟုတ်လား. . .

“ကျွန်တော်က အဲဒီလိုမိန်းကလေးမျိုး ရွေးမှာမှမဟုတ်တာပဲ ဖေဖေရဲ့”



www.burmeseclassic.com

www.burmeseclassic.com



"စကားကို ပေါ့ပေါ့လေးမပြောစမ်းနဲ့ သားဦး"

"ဒီလောက်တော့ မိဘတွေမပြောလည်း ကျွန်တော်နားလည်ပါတယ်ဖေဖေ"

"ပြောတာတော့ မင်းအမေ့နားစည် ငွမ်းဆီထိပဲ၊ လက်တွေ့ခေါ်လာတော့မှ နဖူးတွေ့ဒူးတွေ့မြင်ရချည်သေးရဲ့"

"ကဲ, ငြိမ်ခံမနေစမ်းနဲ့ သားရယ်။ မေမေ့ကိုပြောထားတဲ့တစ်ယောက်ကို ညနေပြန်လာရင် တစ်ခါတည်းခေါ်လာပြစမ်းပါ"

"ဘာ! အခုကတည်းက ရည်းစားထားနေပြီဟုတ်လား သားဦးငယ်"

ဟိုက်! ပြဿနာပဲ၊ သူ့မှာဖြင့် ရည်းစားစာကို ဘယ်လိုနည်းနဲ့သုံးပြီး ပေးရမလဲလို့ ခေါင်းစားနေပါတယ်ဆိုမှ ဖေဖေက သူ့ကိုအတိအကျကြီး စွပ်စွဲနေချေပြီ။

သူ မျက်လုံးပြူးကာ မေမေ့ကိုကြည့်တော့ မေမေက 'ပြော'ဟု သည့်အဓိပ္ပာယ်ဖြင့် သူ့ကို မေးတောင့်ဆပ်ပြလိုက်သေးတာလေ။

ဒုက္ခပဲ. . . သူတော့ ဒီနေ့အတော့်ကိုကံမကောင်းတာပါပဲလား။

"မဟုတ်ပါဘူး ဖေဖေ"

"ဘာမဟုတ်ရမှာလဲ၊ အခုပဲ မင်းအမေက ခေါ်ခဲ့ဆို"





"ဖြစ်နေလိုက်တာရှင်၊ ရှင့်သားကို အဲဒီလိုရဲတင်းတဲ့ကလေးလို့များ ထင်နေလား။ မျက်စိအောက်က အပျောက်မခံအောင် ထားခဲ့တာ၊ အားလပ်ချိန် အခန်းထဲအောင်းပြီး ကဗျာရေး, ဂစ်တာတီး, ဒီအလုပ်တွေပဲ သူ့ဝါသနာရှိတာ၊ အညောင်းမိပြီး ချိုသွားမှာစိုးလို့ ခြံထဲ လမ်းဆင်းလျှောက်ခိုင်းလို့ရတာပဲ တော်လှပြီ"

"ဝါသနာကိုက နှစ်ပြားတစ်ပဲနဲ့ ရေသောက်မိုက်မှောက်ရမယ့်အလုပ်"

"ဘာဖြစ်လဲရှင့်၊ ဒီအချိန် သူ ဝါသနာပါတာလေး စိတ်လွတ်ကိုယ်လွတ်လေး လုပ်ပါစေ၊ ဘွဲ့ယူပြီးရင် ရှင့်ကုမ္ပဏီမှာဝင်လုပ်ရင် ပြီးရောမဟုတ်လား"

"အံမာ! ရမလား. . . ဘာ Experience မှမရှိ ဘာ Certi - ficate မှမရှိဘဲနဲ့များ ငါ့ကုမ္ပဏီမှာ GM ရာထူးမပြောနဲ့၊ မန်နေဂျာတို့ စာရေးတို့ကောင် မရဘူးမှတ်၊ အချိန်တန် လက်ဆေးစားလို့ရအောင် ငါက ထမင်းပွဲအဆင်သင့်ပြင်ပေးထားမယ်မထင်နဲ့"

"ကြီးကျယ်ရန်ကောရှင်"

"ဒီကုမ္ပဏီ ဒီလိုနေရာကို ငါ့မှာ ဘဝတစ်ခုလုံးရင်းပြီး လူပင်ပန်းစိတ်ပန်း အချိန်အများကြီးရင်းနှီးပြီးမှ ရခဲ့တာ။ မင်း့သားလို အရည်



www.burmeseclassic.com

www.burmeseclassic.com



အချင်းမရှိတဲ့ကောင်လက်ထဲ ကလေးကို မုန့်လေပွေကျွေးသလို သူ့လက်ထဲ အလွယ်လေးမအပ်နိုင်ဘူး. . . ဒါပဲ။ ကြိုပြောထားပါရဲ့''

အလိုလေး. . . ဖေဖေ့နှုတ်ကပါ စကားအဆန်းအသစ်တွေ ထွက်လာပါရောလား။ မေမေပဲ ဒီလိုစကားတွေတတ်တယ်လို့ သူထင်ထားတာလေ။ သူ ကဗျာတွေ စပ်တတ်ရေးတတ်တာကိုတောင် မေမေ့ကြောင့် မေမေ့ဆီက ပါလာတာလို့ ယူဆထားမိတာမဟုတ်လား။

တော်လိုက်တာနော်. . . သူ့မိဘနှစ်ပါးစလုံးရဲ့ ခြေမှုန့်ကိုတောင် သူ မီနိုင်ပါဦးမလားဟု သံသယဝင်သွားမိတဲ့အထိပါပဲ။

''အလိုတော်၊ ကျွန်မသားကလည်း ရှင့်ဆီကနေ ကုမ္ပဏီကို လုမယ့် လောဘသားလို့များ ရှင်ထင်နေသလား။ သူ့အသက် (၂၅)နှစ်ပြည့်တဲ့နေ့မှာ လေးလေးဆီကနေ ကုမ္ပဏီပါမက အမွေတွေ သိန်းရာထောင်ချီပြီး ရမှာရှင့်။ ရှင်ပိုင်တာလောက်လေးများ ပျင်းတောင်ပျင်းသေး. . . နော်၊ သားရယ်''

''ဟာ. . . မိန်းမရာ၊ မင်းက ငါနဲ့သားကို ကြားကနေ ရန်တိုက်ပေးနေသလိုပဲ။ သားနဲ့မင်းက တစ်ဖက်၊ ကိုယ်ကတစ်ဖက် ပိုင်းခြားခွဲခြမ်းရအောင် ကိုယ်တို့က မိသားစုဆိုတာကို မမေ့ထားနဲ့လေ''

''သိပ့်ါရှင်. . . သိပ့်။ အဲဒါက ရှင်ကစပြောလို့ ကျွန်မကပြန်ပြော





ရတာလေ။ ရှင့်ကိုယ်ရှင်တောင် လှထက်လှဆိုပြီး မတ်ပြမနေပါနဲ့ရှင်၊ သားကိုယ်ထဲမှာ ရှင့်သွေးတစ်ဝက်တိတိပါတဲ့ဟာ၊ ခပ်တုံးတုံး၊ ခပ်အအ၊ ခပ်နုံနုံ၊ ခပ်နုန၊ ခပ်ညံ့ညံ့၊ ခပ်ထုံထုံ IQ ပဲရှိမယ်လို့ တွေးထားတဲ့ ရှင့် Memory တွေကို လွှင့်ပစ်လိုက်ချည်။ ငယ့်သားကို ငယ်က မိန်းကလေးလို အရိုပ်တကြည့်ကြည့်ပြုစုပေးလာတာရှင့်။ ရှင့်သား အချော်တကောက်ဖြစ်မသွားတာတောင် ကံကောင်းတယ်မှတ်''

သူ ပါးစပ်ပိတ်ရင်း ကျိတ်ရယ်လိုက်မိပါ၏။ မေမေကတော့ ခေတ်သစ်ဂေါ်လီစကားတွေ ကျွမ်းကျင်စွာ ထုတ်သုံးပြနေတော့တာပါလား။

''ဘာလဲကွ၊ အချော်တကောက်ဆိုတာ''

''အခြောက်ကိုပြောတာလေ၊ အခြောက်. . . လုံးရာက ပြားချင်တဲ့ Gay တွေကိုသုံးတာ။ မသိရင် မှတ်ထားပေါ့။ ငယ့်သားလို အလိမ္မာတုံးမျိုး ရှင့် Member တွေတောထဲ ရှာကြည့်စမ်းပါ။ စီးကရက်လက်ကြားညှပ်ဖူးလား. . . Rum မော့ဖူးသလား. . . Beer မြှုပ်ဖူးသလား. . . ညသန်းခေါင်သန်းလွဲ Tea House သွားပြီး ခြံတံခါးကျော်ဝင်လာဖူးသလား။ W တို့ ဒိုင်ယာစီပင်တို့လို စိတ်ကြွဆေးတွေများ On ဖူးသလား၊ ဘုရားမကြိုက်နတ်မကြိုက်၊ မိဘမကြိုက်တဲ့အလုပ်မှန်သမျှ ဘာတစ်ခုမှမလုပ်တတ်တဲ့ သားလိမ္မာမျိုး ရှင့်ရဲ့လူကုံထံအသိုင်းအဝိုင်းထဲမှာ ရှာ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်စမ်းပါဦး''

ဖေဖေနဲ့မေမေ သူ့အကြောင်းနဲ့စကားနိုင်လုနေတာမို့ နှုတ်မဆက်တော့ဘဲ ခုံမှ အသာလေး ထလစ်ခဲ့ရလေတော့၏။



## အခန်း (၁၄)

ကျောင်းကိုရောက်တော့ သူ အစောဆုံးဖြစ်နေလေ၏။ ကျောင်းခန်းတံခါးကိုဖွင့်ဝင်ကာ အတော်ကြာကြာ မတ်တပ်ရပ်နေမိသေးသည်။ ကဗျာစာရွက်ခေါက်လေးနဲ့ နှင်းဆီဝါလေးကို Clip လေးနဲ့ညှပ်ပြီး ဘယ်မှာထားပေးရမလဲဆိုတဲ့မေးခွန်းကို ခုထိမဖြေနိုင်သေးတာပါ။

ဒုက္ခပဲ. . . သူ လက်နှေးနေရင် သူမနား ပျံဝဲနေတဲ့ ပျားပိတုန်းတွေနဲ့ လိပ်ပြာတွေထဲက တစ်ဦးဦးတော့ လက်ဦးမှုရသွားတော့မှာလေ။ ခက်တယ် 'ပန်းကလေး'ရယ်. . .

အချစ်တစ်ပွဲဆိုတာ စစ်ပွဲတစ်ရာနဲ့ညီမျှတယ်လို့ ပြောစမှတ်တွင်


www.burmeseclassic.com

www.burmeseclassic.com

ထားတာမဟုတ်လား။ မြင့်မြတ်တဲ့ယောက်ျားမှန်သမျှ ဘယ်လို ကြမ်းတမ်း ရက်စက်တဲ့စစ်ပွဲမျိုးကို အခက်အခဲမရှိ ဆင်နွှဲအောင်မြင်အောင် စွမ်းဆောင်နိုင်ပေမယ့် နူးညံ့သိမ်မွေ့လွန်းတဲ့အချစ်ရေးမှာတော့ ဒူးတုန်အောင် မဝံ့မရဲဖြစ်လေ့ရှိတတ်တာ သဘာဝပဲမဟုတ်လား. . .

အဲဒီလိုပဲ ကိုယ်လည်း ခံစားနေရတာဆိုရင် မင်း ယုံကြည်ပေးနိုင်မလားဟင်။

"အဲဒါနဲ့ ပုတ်သင်ညိုလေးလို ခေါင်းကိုဆတ်ခနဲညိတ်လိုက်ရောလား မိပို"

"ဘယ်ကသာ မိနိုင်ရာ၊ ကျီးကန်းလိုပိတ်အာလိုက်တာနဲ့ လစ်ပြေးတာမှ တန်းနေတာပဲ။ အမြီးတောင်မမြင်လိုက်ရဘူး. . . အဟုတ်"

'ဝါး'ခနဲရယ်လိုက်သံတို့ကြောင့် အခန်းထဲသို့ သူအမြန်ဝင်လိုက်ရပါ၏။ ကံကမကောင်းချင်တော့များ ဒီနေ့အတန်းထဲစောရောက်လာတဲ့အဖွဲ့က ဟိုခပ်ဝဝအာကျယ်မလေးတို့ဖြစ်နေတာလေ။

ဒုက္ခပါပဲ၊ အဲဒီကောင်မလေးကို ဟိုတလောက (နှစ်စက) ကောင်လေးတွေအုပ်စုခေါ်တာ 'တုတ်တုတ်'ဆိုလား. . . အာသာနဲ့တွဲထိုင်တတ်တာမို့ သူ့လုပ်ရပ်ကို ဒီကောင်မလေးသုံးယောက်တော့ မလွဲမသွေသိကြမြင်ကြမှာလေ။ ဒီတော့ ဒီသုံးယောက်နဲ့ သူ မဖြစ်မနေ သူငယ်ချင်းဖွဲ့ရ





မှာ အသေအချာပါပဲ။

အတန်းထဲဝင်ထိုင်ကြတော့ ဝဝကောင်မလေးက သူနဲ့တည့်တည့်ခုံ (အာသာထိုင်နေကျခုံတန်း)မှာ ဝင်ထိုင်လိုက်ပြီး ကျန်နှစ်ဦးက အဲဒီနောက်တန်းမှာ ထိုင်လိုက်ကြလေ၏။ ခါတိုင်းဆို သူ့ဘက်ကိုကြည့်ပြီးပြုံးလေ့ရှိပေမယ့် ဒီနေ့တော့ တစ်ချက်မှလှည့်မကြည့်ဘဲ နောက်မှသူငယ်ချင်းနှစ်ယောက်နဲ့ လှည့်စကားပြောနေတာမို့ သူတီးတိုးခေါ်လိုက်မိပါ၏။

"တုတ်တုတ်"

". . ."

"ဒီမှာ. . . တုတ်တုတ်"

"ဟင်၊ တို့ကိုခေါ်နေတာလား"

"ဟုတ်ပါတယ်"

"ဘယ်လိုခေါ်လိုက်တယ်"

"ဟိုကောင်လေးတွေခေါ်သလို ခေါ်လိုက်တာလေ။ တုတ်တုတ်လို့"

"သေစမ်း! "

ကောင်မလေးက သူ့မနဖူးကို ဖြန်းခနဲရိုက်၍ ရေရွတ်လိုက်စဉ်


www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ယောက်က မထိန်းနိုင်အောင် ဝါးလုံးကွဲရယ်ချလိုက်လေ၏။

အလို! သူဘာများမှားပြောလိုက်မိပါလိမ့်။

"ကိုသားဦးငယ်"

"ခင်ဗျာ"

"ရှင်က ကျုပ်ကိုတုတ်တုတ်နိုင်နိုင်လို့ သရော်လိုက်တဲ့သဘော ပေါ့လေ. . . ဟုတ်လား"

"ဗျာ! မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ ကျွန်မနာမည် နိုင်နိုင်မှန်းသိသိကြီးနဲ့ ရှင် တမင်တကာ ရှေ့ကနေ တုတ်တုတ်လို့ထည့်လိုက်တာမဟုတ်လား။ ရှင့်ကို ကျွန်မ အကောင်လိုက် တရွတ်ရွတ်နဲ့ဝါးစားမိတော့မယ်နော်၊ ဒေါသတွေ အလိပ်လိုက်အလုံးလိုက်ထွက်လာပြီ ကင်းခြေများလေးရဲ့"

"ဗျာ! "

တဟားဟားပွဲကျနေသည့်နှစ်ယောက်နှင့် မျက်နှာမှာ ရဲရဲနီနေသည့်ဝဝမလေးကို သူနားမလည်စွာဖြင့် တစ်လှည့်စီကြည့်နေမိလေ၏။ တကယ်ပါ. . . သူလုံးဝကိုနားမလည်နိုင်တာအမှန်ပါပဲ၊ အရိုးသားဆုံးပြောပါရစေလား. . .

"ကျွန်တော်. . . ကျွန်တော် ဘာမှားပြောမိလို့လဲဟင်"





"ဟင်းဟင်း. . . ရှင်က သူများတွေ ကစ်ကစ်လို့ခေါ်တာကိုမှတ်မထားဘဲ တုတ်တုတ်လို့ခေါ်မှတော့ နိုင် စိတ်မဆိုးဘဲနေမလား. . . ကိုလူချောရဲ့"

"အဲ, ဟုတ်သားပဲ. . . Sorry...Sorry...အဲဒီကစ်ကစ်ကိုပဲ ခေါ်မလို့ပါ။ ကျွန်တော်မေ့နေလို့"

"ဟွန်း! မေ့တာကလည်း ဆီးသီးနဲ့ ပိန္နဲသီးလောက်ကွာပြီး မေ့နိုင်လွန်းနော်။ ပြော, ဘာလဲ"

"မနောက်ပါနဲ့ဗျာ. . . ကျွန်တော်တောင်းပန်ပါတယ်"

"တို့က ကြည်ပြီးသားပါ Model boy လေးရဲ့။ တောင်းကိုပန်စရာမလိုပါဘူး။ မင်း ပန်ချင်ရင် အပြင်မှာပွင့်နေတဲ့စိန်ပန်းပွင့်လေး သွားခူးပေးပါ့မယ်"

သူ ရှက်ရှက်နှင့် ထိုကောင်မလေးတွေနှဲ့အတူ ရောရယ်လိုက်မိ၏။ ဒီသုံးယောက်နှင့် ရင်းနှီးဖို့လွယ်ပေမယ့် သူ့ပန်းကလေးနဲ့ကျ ရင်းနှီးခင်မင်ဖို့ဝေးလွန်းလှချည်လား. . .

"ဟဲ့, ရယ်တယ်တော့၊ ဒီကလေး သွားပေါက်ပြီထင်ပါရဲ့"

"ဟာဗျာ. . . နိုင်ကလည်း"

"အမယ်မယ်. . . ဒါကရှက်သွားတဲ့ Style ပေါ့လေ၊ ချစ်စရာလေး



www.burmeseclassic.com

www.burmeseclassic.com



နော်. . . ဝိုတူလေး ပေါက်စသာဆိုလို့ကတော့လား"

"ဘာလဲ. . . ရှုတ်ခနဲမွှေးမွှေးလေးပေးလိုက်မလို့လား နိုင်"

"ဘယ်ကသာ, ပါးကိုဆွဲပြီး လိမ်ပစ်လိုက်မှာဟဲ့။ နှစ်ဖက်စလုံး ကိုဖဲ့ပြီး လိမ်မှာ"

ရယ်လိုက်ကြပြန်၏။ လိုရင်းကိုမရောက်နိုင်သေးပါလား။ ခဏနေ အတန်းသားတွေ စုံတော့မှာလေ။

"ကဲ, ပြောလေ၊ ဘာကိစ္စလဲ"

"ကျွန်တော်, အင်း. . . ပန်းကလေးကို ပေးစရာရှိလို့ပါ"

"ပန်းကလေး"

"ဟုတ်ကဲ့"

"ဘာပန်းကလေးလဲ"

"အာသာဝတီကိုပြောတာလေ"

"ဘယ်လို! ဟဲ့, အာသာ့ကို သူက ပန်းကလေးတဲ့၊ အံ့ဖွယ်သုတပါလား နိုင်ရယ်"

"ဟုတ်ပါ့ဟယ်. . . ကဲပါ, ပြော၊ ဘာပေးမလို့လဲ၊ ညည်းစားစာလား. . ."

"မဟုတ်ပါဘူး"





"ဒါဖြင့်ဘာလဲ"

"ဟိုလေ, ပန်းလေးတစ်ပွင့်နဲ့ ကဗျာတစ်ပုဒ်"

"သြော်, ဒါကြောင့် နိုင်ပြောပါတယ်, ဒီကောင်လေး သွားပေါက်ပါပြီလို့။ လက်စသတ်တော့ အာသာ ကဗျာတွေ မကြာခဏရရနေတာ ဒင်းလက်ချက်ကိုး"

ဝေါခနဲလှောင်ပြီး ရယ်ပြန်လေ၏။ ဒုက္ခပဲ. . . ဘယ်သူမှမမြင်အောင် ကဗျာတွေ ထားပေးတဲ့ကိစ္စကို အာသာက ဒီအုပ်စုကိုပြန်ပြောသတဲ့လေ။

"သူ ဖတ်ရောဖတ်ရဲ့လားဗျာ"

"ဖက်တယ်လေ. . . ဖက်လုံးကို ညအိပ်တိုင်း ဖက်ပြီးအိပ်တယ်လို့ သူပြောတာပဲ"

"နိုင်ကလည်း ကျွန်တော် ဘာမှဆက်ပြောလို့မရအောင် စနေပြန်ပါပြီ"

"Sorry...Sorry...နိုင်တို့က ရှင့်ကိုခင်လို့စတာပါ ကိုသားဦးရယ်။ ကဲ, ပေး. . . ဘယ်မှာလဲ ရှင့်ရဲ့ကဗျာတစ်ပုဒ်နဲ့ ပန်းတစ်ပွင့်"

"ဒီမှာပါ"

"အမယ်! နှင်းဆီဝါလေးပါလား။ ဘယ်လိုအဓိပ္ပာယ်နဲ့ပေးတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ. . . ရှင်းပါဦး''

''အဲဒါလား. . . ဟိုလေ, ဟိုညစ္စာ. . .''

''ဘာညစ္စာတုန်း''

''ချစ်ခြင်းရဲ့သင်္ကေတပေါ့ နိုင်ရာ''

''ဩော်, နိုင်သိတာကတော့ ချစ်ခြင်းရဲ့သင်္ကေတဆိုတာ အုန်းခြစ်တွေ သခွားခြစ်တွေကိုပဲပြောတာမဟုတ်ဘူးလား. . . ဒါဖြင့် ဒီပန်းကလေးက စကားတွေအများကြီးပြောမှာပေါ့လေ၊ ထားပါတော့. . . တော်ကြာ လူတွေဝင်လာပြီး မိသွားလို့ ရှင့်ကို အာသာ့ကိုယ်စား ချော့နေရပါဦးမယ်။ ဒါလေးကို ဒီလိုထား. . . ရပြီလား''

သူ ခေါင်းကိုသာ ညိတ်ပြလိုက်ရလေတော့၏။ အာ်သာက လူတော်တော်စုံချိန်မှရောက်လာပြီး စားပွဲပေါ်မှာတင်ထားသည့်ပန်းပွင့်လေးနှင့် ကဗျာခေါက်လေးကို သိမ်းလိုက်လေသည်။

ဒီတစ်ခါတော့ ကဗျာတွေရဲ့ပိုင်ရှင်ဟာ သူပင်ဖြစ်နေကြောင်း နိုင်တို့တွေ ရှင်းပြတော့ သူမမျက်နှာထက်မှာ ရှက်ပြုံးလေးဖြစ်တည်လေ၏။ အဲဒီနောက်ပိုင်းကာလက အတော့်ကို တိုတောင်းစွာကုန်ဆုံးသွားစေတာပင်။

နောက်တစ်နှစ် ကျောင်းတက်တော့ အာသာက သူနှင့်သူငယ်





ချင်းလိုပင် ခင်ပါရစေဆို၍ နိုင်တို့နဲ့အတူ တစ်အုပ်စုလေးဖြစ်ခဲ့ရလေသည်။ အမြဲတမ်း တည်တည်နေတတ်သည့်သူနှင့် ပြုံးပြုံးလေးနေလေ့ရှိသည့်သူမတို့ကို ရယ်တတ်ပျော်တတ်လာအောင် ပြုလုပ်ပေးသည့်လူတွေကတော့ နိုင်နိုင်၊ ငုဝါနှင့် ကလျာတို့အုပ်စုသာဖြစ်လေ၏။

အတိအလင်းမဟုတ်ပါဘဲ ဘယ်သွားသွား တတွဲတွဲ နီးနီးကပ်ကပ်နေမိကြတာမို့ သူနဲ့အာသာ့ကို အတွဲလို့ အားလုံးက အလိုလိုသတ်မှတ်ပြီးသား ဖြစ်ခဲ့ကြတာပါ။ သူငယ်ချင်းအုပ်စုထဲမှာ ဘာညာဘာညာ စကာမျိုးလည်း မပြောဖြစ်ဘဲ ရိုးရိုးသာမန်စကားတွေပဲ ပြောဖြစ်တာမို့ သူမဆီက သူ အဖြေပြန်မရခဲ့ပါချေ။

နေခွက်ဆုံးနှစ်မှာတော့ အဖြူအမည်းသဲကွဲတဲ့အဖြေမျိုး တိတိပပပြန်ပေးမည်ဟု သူမ စကားခံထားပေးတာကြောင့်လည်း သူ့ရင်ထဲက ချစ်စိတ်မှန်သမျှကို မျိုသိပ်ထားခဲ့ရတာပင်။

တကယ်ပါ အာသာ၊ ကိုယ့်ဘဝမှာ မင်းကြောင့် ရန်ခုန်သံတွေမြန်စေခဲ့ရတာအမှန်ပါ။ အချစ်ဆိုတာရဲ့အဓိပ္ပာယ်ကို မင်းကြောင့်သာဘာသာပြန်တတ်စေခဲ့တာလေ၊ ဘယ်အရာကိုပဲကြည့်ကြည့် မင်းအတွက်နဲ့ အရာရာ သိမ်မွေ့စွာခံစားတတ်ခဲ့ရတာပါ။

မင်းမျက်ဝန်းထဲမှာ ကြွင်နာရိပ်တွေ ယှက်သန်းနေခဲ့တာကို သိ



www.burmeseclassic.com

www.burmeseclassic.com



ရှိသေချာပြီးနောက်မှာ အလွမ်းတွေ ဘယ်တော့မှမရှိနိုင်ဘူးလို့ ယုံကြည်ထားခဲ့တာအမှန်ပါပဲ ပန်းကလေးရယ်။

နှုတ်ခမ်းထက်က ချိုမြိန်တဲ့အပြုံးတွေကို ဖမ်းဆုပ်လို့မရနိုင်ခင် Final နှစ်ဝက်လောက်မှာ ကိုယ့်နှားကအရိပ်တစ်ခုလို ပျောက်ကွယ်သွားရတာ ဘာကြောင့်များပါလဲ။

ဘယ်ဝယ်ဘယ်ဆီ လျှောက်ပြေးရှာရမယ်မှန်းမသိအောင် ကိုယ်အရူးတစ်ပိုင်းဖြစ်ခဲ့ရတာပါ။ လှည့်စားတယ်လို့စွပ်စွဲရအောင်လည်း ကိုယ့်ပန်းကလေးက ကိုယ်မဟုတ်တဲ့ တခြားလူတစ်ယောက်နဲ့တွဲပြီး ကိုယ့်ကိုထားရစ်ခဲ့တာမျိုးမှမဟုတ်တာလေ။

အလွမ်းဆိုတာ ရင်းနှီးပတ်သက်ခြင်းနဲ့ နောက်ကွယ်မှာရှိနေရိုးမှန်ရင် မင်းနဲ့ဆက်နွယ်မှုမျိုး ကိုယ်လုံးဝလုပ်ခဲ့မိမှာမဟုတ်ပါဘူး။ သစ်ပင်ဆိုတာ သက်တမ်းကုန်သွားမှ ခြောက်ပြီးသေသွားတတ်တာ မှန်ပေမယ့် ကိုယ်ကတော့ မင်းကိုလွမ်းရင်းနဲ့ ဘဝကြီးတစ်ခုလုံး ခြောက်သွေ့တိတ်ဆိတ်ပြီး ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သွားခဲ့တာအမှန်ပါပဲကွယ်။

လောကမှာ 'မုန်းခြင်း'ထက် 'မေ့ခြင်း'က ပိုပြီးခက်ခဲတဲ့အလုပ်ဆိုတာကို ကိုယ်တိုင်ကြုံမှ နားလည်ခဲ့တာဆိုရင် မင်းရော ထောက်ခံပေးနိုင်ပါ့မလား ပန်းကလေးရယ်။





ညစဉ်ညတိုင်း ခံစားသီဆိုခဲ့သမျှ အလွမ်းသီချင်းတွေကို လေညင်းလေးတွေနဲ့အတူ မင်းဆီကို ပို့ဆောင်ပေးချင်ပါရဲ့။

အခုလည်း ကိုယ် သီချင်းတွေဆိုညည်းနေသံကို မင်းကြားနိုင်ပါ့မလား. . .

'ညလေး×××× မှောင်မည်း×××× တိမ်ညိုတွေများ×××× အလင်းပျောက်ကွယ်×××× (အို)×××× ဒီလိုညမျိုး အိပ်လို့ပျော်အောင်××××လာပြီး××××ဘယ်သူကများ နှစ်သိမ့်မလဲ×××× မင်းကို××××ငါတကယ်မမေ့သေးဘူး××××

လမ်းတစ်ဖက်ကြည့်ရင်×××× အတိတ်တို့ထွက်ပြေး×××× ကြိုးစားမေ့တောင်××××ငါမေ့မရပါ××××

အိပ်မက်လေး မက်ရုံနဲ့××××ငါကြေကွဲတတ်ပြီပဲ×××× အရာရာအရင်တိုင်း××××ငါဟာမမေ့နိုင်ဘူး××××

ဘယ်သူမှ××××မရှိဘူး×××× သန်းခေါင်ယံအောက် ငါတစ်ယောက်တည်း×××× အချစ်ရယ်×××× သိမ်ငယ်ကြေကွဲ ငါ့စိတ်တွေ××××ဟာ××××လောင်ကျွမ်း××××ဘယ်လိုပြန်ငြိမ်းသတ်ရမလဲ (အို) မင်းပြောပါ လွယ်လွယ်ထွက်မသွားနဲ့

လမ်းတစ်ဖက်ကြည့်ရင်××××အချစ်များ တမ်းတမိ××××တို့ရော



www.burmeseclassic.com

www.burmeseclassic.com



လောက်သာxxxxဆုံခွင့်ရရင်xxxx

ဒီလိုအိပ်မက်များနဲ့xxxxငါမကြေကွဲပါရစေနဲ့xxxx ဘာမဆို အရင်အတိုင်းxxxxငါဟာ မမေ့နိုင်ဘူးxxxx

အားလုံးxxxxမမေ့နိုင်ခြင်းများxxxx

အားလုံးxxxx အရာရာအားလုံးxxxxအိုးxxxxပြန်မရရှိတော့တဲ့ ဟိုတုန်းကအချစ်နဲ့xxxxပျော်ရွှင်ရောငါ့ဘဝxxxxနင်ယူသွားxxxx

အိပ်မက်လေး မက်ရုံနဲ့xxxx ငါကြေကွဲရပြီပဲxxxx ဘာမဆို အရင်အတိုင်းxxxxငါဟာ မမေ့နိုင်ဘူးxxxx

ငါတကယ်ကို မမေ့သေးဘူးxxxx

ငါဟာ မမေ့နိုင်ဘူးxxxx

တကယ်ပါ အာသာရယ်၊ ကိုယ့်သံစဉ်တွေကို မင်းသာကြားခွင့်ရခဲ့ရင် ကိုယ့်ရဲ့အလွမ်းအသချှေကို မင်း စာနာနားလည်ပေးနိုင်ပါလိမ့်မယ်။ ခုတော့ အတိတ်ကို ပြန်တမ်းတနေမိတဲ့ သာဦးငယ်ရဲ့အနာဂတ်က လမ်းပျောက်နေတဲ့ လမိုက်ညတစ်ညဖြစ်နေတာကိုဖြင့်. . .

ရွှေပဒေသာစာပေ

အဆုံး

www.burmeseclassic.com

www.burmeseclassic.com


Love doesn't just sit there like a stone, it has to be made, like bread, remade all the time, made new.

(URSULA LEGUIN)

အချစ်ဟာ ကျောက်တုံးတစ်တုံးလို မလှုပ်မယှက် ငြိမ်သက်စွာ ထိုင်နေတာမျိုးမဟုတ်ပါဘူး...

ဂျုံလုံးလေးလို, ပေါင်မုန့်လို, မုန့်ဖုတ်သလိုမျိုး တစ်ချိန်လုံးသာ ပြုလုပ်နေရင် အချစ်ဟာ အစဉ်အမြဲသစ်လွင်တောက်ပနေမှာလေ...

(အာဆူလာ လီဂွင်န်)



## 'ချစ်သူ့လက်ဆောင်'

ကောင်မလေးရေ...

ငါမြင်နေသမျှ အရာအားလုံးဟာ'

မင်းမျက်ဝန်းတွေပဲဖြစ်နေခဲ့တယ်။

တခဏမဟုတ်တဲ့

ခွဲခွာမှုတွေနဲ့အတူ

ဘာကြောင့်များ မေ့လို့မရနိုင်တာလဲ...

ချိန်ရစ်ခြင်းရဲ့အဆုံးမှာ

လွမ်းခြင်းတွေ ဆီးကြိုနေပေမယ့်

(ကိုယ့်အတွက်)

ဆဲဒီလွမ်းခြင်းတွေကပဲ

ခင်းပေးတဲ့ဆုလာဘ်တစ်ခုလို

ရှုနိုက်မှုနဲ့

(ငါ)...

ထုပ်ပိုးခဲ့တာပါ...

ဝေးကွာခြင်းမိုင်တိုင်တွေကြားမှာ

ငါ့နလုံးသားဟာ



www.burmeseclassic.com

www.burmeseclassic.com

တာဝရ စတေးခံဖြစ်ခဲ့ရပြီလား...

ပြန်မဆုံနိုင်မှန်းသိပေမယ့်

မျှော်လင့်နေမိတာလည်း

(ငါ့အတွက်)...

ဝဋ်ကြွေးတစ်ခုလို့ပါပဲ

ကောင်မလေးရယ်...

ဖြစ်ပျက်ခဲ့တဲ့အရာအားလုံးကို

မေ့ထွေ့ထားမေ့ပြီး

ငါ့ရင်ခွင်ထဲ ပြန်လာခဲ့ပါလို့...



## အခန်း (၁၅)

"အဲဒါတော့ ဘိုးဘိုး မတာရားတာပဲ"

"ဟဲ့, ဘာတွေဖြစ်နေပြန်ပြီလဲ ကစ်တီ"

"မာ စဉ်းစားကြည့်လေ၊ မမ ရည်းစားထားတာအပြစ်လားလို့။ ဒီအရွယ်မှမရရင် ဘယ်အရွယ်မှရတော့မှာလဲ၊ Final တက်နေရင်း တန်းလန်း ကျောင်းထွက်ခိုင်းတာ အလုပ်မှမဟုတ်ဘဲ"

"အမယ်လေးလေ. . . အဲဒီလေသံပြောပေါက်မျိုး ညည်းအဘိုးရှေ့ သွားမပြောမိလေနဲ့ နတ်သမီးရေ။ နင့်ဘိုးအေကြီး ခြေစုံခုန်ပြီး ဒေါသ ငယ်ထိပ်တက်သွားပါဦးမယ်။ ခက်တဲ့ကလေးပဲ"



www.burmeseclassic.com

www.burmeseclassic.com

"မာတို့က နည်းနည်းပါးပါး ဝိုင်းပြောပေးမှပေါ့။ နို့မို့ မမဘွဲ့မရဘဲဖြစ်သွားမှာ"

"အဲဒါလူကြီးတွေကိစ္စ၊ ညည်းနဲ့မဆိုင်ပါဘူး။ ကလေးပီပီ အသာနေစမ်း! သမီးရယ်။ သူစိတ်ပြေရင် Final Exam တော့ ဖြေခိုင်းချင်ဖြေခိုင်းဦးမှာ။ ညည်းဝင်ပါမှ Complain တက်လို့ဆိုပြီး ပညာရေးဇာတ်သိမ်းသွားမှ ဟုတ်ပေ့ဖြစ်နေမယ်။ Do as I say, Kitty."

သမီး နှာခေါင်းရှုံ့လိုက်မိ၏။ တော်သေးတာပေါ့. . . ငါပြောသလိုလုပ်! ဆိုတဲ့နောက်မှာ Don't as I do.ဆိုတဲ့ Don't စကားလုံး ပါမလာပေလို့ပဲ၊ သမီးက အဲဒီ Don't တွေကို မုန်းပါဘိသနဲ့။

ကလေးပီပီ အသာနေစမ်းဆိုတဲ့စကားက သမီးကို ကျိတ်ပြုံးစေခဲ့တာပင်။ 'ကလေး'တဲ့၊ ပါပါနဲ့မာမာတို့အမြင်မှာတော့ သမီးက ကလေးပေါ့။ ဘိုးဘိုးတောင် ခုထိ သမီးကို 'ပေါက်စမ'လို့ခေါ်နေသေးတာလေ။

သမီး ကလေးမဟုတ်တာတော့ သမီးကိုယ်သမီးပဲ သိတာပေါ့၊ မဟုတ်ဘူးလား. . . အာရုံက ဟိုတလောက ရှုတ်တရက်ခုန်ခဲ့တဲ့ရင်ခုန်သံကို ခုထိပြန်ကြားမိနေတုန်းပါပဲ။

အသည်းထဲစွဲနေအောင် ငြိတွယ်ခဲ့တဲ့ ဂျစ်တစ်တစ်မျက်ဝန်းတစ်စုံ၊ နှလုံးသားကို ဖတ်ခနဲရိုက်ခြင်းခံလိုက်ရတဲ့ မာဆတ်ဆတ်အမိန့်သံ





ညြညြ၊ ရင်ထဲ အေးမြသွားရတဲ့ ကိုယ်သင်းရနံ့သင်းမြမြ ဒါတွေဟာ သမီးရဲ့အိပ်မက်တွေထိ စွဲလန်းခဲ့ရတဲ့ အစဉ်တစိုက်ဖြစ်စဉ်တွေပါလေ။

လွမ်းလိုက်တာနော်. . . သမီးတို့ Pratical ချိန်ကုန်သွားပြီမို့ Chemistry ဆောင်ဘက်ကို မရောက်ဖြစ်တာတောင် အတော်ကြာပြီပဲ၊ နာရီချိန်လည်း သိပ်မရတာမို့ အဲဒီအဆောင်ဘက် လှမ်းချင်တဲ့ခြေဖဝါးတွေက ယားနေတာမှမပြောပါနှင့်တော့။

"ကစ်တီ"

"..."

"ကစ်တီ. . . ဟဲ့, သမီး"

"ဟင်"

"ဟောတော်, မုန့်ကြီးကိုင်ပြီး ပြုံးနေလိုက်တာ မာခေါ်နေတာတောင် မကြားဘူး။ ဘာကိုများ သဘောကျပြီး ပြုံးနေတာလဲ"

"ဟင်းဟင်း. . . ဘာမှမဟုတ်ပါဘူး"

"အမယ်, ညာတတ်မှ ညာစမ်း သမီးရယ်"

သမီး မျက်နှာပိုးသတ်ပြီး မုန့်တစ်ချပ်လုံးကို ပါးစပ်ထဲထိုးသွင်းကာ ကော်ဖီကိုမော့ချလိုက်ပါ၏။

အင်း. . . သမီးလို သူလည်း ကော်ဖီကြိုက်တာပါလား။ အကြိုက်



www.burmeseclassic.com

www.burmeseclassic.com



တူတဲ့စုံတွဲက ပိုပြီးလိုက်ဖက်မှုရှိတာပေါ့နော်။

"ဘာတွေဖြစ်နေတာလဲ"

"ဒီမှာ ပါပါ့သမီး မှုမမှန်တော့လို့ပြောနေတာ"

"သမီးက ဘာဖြစ်နေလို့လဲ"

"မုန့်ကိုကိုင်ပြီး မစားဘဲ တစ်ယောက်တည်း ကျိတ်ပြုံးနေတယ်လေ"

ထမင်းစားခန်းထဲ ပါပါဝင်လာပြီမို့ ကျောင်းသွားရန် ကော်ဖီကို ကုန်အောင်မော့လိုက်ရ၏။ မာမာ ဘယ်လောက်ချွန်ချွန် လောကမှာ သမီးကြောက်ရမယ့်အရာဆိုလို့ ဘာတစ်ခုမှမရှိသေးတာလေ။

"ဟုတ်လား Sweety...ဘာသတင်းထူးရှိပြီလဲ"

"ဘာကိုလဲ ပါပါရ"

"ပါပါ့သမီး ဒီလိုပြုံးတာ မရိုးဘူးလေ"

"အာ့..` ပါပါကလည်း"

သမီးမျက်နှာ နွေးခနဲဖြစ်သွားတာမို့ မာမာက မျက်လုံးပြူးသွားလေ၏။ Tissue ဘူးထဲမှ Tissue စကိုဆွဲထုတ်, ပါးစပ်သုတ်လိုက်ပါ၏။

"ဟယ်! အဟုတ်ပါပဲလား။ ရိတာက ပန်းကလေးကိစ္စကို သူ





အားတက်သရောကန့်ကွက်နေတာ အကောင်းမှတ်နေတယ်. . . လက်စသတ်တော့ ဒင်းလေးပါ ဂိုဏ်းဝင်ဖြစ်နေတာကိုး"

"ပြောလေ. . . Sweety"

"သမီးက ဘာပြောရမှာလဲ"

"ဘယ်ကောင်လေးနဲ့ငြိသွားတာလဲ"

"ဟီးဟီး. . . သမီးနောက် ကောက်ကောက်ပါတတ်တဲ့ကောင်လေးတွေနဲ့သာ ငြိစတမ်းဆိုရင် အခုဆို လက်ဆယ်ချောင်းမက ရှိနေပြီ"

"ပြောင်ချော်ချော်နဲ့ လျှောမချစမ်းနဲ့ ကစ်တီ၊ မာတို့က သမီးကို အလိုလိုက်ထားတယ်ဆိုတာ အတိုင်းအတာ အကန့်အသတ်ရှိတယ်နော်၊ အဲဒီဘောင်ကျော်ပြီး မျက်နှာများလို့ကတော့. . . ဟင်း"

"ဟုတ်တယ်. . . ဖေဖေပြောတဲ့ ဟိုချာတိတ်ကိုရော တွေ့လား"

"အမယ်လေး. . . တွေ့ပါ့၊ ဒင်းမျက်ခွက်များ မမြင်ချင်မှအဆုံး။ သမီးတို့အခန်းရှေ့ကို သဘော်ဆိပ် ထင်နေလားမသိ။ အချိန်ရှိတိုင်း ရောက်ရောက်နေတာ အမြင်ကပ်စရာကြီး။ ဒါတောင် ဘိုးဘိုးတို့လူကြီးတွေသဘောကို မသိသေးလို့ပဲ၊ သိများသိလို့ကတော့ အိမ်ကို တရျောင်းချောင်းဝင်ထွက်တော့မှာလေ"

"ကောင်လေးက တော်တော်မှ ထောင့်မကျိုးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ထောင့်ကျိုးမကျိုးတော့ သမီးမသိပါလေ။ ဒင်းမျက်ခွက်ကိုမြင်ရင် တင်းပုတ်နဲ့ ပြားချပ်သွားအောင် ထုချင်လိုက်တာ မပြောပါနဲ့။ အဲဒီလောက်အထိ ကြည့်မရတာပါလေ။

"ပုံစံက ဒီနေ့ခေတ် Style မျိုးပဲ ပါပါရဲ့။ ပါပ့ါဆိုင်ကို မကြာခဏလာတယ်လေ။ မ Rosi ရဲ့ပရိသတ်ပေါ့"

"ဟုတ်လား. . . အဲဒါဆိုရင်တော့ ပါပါမြင်ဖူးမှာပါ။ လူမြင်ရင်သိမှာပဲ"

"စကားကိုလွှဲမချနဲ့နော်၊ အဲဒီချာတိတ်ကိုကြည့်မရဘူးဆိုရင် သမီးသဘောကျတဲ့လူတစ်ယောက်ယောက်တော့ ရှိကိုရှိရမယ်"

"မာကလည်း. . ."

"ဘာ,မာကလည်းလဲ၊ အခုမှ First Year တက်တာနော် Kitty...သမီးအသက် အခုမှ ငယ်ငယ်လေးရှိသေးတယ်"

"သမီးသိပါတယ် မာရဲ့"

"ဘာသိပါတယ်လဲ"

"ဟုတ်တယ်. . . ဒီအရွယ် ရည်းစားထားရမယ့်အရွယ်မဟုတ်သေးဘူး Sweety...ဒါပေမဲ့ သမီးသဘောကျတဲ့ကောင်လေးရှိရင်တော့ ပါပါတို့ရှေ့ ခေါ်လာလို့ရတယ်။ ဒီနှစ်နှစ်အတွင်း သူငယ်ချင်းတွေလို





တွဲသွားတွဲလာခွင့်တော့ပေးနိုင်မယ်။ ချစ်သူရည်းစားလိုတော့ ခွင့်မပြုဘူး။ ဒါတောင် ကောင်လေးက မျိုးရိုးသန့်ပြီး လူယဉ်ကျေးအနွယ်ဖြစ်မှ"

အမယ်လေး. . . နှစ်နှစ်အတွင်း သူငယ်ချင်းဖြစ်ခွင့်ရမယ်တဲ့လား။ ဝေးပါသေး. . . သူက အခု Final တက်နေတာကို သမီးနဲ့ ဘယ်နှနှစ်ရင်းနှီးခွင့်ရမှာတဲ့လဲ။ အဲဒီလိုပတ်သက်ဖို့ကလည်း သမီးဘက်ကသာ Hundred Percents သေချာနေတာလေ။ သူကဖြင့် မတုန်မလှုပ်ကျောက်ရုပ်ကြီးကိုဖြစ်လို့။

"ပြောလေ"

"သမီးသဘောကျတဲ့လူက Final တက်နေတာ ပါပါရဲ့။ ဘယ်လိုလုပ် သူငယ်ချင်းဖြစ်လို့ရပါ့မလဲ"

"နတ်သမီးကတော့ လုပ်လိုက်ရင် အထူးအဆန်းပဲ၊ ဟိုက ဘာပြောပြီးပြီလဲ"

"ဘာမှမပြောလို့ ခက်နေတာပေါ့ မာရဲ့၊ အေးလိုက်တာမှ Ice Block...ငြိမ်လိုက်တာလည်း Just Stone..."

"အဲဒါဆို ဘာမှဆက်လုပ်မနေနဲ့၊ မာ့သမီးကို ဆတ်ကော့လပ်ကော့ လျှပ်ပြာပြာလို့ အပြောမခံနိုင်ဘူးဆိုတာ ပြောထားပါရဲ့"

"အဲလိုတော့မပြောပါနဲ့ မာရဲ့၊ မာလည်း ပါပါ့ကိုချစ်လို့ ပါပါ့



www.burmeseclassic.com

www.burmeseclassic.com



နောက်လိုက်ပြီး ပါလာတာမဟုတ်လားလို့"

"တယ်!. . . ဒီကလေးတော့"

"ကဲပါ. . . ပါပါပြောတာကို နားထောင် ဆို့တီ၊ ပါပါတို့က သမီးရဲ့ဘိုးဘိုးလိုတော့ သမီးကိုအတင်းအကျပ်မစီမံချင်ဘူး။ ဒါပေမဲ့ တွေ့ကရာလူတော့ ပါပါတို့ရှေ့ ခေါ်လာမပြနဲ့။ ပေါက်လွှတ်ပဲစားနဲ့တော့ သမီးကိုမပေးစားနိုင်ဘူးဆိုတာကို သတိပေးထားပါရဲ့။ It's my order, Sweety. Do you know what I mean? "

"Yes. I do, Pa Pa. "

ပါပါ့အလိုကျ ခေါင်းညိတ်လိုက်ရပေမယ့် ရင်ထဲမှာတော့ နွမ်းလျလျ။ ဘယ်လိုများလုပ်ရပါ့မလဲ.. သမီးရဲ့ကိုကြီးက သမီးကို အခုထိတောင် ကောင်းကောင်းမသိသေးတာလေ။

"သမီးသွားတော့မယ်"

"ဟန်သီတို့ကို မစောင့်တော့ဘူးလား"

"ဟင့်အင်း, ကျောင်းမှာဆုံမှာပဲဟာ"

ဖယ်ရီလာမှာကိုမစောင့်တော့ဘဲ Taxi ဖြင့် ကျောင်းကိုထွက်လာခဲ့ပါ၏။ Friend တဲ့. . . ကိုကြီးနဲ့သမီးကို သူငယ်ချင်းပဲတော်ခွင့်ပြုမှာတဲ့လေ။ မရပါဘူးနော်. . . သမီးက ကိုကြီးအပေါ်မှာ (၅၂၈)ထက်





ပိုသာတဲ့ သံယောဇဉ်တွေဖြစ်တည်နေတဲ့ဟာ။ ဒီအဆင့်နဲ့ Brake ဆွဲနိုင်းထားတာ မကျေနပ်ပါဘူး။

နဂိုကမှ မလုပ်နဲ့ဆိုရင် ပိုလုပ်ချင်တဲ့သမီးရဲ့ ကန့်လန့်တိုက်တတ်တဲ့စိတ်တွေ အုံကြွလာတော့မှာလေ။ မချစ်နဲ့ဆိုရင် ချစ်မှာပဲ၊ မကပ်နဲ့ဆိုလည်း ကပ်မှာပဲ၊ မလိုက်နဲ့ဆိုမှ လိုက်ကိုလိုက်မှာပဲနော်..

သမီးကို ဂျစ်ကန်ကန်မကြည့်ပါနဲ့။ အလွှမ်းတွေပြည့်နှက်နေတဲ့ ကိုကြီးရဲ့ရင်ဘတ်ထဲကို ပျော်ရွှင်ခြင်းပန်းခင်းတွေ စိုက်ပျိုးပေးချင်တဲ့ စေတနာတွေကို လက်ခံပေးပါ။ .

ဘယ်သူ့အပေါ်မှာမှမရှိခဲ့ဖူးတဲ့ချစ်ခြင်းတွေနဲ့စုပုံပြီး ကိုကြီးအပေါ် အကုန်လုံးပုံပေးချင်နေတာတွေကို နားလည်မှုတွေနဲ့ အသိအမှတ်ပြုလှည့်ပါတော့လား။

"တီ! "

Taxi နောက်မှ လမ်းတောင်းနေသည့်ကားကြောင့် Taxi driver က လမ်းဘေးကိုကပ်ပြီး မောင်းလိုက်လေ၏။ အလျှင်လိုတဲ့သူမဟုတ်တာမို့ သမီးလည်း ဘာမှမပြောလိုက်မိပေ။ နောက်ကားက ဘေးမှပန်းတက်ကာ ကားနှစ်စီးယှဉ်မောင်းနေသလိုဖြစ်သွားတာမို့ ဖျတ်ခနဲလှည့်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"Hi! Sweet"

သေတော့မှာပဲ။ ခင်ကားနဲ့မှလာတိုးတယ်လို့။ ဒီနေ့ပြောသဒါးကတော့ အကုသိုလ်အတုံးလိုက်အခဲလိုက် ဝင်တော့မှာပါပဲလား။

"ကျွတ်! ဒီကလေးတွေ ကားကိုဘယ်လိုမျှားမောင်းနေပါလိမ့်။ တိုက်တော့မှာပဲ"

ကားသမားမင် မကျေမနပ်ရေရွတ်ပေပြီ။ ကျောင်းကိုရောက်ဖို့လည်း အတော်လိုသေးတာမို့ လမ်းတစ်လျှောက်နောက်ယှက်နေတော့မှာပါပဲလား။

"ဟဲ့!"

ဘေးမှအတင်းလိုက်ကပ်မောင်းနေတာမို့ ဦးလေးကြီးက ကား Brake ကိုနင်းလိုက်ရလေ၏။ ခင်ရဲ့ကားက ရှေ့လည်းမကျော်၊ နောက်လည်းမချန်ဘဲ အတင်းကြီးလိုက်ကပ်နေတော့တာကိုး။

သူ့ကားက ရှေ့မှခပ်စောင်းစောင်း (Taxi သွားလို့မရအောင်) တစောင်းပိတ်ရပ်လိုက်ပြီး ကားပေါ်မှ ခပ်မိုက်မိုက်ပြုံးပြီး ဆင်းလာသူက သမီးရဲ့မေတ္တာတုံးကြီး ဖေယျာဝင်းထွဋ်ရယ်လေ။

"မင်းဘာလုပ်တာလဲကွ"

"ဦးလေးနဲ့မဆိုင်ပါဘူး။ ကျွန်တော်က ဦးလေးကားကိုစီးလာတဲ့





ကောင်မလေးနဲ့ဆိုင်နေလို့ အခုလိုလုပ်ရတာပဲ"

"မင်းနောက်ယှက်နေတာ အန္တရာယ်အရမ်းများတယ် သူငယ်ရ"

သူက ကား driver ကို ဘာမှဆက်မပြောတော့ဘဲ ကားနောက်ခန်းပြတင်းပေါက်ကို ခါးကိုင်းကာ လက်တင်ပြီး အတွင်းကိုငုံ့ကြည့်လိုက်လေ၏။ ပုံစံကိုက Movie Hero လိုလိုဘာလိုလိုနဲ့ မြင်ပြင်းကပ်လိုက်တာနော်။

"Venus...ကိုယ့်ကားနဲ့လိုက်ခဲ့ပါ"

"ငါ့အသက် အခုမှ (၁၈)နှစ်နဲ့ မသေချင်သေးဘူး ဖေယျာဝင်းထွဋ်ရေ။ နင့်သချိုင်း နင့်ဟာနင်. ရှာ"

"မင်းရဲ့ Bridegroom လောင်းလျာကို ဒီလိုရိုင်းရိုင်းဆက်ဆံဖို့ ဘိုးဘိုးဦးမြင့်မြတ်က သင်ပေးထားသလားကွ"

"ဘာ!"

သမီးမျက်လုံးပြူးသွားရပါ၏။ နားထဲမှာ ဗုံးပေါက်ကွဲသလို 'ဒိုး' ခနဲမြည်သွားရလေသည်။ ဘုရားရေ! ခင်း ဒီကိစ္စကို ဘယ်အချိန်ကများ ဘယ်လိုနည်းနဲ့သိသွားရပါသလဲ. . . သေပြီ နတ်သမီးရေ. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

"ရှေ့မှာဘာဖြစ်လို့ပါလိမ့်"

ဦးမြိုင် ရွတ်လိုက်တာကြောင့် ရှေ့ကို သူ ကဲကြည့်လိုက်မိပါ၏။ Taxi တစ်စီးရှေ့မှာ ကိုးလို့ကန့်လန့်ရပ်ထားသည်က PARADO ကား တစ်စီး။ ပြီးတော့ Taxi နောက်ခန်းကိုလက်ထောက်ပြီး ရပ်နေသည့် ကောင်လေးကလည်း မျက်နှာမချိုမချဉ်ရယ်လေ။

ဘယ်လိုလဲ.. ကားဆက်သွားလို့မရအောင်ကို တမင်လုပ်နေတာ ပါလား။ ပရာဒိုကားထဲမှာ နောက်ထပ်လူငယ်နှစ်ဦး ရှိနေတာကို လှမ်း မြင်နေရလေ၏။ ဒါဆို Taxi ထဲမှာ ရှိနေတာ ဘယ်သူများပါလိမ့်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

သူကြည့်နေစဉ်မှာ ထိုချာတိတ်က Taxi တံခါးကိုဆွဲဖွင့်ကာ ကားတွင်းသို့ကိုယ်ကိုင်းလျက် အထဲမှလူကို ဆွဲခေါ်ထုတ်လိုက်လေ၏။ ဦးစွာပထမ ဖြူသွယ်သည့်လက်တံတစ်ဖက် ပါလာလေသည်။ ထိုလက်တံမှ Fancy လက်ကောက်လေးတွေ၏ သံစဉ်တချွင်ချွင်...

အလို! မိန်းကလေးတစ်ယောက်ကို ဒီလိုအတင်းအဓမ္မဆွဲခေါ်နေတာ သိပ်သဘာဝမကျဘူးဟု သူတွက်ဆလိုက်မိ၏။

ထို့နောက် ကျောပိုးအိတ်လွယ်လျက်သား မိန်းကလေးက ထိုချာတိတ်ကို တဘုန်းဘုန်းထုရိုက်ကာ ထွက်လာလေသည်။ ဒါ, အလိုမတူဘဲ ခေါ်နေခြင်းပဲလား...

"ဦးလေး သွားတားလိုက်ရမလား သားငယ်"

"နေပါ ဦးမြိုင်, ကျွန်တော်ဆင်းပြီး ပြောလိုက်ပါ့မယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ ကျောင်းကချာတိတ်တွေပဲ"

သူ ကားပေါ်မှဆင်းလိုက်စဉ် ကောင်မလေးက ထိုချာတိတ်ပါးပြင်ကို ရုတ်တရက်ရိုက်ချလိုက်လေ၏။ အိုး... အတော်သွက်လက်တဲ့ ရိုက်ချက်ပါပဲလား။

"Venus...မင်း..."





"ငါ့ကိုလျှော့မတွက်နဲ့ ဖေယျာဝင်းထွဋ်၊ ဒီကိစ္စ ငါ ဘိုးဘိုးကို အခုချက်ချင်းတိုင်မှာ...မှတ်"

"တိုင်လေ...တိုင်လိုက်စမ်းပါ၊ Final ဖြေပြီးမှ Wedding လုပ်ပေးမယ့် Case က Second Year လောက်နဲ့ ပွဲသိမ်းပဲ"

"နင်"

"ပြေပြေလည်လည်ညှိလို့ရရင်လည်း လမ်းသွားတဲ့လူတွေကို အနှောင့်အယှက်မဖြစ်ပါစေနဲ့လား"

သူ့စကားသံကြောင့် ရန်ရင်းဆဲဝတ်ဖြစ်နေသည့် နှစ်ယောက်သား ရပ်သွားပါ၏။ ဖျတ်ခနဲလှည့်ကြည့်လိုက်သည့် ကောင်မလေးမျက်နှာက အားကိုးရပုံဖြင့် လင်းခနဲဖြစ်သွားသော်ငြား ကောင်လေးကတော့ သူ့ကို မကျေမနပ်ဖြင့် ကြည့်လိုက်လေသည်။

"ကိုကြီး! သမီးကို ဒီကောင် အတင်းလိုက်နှောင့်ယှက်နေလို့ ကူပါဦး"

ဗုဒ္ဓေါ...ကိုကြီးတဲ့။ သူနဲ့တစ်ခါမှမသိဖူးဘဲနဲ့ ခေါ်လိုက်ပုံက အပိုင်ပါလား။ ဘယ်လိုပါလိမ့်...ဒီချာတိတ်မလေးလုပ်ပုံက အဆန်းတကြယ်ပါလေ။

"ခင်ဗျားမဆိုင်ရင် ဂလိုင်ဝင်မခေါက်စမ်းနဲ့။ ကြားဝင်ဆွဲရင်



www.burmeseclassic.com

www.burmeseclassic.com



ကွဲပြမှာကို သိပါ"

"ကိုယ်က နှောင့်ယှက်နေတာမှမဟုတ်ဘဲ။ မင်းကားကို အခုလို ကန့်လန့်ကြီးပိတ်ထားလို့ နောက်မှာဝင်လာမယ့်ကားတွေ အလိုလိုပိတ်ကုန်တာ မတွေ့ဘူးလား။ ကားရှင်းတဲ့လမ်းက လာတာတောင် အခုလို အနှောင့်အယှက်ဖြစ်ရတာတော့ ဘယ်ကောင်းပါ့မလဲ"

ချာတိတ်က သူ့ကိုပြန်ချေပဖို့ထက် ကောင်မလေးကို မရမက ခေါ်ဖို့ကိုသာ အဓိကထားပြီး စိတ်ထက်သန်နေပုံရလေ၏။ အနီးအထိ လျှောက်ပြီး ကပ်လာသည့်သူ့လက်မောင်းကို ကောင်မလေးက ဖျတ်ခနဲ ဆွဲဖမ်းထားလိုက်ပါသည်။

အလို!. . . ဒီကောင်မလေးပဲ၊ ဟိုနှစ်စတုန်းက တစ်ခါကြုံဖူးတဲ့ ကပျက်ကချော်ချာတိတ်မ ဖြစ်နေပါရောလား။

"ကိုကြီး.. သမီးကိုကူပါဦး"

"Venus..."

"သူမကြိုက်ရင် လွှတ်ပေးလိုက်ပါ"

"ငါနဲ့ Venus ကို လူကြီးတွေ သဘောတူထားပြီးသားကွ"

"အို! ဘိုးဘိုးသဘောတူတာနဲ့ ငါက ခေါင်းညိတ်လိုက်ရမှာလား ဟဲ့။ ငါ့မိဘတွေက ငါ့သဘောကိုပဲ ဦးစားပေးတယ်။ နင့်ကို လုံးဝငါ





မကြိုက်ဘူး. . . ဖယ်"

"ကဲ့, သူပြောတာ ကြားတယ်နော်၊ မင်းဆုံးဖြတ်သင့်ပြီ"

"ဖေယျာ. . ."

ကားထဲမှလူငယ်နှစ်ယောက် ထွက်လာလေ၏။ သွေးဆူလွယ်တဲ့ အရွယ်တွေပါပဲလား။ ချာတိတ်က သူ့လူနှစ်ယောက်ကို လက်ပြ၍ တားလိုက်လေသည်။ ဒီပုံစံကမှ ရုပ်ရှင်ထဲက လူကြမ်းတွေရဲ့ Style မျိုး မဟုတ်ပါလား။

"တီ! တီ! တီ! "

သူ့နောက်မှာ ရပ်သွားသည့်ကားသုံးစီးထံမှ ဟွန်းသံတွေ တစ်ပြိုင်တည်းထွက်လာပြီမို့ ချာတိတ်က မကျေမနပ်တက်ခေါက်လိုက်လေသည်။ ရှေ့မှာပိတ်ထားသည့်ကားကို ရွှေ့ပေးရတော့မည်ကိုး။

"ဒီညနေ မင်းနဲ့ငါတွေ့မယ် Venus...ကိုယ်လုံးစအစာမကျေဘူးဆိုတာ မင်းသိထားပါ"

"ငါကလည်း နင့်ခေါင်းကိုရိုက်မခွဲရမချင်း လုံးဝမကျေနပ်ဘူးဆိုတာ နင်လည်းမှတ်သွားလိုက် ဖေယျာဝင်းထွဋ်ရဲ့။ အလကားကောင်, မိဘအားကိုးနဲ့ ကျယ်ရဲတဲ့အစားကများ. . ."

"မင်းနော်"



www.burmeseclassic.com

www.burmeseclassic.com

"ကိုကြီးနဲ့ သမီးလိုက်မယ်နော်၊ ဒီမှာ ကားခဏယူပါ ဦးလေး"

မြန်ပါ့၊ Taxi ခကိုရှင်းပေးလိုက်ပြီး သူ့လက်မောင်းကိုဆုပ်ကာ လိုက်မည်တဲ့လေ။ ဒီကောင်မလေးတော့ တစ်ရှုပ်ပြီးတစ်ရှုပ် ထပ်လုပ်ဦးတော့မှာပါလား။

"ဟာ. . . ဘာကိစ္စလိုက်မှာလဲ"

"မလိုက်လို့မဖြစ်ဘူးလား။ သူက Physics အဆောင်ဘက်သွားမှာ။ တော်ကြာ သမီးကို အခန်းထဲကလာဆွဲခေါ်သွားတော့ ဘယ်နှယ့်လုပ်မလဲ။ အဆောင်က နီးနီးလေးရယ်"

"မင်းက ဘာ Major လဲ"

"Maths..."

ပြုံးစစမျက်နှာပေးနှင့်ဖြေလိုက်သည့်ပုံစံက ခုနအနှောင့်အယှက်ကိုပင် မေ့သွားပုံပါပဲ။ ခက်တော့ခက်ချေပြီ။

"မင်းနဲ့ငါ့အဆောင်က အဝေးကြီးကွ။ ဘယ်လိုမှလမ်းမသင့်ဘူး"

"သင့်ပါတယ်ကိုကြီးရဲ့၊ ကိုကြီးတို့အဆောင်နားက Canteen မှာပဲ သမီးသူငယ်ချင်းတွေကို ထိုင်စောင့်ပါ့မယ်။ နော်. . . နော်၊ ဟိုမှာ ကားတွေ ဟွန်းတီးကုန်ပြီ"

"ကဲကဲ၊ လာ. . . ကျွတ်! မင်း တော်တော်ရှုပ်တဲ့ချာတိတ်မပဲ။





မျက်စိကိုနောက်နေတာပဲကွာ"

နောက်ခန်းထဲ သူဝင်ထိုင်တော့ ချာတိတ်မက တစ်ဖက်တံခါးပေါက်က မတက်ဘဲ သူတက်သည့်အပေါက်မှပင် လိုက်တက်တာမို့ ဘေးကိုနေရာရွှေ့ပေးလိုက်ရပါ၏။

နေပါဦး. . . သူ့အဆောင်နားက Canteen တဲ့။ ဒီချာတိတ်မ သူတက်နေတဲ့ Major ကိုပါ သိနေပါရောလား။

"ငါဘာတက်နေလဲ သိလို့လား"

"Yes! Chemistry Final..."

"မင်း ငါ့ကိုသိနေတာပေါ့လေ"

"Yes!..."

"နာမည်ရော သိထားလား"

"No!..."

"ဒါနဲ့များ သိတယ်ရောချနေ"

"သမီးထက် နှစ်နှစ်ကြီးမှန်းသိလို့ ကိုကြီးလို့ခေါ်တာပေါ့။ နာမည်သိချင်ရင်များ လွယ်လွယ်လေး"

"ဘယ်လိုလုပ်မှာလဲ"

"သိချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးလေး တစ်ဖက်မြင့်ကာ မေးလိုက်ပုံက အပိုင်ပေါ့လေ။ သူလက်မောင်းကို ဆတ်ခနဲမှိုချလိုက်တာမို့ လန့်သွားရပါ၏။

"ဟော့!"

"လက်ဝါးဖြန့်"

"ဘာလဲ"

"ဖြန့်လိုက်ပါဆို၊ နတ်သမီးဆိုတာ ဘာမဆို မပြောဘဲသိကြောင်း လက်တွေ့ပြမလို့"

သူမျက်မှောင်ကြုတ်သွားရပါ၏။ လုပ်လိုက်ရင် အထူးအဆန်းပါပဲလား။ ဘုမသိဘမသိဖြင့် လက်ဝါးကိုဖြန့်ပေးလိုက်ရလေ၏။ သူမက လက်မ, လက်ညှိုးနှင့်လက်ခလယ် သုံးခုကိုစုကာ သူလက်ဝါးထဲစိုက် ထည့်လိုက်ပါသည်။ ဘာလုပ်တာပါလိမ့်. . .

စိတ်ဝင်တစားငုံ့ကြည့်နေစဉ် လက်ကိုဖြည်းဖြည်းချင်း အပေါ်ကိုမြှောက်သွားသည်မို့ သူလိုက်မော့ကြည့်နေရာ သူမက သူလွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ဖျတ်ခနဲထုတ်ယူသွားလေ၏။ ရုတ်တရက်ဘာဖြစ်သွားမှန်းမသိလိုက်ပေမယ့် သူမက စာအုပ်ပေါ်မှသူ့အမည်ကို ဖတ်နေချေပြီ။

"သိပြီ. . . သာဦးငယ်တဲ့"





"ဟာ. . . မင်းတော့"

ဦးမြိုင်ပင် သဘောကျကာ တဟားဟားရယ်နေချေပြီ။ အာဂမိန်းကလေးပါလား။ လူတစ်ဖက်သားကိုစိတ်ဝင်စားအောင်လုပ်ပြနေပြီး ညာတာပါတေးနဲ့ စာအုပ်ကိုအလစ်ထုတ်နှိုက်သွားရတယ်လို့။

"မင်းတော်တော်လည်ပါလား"

"သမီးပြောသားပဲ၊ ကိုကြီးက သမီးကိုယုံမှမယုံဘဲကိုး။ ကိုကြီးလက်ရေးလေးက ဝိုင်းဝိုင်းလေးနဲ့ချစ်စရာလေးတွေနော်။ ဒီလိုလက်ရေးနဲ့ ကဗျာတွေ ရေးစားလို့ကတော့ Best Seller ဖြစ်ပြီပဲ"

သူမပြုံးမိဘဲ မနေနိုင်ပါတော့ချေ။ ဒီကောင်မလေးတော့ နာမည်နဲ့လိုက်အောင် အစွမ်းသတ္တိတွေများ ရှိနေလေသလား။ best seller ဖြစ်မဖြစ်တော့ သူ,မသိ။ တစ်နေ့တစ်နေ့ အခန်းထဲအောင်းပြီး တကုပ်ကုပ်ရေးစပ်နေတဲ့ အိမ်တွင်းပုန်းကဗျာဆရာဘဝတော့ သူဖြစ်နေတာမဟုတ်လား. . .

"ဘာပြုံးတာလဲ. . . သမီးပြောရင် တကယ်ဖြစ်တာကိုကြီးရ"

"အေးပါ. . . ထားပါတော့၊ မင်းပြောသမျှယုံရအောင် ကိုယ်က လေးနှစ်သားကလေးမဟုတ်ဘူးဆိုတာလည်း သတိထားဦး"

"ဟင်းဟင်း. . . မယုံလည်းနေပေါ့၊ ကိုကြီးကိုစမြင်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူဆိုတာ သမီးက ကြိုသိပြီးသားပါ။ ဒီမျက်လုံးထဲကအလွမ်းနဲ့ ဒီနှုတ်ခမ်းပေါ်က အဆွေးတွေက သမီးရဲ့ရင်ထဲကို ကဗျာမြားတစ်စင်းလို လာပြီးစိုက်သွားတာပေါ့. . .

**"အချစ်"**

**မင်းထားရစ်ခဲ့တဲ့နေရာမှာ**

**(ငါ)...**

**ကျန်နေရစ်ခဲ့တယ်"** ဆိုပြီးတော့လေ၊ မဟုတ်ဘူးလား"

သူမျက်လုံးအစုံပြူးပြီးနောက် ရယ်ချလိုက်ရလေ၏။ ဘယ်လိုလဲ. . . ဒီချာတိတ်မလေးကြောင့် မရယ်မပြုံးဘဲနေတာကြာပြီဖြစ်တဲ့ ခပ်တည်တည်သူ့မျက်နှာပေါ်မှာ အခုလိုရယ်ပြုံးလာစေတာလေ။

သားဦးငယ်,ရာဇဝင်တွေ ပြောင်းပြန်ဖြစ်ကုန်တော့မှာပဲ။ ဣန္ဒြေတစ်ခွဲသားနဲ့ ငြိမ်သက်နေတဲ့ သူ့ဘဝစာမျက်နှာ ကန့်ချေပြင်ထက် လှိုင်းကြက်ခွပ်လေးတွေ ထလာအောင် ဤကလေးမ ဖန်ဆင်းပေးလာလေသလား။

ကြည့်တော့ဖြင့် ဘဝကိုပေါ့ပေါ့လေးနေတတ်သလို ခန့်မှန်းထားမိပေမယ့် တကယ့်တကယ်မှာ သူ့ရင်ထဲထိ ထွင်းဖောက်မြင်နိုင်တဲ့အစွမ်း





တွေကို သူမပိုင်ဆိုင်ထားသည်ပဲ။

"ဩော်. . . ကြည့်. သမီးကိုလှောင်နေပြန်ပါပြီ၊ အဲဒီကိုကြီးကတော့"

"တော်ပါပြီရွှေမင်းသမီးရယ်၊ ယုံပါပြီ. . . ယုံပါပြီ၊ ကိုယ် အရှုံးလည်းပေးပါတယ်။ မင်းက ကိုယ့်ထက်ပိုပြီးတော်တဲ့ကဗျာဆရာမကြီးပါပဲ"

"ဟင်းဟင်း. . . ဒီလိုပဲဖြစ်ရမှာပေါ့၊ ဒါဆို သမီးနဲ့ကိုကြီး သူငယ်ချင်းဖြစ်တဲ့အထိမ်းအမှတ်နဲ့စာချုပ်,ချုပ်ကြဆို့။ ပြီးရင် သမီးကိုမုန့်ဝယ်ကျွေး. . ."

"ဟင်. . . ဘာမှလည်းမဆိုင်ပါလား"

လက်ဝါးတစ်ဖက် ထောင်ပြနေပြီမို့ ကလေးကလားပုံစံဖြင့် သူလက်ဝါးရိုက်လိုက်ရလေ၏။

ဒါ, စာချုပ်ချုပ်တာတဲ့လား. . .

အံ့သြဖွယ် ကောင်းလေစွ။

ကားရပ်ပေးတော့မှ နှစ်ဦးသားဆင်းကာ Canteen ရှိရာဘက်လျှောက်လာခဲ့၏။ အခုမှ ကလေးနဲ့ဘော်ဒါဖြစ်ရတဲ့အဖြစ်ပါလား

မျက်စိလေးမှိတ်ပြီး ရင်ဘတ်ကိုဖိကာ လက်တမ်းရေရွတ်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် ကဗျာတိုလေးကို အမှတ်ရမိလိုက်၍ သုပြုံးလိုက်တော့ ချာတိတ် မင်္ဂါမျက်စောင်းက သူ့ဆီဒိုင်းဆနဲ့ရောက်လာလေ၏။

ရော်. . . ခက်ပဲ့ နတ်သမီးရယ်။

# အခန်း (၁၇)

"ဒေါက်တာရဲ့ထက်ဘုန်း ပြန်ရောက်ပြီ"

သတင်းက ကျွန်မနားမှာ ဗုံးထပေါက်ကွဲသွားသလိုပါပဲ။ ဘိုးဘိုး အိမ်မှာ အခန်းထဲ ထည့်ပိတ်ခံရတာမျိုးတော့မဟုတ်ပေမယ့် ခြံထဲဆင်း တာနှင့် ကျွန်မအနားမှာ တစ်ယောက်မဟုတ်တစ်ယောက် စောင့်ကြည့် ကြပ်မတ်ခံနေရတာမို့ အကျယ်ချုပ်အကျဉ်းသားလိုပဲ။

ဘယ်လိုလုပ်မလဲ၊ စာမေးပွဲဖြေခွင့်တောင် မနည်းကြိုးအသနားခံ ထားပြီးမှ ရထားတာ။ အခု အဲဒီဆရာဝန်ရောက်လာပြီဆိုတော့ ကျွန်မ ဘာဆက်လုပ်ရပါ့မလဲ။



ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မကြေးမုံ"

"ရှင်. . . ဘဘ"

"ညည်းရဲ့မမကို ဒီခေါ်လာခဲ့ချေ။ ငါပြောစရာရှိတယ်လို့"

"ဟုတ်ကဲ့ပါရှင့်"

Phone သံပြည်လာတာမို့ ညေ့ခန်း Phone ကို ဦးမြတ်မင်း ကောက်ကိုင်လိုက်ပါ၏။ မြေးအကြီးမကို ရန်သူ့မြေးနဲ့သဘောမတူတာ မိမိအပြစ်မဟုတ်ပါ။ ဒင်းအဘိုးကြောင့် 'မြတ်လေး'သေဆုံးခဲ့ရတာ ဒီနေ့အထိ မမေ့။ အာဃာတဆိုတာ ခံရသူဘက်မှာသာ ထားလေ့ရှိတာ မဟုတ်ပါလား။

"ဟယ်လို"

"ဘိုးဘိုး. . . သမီးပါ"

"အမယ်! စောစောစီးစီး ကြက်တူရွေးထအော်နေပါလား။ ပြော, ဘာကိစ္စလဲ မြေး"

"ဘိုးဘိုးကိုတိုင်စရာရှိလို့"

"ဟော! ဘာတုန်းကွယ့်၊ မင်းလွင် ငါ့မြေးကို ဆူလို့ရိုက်လို့လား"

ဘိုးဘိုးပြောလိုက်တာကြောင့် သမီး ပြုံးလိုက်မိပါ၏။ ပါပါက ရိုက်ဖို့နေနေသာသာ လေသံတောင်မာဖူးတာမဟုတ်။ သမီး ပေါက်ကရ





တွေ လျှောက်လုပ်မှာစိုးပြီး တားမြစ်မှသာ မျက်နှာတည်နဲ့ပြောတတ်တာလေ။

"မဟုတ်ပါဘူး ဘိုးဘိုးရဲ့"

"ဒါဆို မိရိတာလား။ ဒင်း, ငါ့မြေးကိုဘာလုပ်လဲ၊ ပြောစမ်း"

"မာမာလည်း မဟုတ်ပါဘူးဘိုးဘိုးရဲ့"

"ဒါဆို ဘယ်သူတုန်း"

"ဘိုးဘိုးရွေးထားတဲ့ မြေးသမက်လောင်းအကောင်းစားကြီးလေ"

"ဟော!"

သမီးက မရပ်မနားပင် ဟိုနေ့က အဖြစ်အပျက်ကို အကျဉ်းချုံး ပြောလိုက်တော့ ဘိုးဘိုးမှာ တအံ့တသြ။ နဂိုက ကြည့်မရတဲ့ကြားထဲ အခုလို ဒင်းပြုမူတာဆိုတော့ သမီးအဖို့ ပိုပြီးအကြောင်းပြလို့ရသွားတာ မဟုတ်ပါလား။

"အဲဒါနဲ့ ငါ့မြေးက လက်မြန်ကြောင်း ပြလိုက်တာပေါ့လေ"

"အင်းပေါ့၊ လမ်းမကြီးပေါ်မှာ သူ့အဲဒီလိုလုပ်တာ သမီး ဘယ်လောက်အရှက်ရတယ်ထင်လဲ၊ အဲဒီနေ့က အစ်ကိုကြီးတစ်ယောက်သာ ဝင်ပြီးမကူညီရင် သမီးတော့ ကောင်းကောင်းကြီးဒုက္ခရောက်တယ်၊ သိလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း သူ့မြေးအကြောင်း ဘိုးဘိုးသူငယ်ချင်းကို ပြောပြပေးပါ့မယ် မြေးရယ်။ စိတ်တွေဆိုးမနေပါနဲ့"

"စိတ်မဆိုးဘဲရှိပါ့မလား ဘိုးဘိုးရဲ့၊ ပါပါတောင် ဒေါ်ပွလိုက်တာ မပြောပါနဲ့။ သမီးကို ပါပါရောမာမာပါ ဒီသုံးနှစ်ကျောင်းမပြီးမချင်း ယောက်ျားလေးသူငယ်ချင်းမျိုးပဲ ထားခွင့်ပြုထားတာ။ အဲဒီထဲကမှ သမီးနှစ်သက်တဲ့လူတွေ့ရင် ပါပါတို့ရှေ့ခေါ်လာခဲ့ပြီး ပါပါတို့အကြိုက်ဖြစ်မှ သဘောတူပေးမယ်လို့ သမီးနဲ့အစောကြီးကတည်းက ညှိနှိုင်းထားတာ ဘိုးဘိုးရဲ့။ သူသာ သမီးကို ကောင်းကောင်းမွန်မွန်ပြောဆိုဆက်ဆံရင် သူငယ်ချင်းအဖြစ် သမီးက လက်ခံပေးဖို့စဉ်းစားထားတာပါ။ အခုတော့ သူလုပ်ပုံက အဆင့်အတန်းမရှိရာ ကျတယ်လေ"

"ငါ့မြေးကလည်း ဆုံးဖြတ်ချက်မစောပါနဲ့ကွယ်၊ အဲဒီမြေးဖေယျာက မြေးနဲ့ လူကြီးတွေသဘောတူမှန်းသိတော့ ထခုန်ပြီး အပျော်ကြီးပျော်သွားတာတဲ့။ ဘိုးဘိုးကို ထွင့်ခေါင်ပြောတာ, မြေးရဲ့။ ဒါကြောင့်တစ်ချိတည်းနဲ့တော့ အပြတ်ကြီးမပြောလိုက်နဲ့လေ"

အလိုလေး. . . သမီးဘက်က ဒီလောက်ကြီး ဆန္ဒမဲ့ ပယ်နေပါလျက် ဘိုးဘိုးကတော့ လက်မလျှော့ချင်ပုံပါလား။ ဘိုးဘိုးဘော်ဒါကြီးနဲ့ အဆက်အသွယ်တောင် မပြတ်သလိုလေ။





"သမီးကိုတော့ မမလိုအတင်းအကျပ်ကြီး စိမ့်ဖို့ ဘိုးဘိုးမစီစဉ်နဲ့နော်။ ဒီကိစ္စကို ပါပါတို့နဲ့ သမီးကြိုတင်သဘောတူထားတာ။ ဘိုးဘိုးဘက်က ဒီလိုမျိုးရှေ့ဆက်လုပ်မယ်ဆိုရင် သမီးက သမီးချစ်တဲ့သူနောက်ကိုပဲ လိုက်သွားတော့မှာပဲ"

"ဟော! ငါ့မြေးမှာ ချစ်တဲ့သူ့ ရှိနေပြီလား"

"ရှိပါဘူး, . . ဘိုးဘိုးသာ လက်မလျှော့ရင်လို့ပြောတဲ့ဟာ။ ပြီးမှ သမီး တစ်ဖွတ်ထိုးလုပ်သွားတယ်ဆိုပြီး အပြစ်မတင်ပါနဲ့၊ ဒါပဲနော်. . . သမီး ကျူရှင်သွားရဦးမယ်"

"အေးအေး. . ."

ကြည့်စမ်း! ဒီသူငယ်မကတော့ ဖအေနဲ့အချိုးတစ်ချိုးတည်းပါပဲလား။ ဒင်းကို မင်းလွင် ဘယ်လောက်များ ပစားပေးအလိုလိုက်ထားပါလိမ့်။ သားဖြစ်သူလိုပဲ လုပ်ချင်ရာကိုဖွတ်လုပ်တတ်ပုံက လမ်းကြောင်းတစ်ဖြောင့်တည်း လိုက်နေတော့တာလေ။

"ကျွန်မ ရောက်ပါပြီဘိုးဘိုး"

နောက်ပါးဆီမှ အသံပေးတော့ ဘိုးဘိုးက Phone ကိုချကာ လှည့်ကြည့်လာလေ၏။ စောစောစီးစီး စိတ်အနှောင့်အယှက်ဖြစ်ရဦးမှာပါလား။ ဒီလောက်အကျဉ်းအကျပ်ရောက်နေချိန်မှာ သမီးနဲ့တိုင်ပင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



ရရင် ဘယ်လောက်များကောင်းမှာပါလိမ့်။

"ထိုင်"

အမိန့်အတိုင်း ခုံမှာအသာဝင်ထိုင်လိုက်ရ၏။ သမီးသာဆို ပြောတိုင်း အလွယ်တကူလက်သင့်ခံတာမျိုးမရှိဘဲ သူမမှန်ရာကို ရဲရဲတင်းတင်းပြောဆိုရင်ဆိုင်တတ်တဲ့သတ္တိတွေ ရှိနေတာလေ။

"ဒေါက်တာရဲထက်ဘုန်းတို့ ဒီညနေ အိမ်ကိုလာလည်ကြလိမ့်မယ်။ မြေးမိဘတွေကိုလည်း ဘိုးဘိုးခေါ်ထားတယ်ဆိုတာ မြေးကိုကြိုပြောတာပဲ"

ဘာများပြန်ပြောရမှာပါလိမ့်။ ကျွန်မ သဘောမတူဘူးလို့များ ပြောလိုက်မိလို့ကတော့ အရိုက်ခံရမှာ ကျိန်းသေပါပဲ။ ညီအစ်မချင်း အတူတူ ခြားနားတဲ့မတူညီချက်တွေက သမီးနဲ့ကျွန်မကြားမှာ အများကြီးရှိနေတာလေ။ သမီးက အိမ်မှာဖူးဖူးမှုတ်အလိုလိုက်ခံရပြီး လက်ညှိုးညွှန်ရာ ရေဖြစ်စေတဲ့သူလေ။ ကျွန်မကတော့ အိမ်မှာ မျက်စိဒေါက်ထောက်အကြည့်ခံရပြီး လှောင်ချိုင့်စံဘဝနဲ့ ရှင်သန်နေရတဲ့ဘဝမဟုတ်ပါလား. . .

သမီးက ကျောင်းကို သူငယ်ချင်းတွေနဲ့အတူ ဖယ်ရီစီးပြီး ပျော်ပျော်ပါးပါးတက်ရတဲ့သူ။ ကျွန်မကတော့ ထားရာနေ စေရာသွား၊ အမိန့်





ကိုတစ်သွေမတိမ်း နာခံရတဲ့သူပါပဲ။ ကျောင်းသွားကျောင်းပြန် အိမ်မှကားက လာစောင့်ပြီး ကြိုတာမို့ သမီးလို Canteen ထိုင်၊ အဆောင်ကူးပြီး ပျော်မြူးခွင့်မျိုး ကျွန်မ မရရှိခဲ့ပါ။

အတန်းထဲမှာ ခိုင်တို့အုပ်စုနဲ့သာ စကားလေးမပွင့်တပွင့်ပြောပြီး ခင်မင်ခွင့်ရခဲ့ပြီး မောင်နဲ့ရင်းနှီးမှုရှိခဲ့ရတာပါပဲ။ Pratical လုပ်ချိန်မှာ အခန်းကူးကြပြီး တစ်အုပ်စုအတူ လမ်းသွားမှ မောင်နဲ့ယှဉ်လျှောက်ခွင့်ရတာမဟုတ်လား။

ကဗျာတွေကို မောင်ရေးပြီး ပေးမှန်းသိတဲ့နေ့က ရင်ခုန်သံတွေ အတိုင်းအဆမဲ့ ခုန်ပေါက် ဆူညံခဲ့တာကို ဒီနေ့အထိ မမေ့သေး။ 'ပန်းကလေး'တဲ့. . . တိုးလျှလျှခေါ်သံလေးကို မျှော်လင့်တော့ပဲနေမိတာကို မောင်သိပါရဲ့လားကွယ်။

"ညှိသည်တွေရှေ့မှာ မျက်နှာပျက်စရာဖြစ်အောင် ဘာမှမလုပ်မိစေနဲ့. . . သွားတော့"

ဘိုးဘိုးရှေ့မှ အသာထကာ အပေါ်ထပ်သို့ပြန်တက်ခဲ့ပါ၏။ ဘယ်လိုများ လုပ်ရပါ့မလဲ၊ စေ့စပ်ပေးတော့မယ့်လူက နိုင်ငံခြားကတောင် ပြန်ရောက်နေပေပြီ။ ကျွန်မနဲ့မောင်ကဖြင့် ဒီဘဝ နီးစပ်ခွင့်ရဖို့ လမ်းမမြင်တော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com

အဖြေပြန်ပေးမယ့်ရက်မှာ ကျောင်းကိုရောက်မလာတော့တဲ့ ကောင်မလေးကို မောင် မည်သို့ထင်သွားလေမလဲ။ မောင့်အိမ်က Phone နံပါတ်ကို ကျွန်မသိအောင်မပြောပြမိတာကိုက မောင်နဲ့ကျွန်မတို့ နီးရာမှ ဝေးရာသို့ရောက်အောင် ဖြစ်စေခဲ့တာပါလေ။

ထမင်းစားခန်းထဲ သူရောက်တော့ လူစုံနေချေပြီ။ အင်း.. ကုမ္ပဏီက ပြန်ရောက်တဲ့ဖေဖေက သူ့အရင်ရောက်နေတာမို့ အဆူခံရဦးမယ်ထင်ပါရဲ့။

"မေမေ့သားလေး ခုတလော စိတ်ချမ်းသာနေပုံရတယ်"

"ဗျာ! ဘာလို့လဲမေမေ"

"အရင်လို ငူငူငိုင်ငိုင်ပုံစံမျိုးမတွေ့ရသလောက်ဖြစ်နေလို့လေ။ မဟုတ်လို့လား"

သူ ခုံမှာဝင်ထိုင်ရင်း ပြုံးမြမြဖြစ်သွားရလေ၏။ မပြုံးမိဘဲနေမလား. . . အခုတလော အဲဒီကောင်မလေးအကြောင်းက သူ့ခေါင်းထဲ ဝင်ဝင်လာတာလေ။





"ဟောကြည့်! ပြောရင်းပြုံးပြန်ပြီ"

"ဘယ်လိုလဲ၊ မင်း, ရည်းစားရနေပြီလား"

"အာ. . . ဖေဖေကလည်း"

"ဟုတ်တယ်လေ၊ မကြာခဏပြုံးပြုံးနေတာမျိုး. . . တစ်ခုခုကို တွေးပြီး ကျေနပ်ကြည်နူးနေတာမျိုး. . . အိပ်ရာထဲလှဲပြီး အိပ်လို့မပျော်တာမျိုးဖြစ်ရင် မင်း မရိုးသားတော့လို့ပဲ"

"ဟုတ်တယ်၊ သားဖေဖေပြောတဲ့အချက်တွေအတိုင်း မေမေ့သား ဖြစ်နေတာ အသေအချာပဲ"

သူ ဘယ်လိုဖြေရှင်းရမလဲဟု ချက်ချင်းစဉ်းစား၍မရ၊ လူကို မထိခလုတ်ထိခလုတ် စနောက်တဲ့အကျင့်လေးကိုက သူ့မကိုချစ်စနိုးဖြစ်စေခဲ့တာလေ။

နောက်နှစ်ဆို တွေ့ခွင့်ရတော့မှာမဟုတ်ဘူးဆိုတဲ့အကြောင်းကို ပြပြီး လစ်တာနဲ့ သူထိုင်နေကျအဆောင်နားက Canteen ကို ရောက်လာတတ်တာကို ဘယ့်နှယ်တားမြစ်ရပါ့မလဲ။

"ပြော. . . နာမည်က ဘယ်လိုတဲ့လဲ"

"ဟာဗျာ. . . မေမေကလည်း ကျွန်တော်က ညီမလေးလိုခင်တာပါဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ညီမလေးလို? ဒါဆိုရင် ကောင်မလေးက အတော်ငယ်တယ်ပေါ့"

"ဟို. . . အခုမှ First Year တက်တဲ့ချာတိတ်မလေးပါ။ နတ်သမီးတဲ့. . . ဟိုလေ. . . မေမေတို့ထင်သလိုမျိုးတော့ မဟုတ်ဘူးနော်"

"ဒါက ကြိုကာတဲ့သဘောပေါ့လေ"

"နေပါဦး သားရဲ့၊ ပထမနှစ်တက်တဲ့ကလေးနဲ့ နောက်ဆုံးနှစ်ကျောင်းသား ဘယ်လိုများရင်းနှီးသွားရတာတဲ့တုန်း"

ကဲ, မေးနေပြီသမီးရေ့။ မင်းကိုသာ ဒီလိုမေးလို့ကတော့ ဒိုးဒိုးဒေါက်ဒေါက်နဲ့ ပြန်ဖြေလိမ့်မယ်ထင်ပါရဲ့။ ဒါပေမဲ့. . . ကိုယ်က မင်းလိုအသွက်လေးမဟုတ်တော့ ခက်တယ်ချာတိတ်ရယ်။

"ဟောကြည့်! ပြုံးနေပြန်ပြီ"

"ဟိုလေ. . . သူတို့ပထမနှစ်တွေက ကျွန်တော်တို့အဆောင်မှာ Pratical လာလုပ်ရတယ်"

"အဲဒါနဲ့တွေ့ပြီး ရင်းနှီးရောလား"

"အဲလိုမဟုတ်ဘူး"

"ဒါဖြင့်ဘာလဲကွ၊ မင်းညစ္စာက"

"ကျွန်တော်သေချာမရှင်းတတ်ဘူးမေမေရယ်၊ တွေ့မှပဲမေးကြည့်





ပါတော့"

"ဟော! "

"ဟောတော့. . . ဒါဖြင့် အဲဒီကလေးမလေးကို သားက အိမ်လည်ခေါ်မယ့်သဘောပေါ့လေ၊ ဟုတ်လား. . ."

အာရုံက သူမထံလွင့်သွားရလေ၏။ 'စာမေးပွဲဖြေခါနီး အိမ်လည်ခေါ်ရမယ်နော်' လို့ အမိန့်ဆန်ဆန်အပြောလေးကို သူဘာကြောင့်များလွယ်လင့်တကူခေါင်းညိတ်ပြလိုက်မိပါလိမ့်။

ကိုယ့်ထက် နှစ်နှစ်ကျော်ငယ်တဲ့ကလေးမလေးရဲ့ပျက်ချော်ချော်အပြောအဆိုနဲ့ ပုံစံလေးကို သူအလေးထားနေမိတာ သေချာပါရဲ့။

"ကျွန်တော်က ခေါ်မယ်လို့စပြောတာမဟုတ်ပါဘူးမေမေရဲ့။ သူက လိုက်ချင်တယ်လို့အရင်ပြောလို့ပါ"

"အဲဒါနဲ့ ခေါ်မယ်လို့ပြန်ပြောလိုက်တယ်ပေါ့လေ"

"ဒါဆိုရင်တော့ သားကောင်မလေးက အရဲလေးပဲ"

"အဲလိုကြီးရဲတင်းတာမျိုးတော့ မဟုတ်ပါဘူးမေမေ၊ ဘယ်လိုပြောရမလဲ. . . ကျွန်တော်လည်း သေချာရှင်းမပြတတ်ဘူး။ ဖော်ရွေတာရော. . . ချစ်စရာကောင်းတာ၂ရော. . . ခင်မင်တတ်တာရော အားလုံးသူ့ ဆီမှာ ရှိနေတာတော့အမှန်ပဲ"


www.burmeseclassic.com

www.burmeseclassic.com

"ရှင်းမပြတတ်ပေလို့ပဲ၊ ပြောလိုက်တာမှ ကောင်းကွက်ချည်းပဲ"

"ဟုတ်ပါပြီ. . . သားခေါ်လာတော့မှပဲ ကြည့်ကြရတာပေါ့"

ကိုယ်တော့ မေမေတို့ကိုခွင့်တောင်းလိုက်ပြီ ချာတိတ်ရေ။

တကယ်ခေါ်တော့မှ မလိုက်ရဲဘူးဆိုရင်တော့ မင်းအရှုံးပဲနော်။



## အခန်း (၁၈)

ကားရပ်သံ၊ လူသံတွေကြားရစဉ် နောက်ဖေးခန်းထဲမှာ တောင့်တောင့်လေးရပ်နေမိ၏။ လာကြပြီထင်ပါရဲ့၊ ဘိုးဘိုး၏နှုတ်ဆက်သံနှင့် မေမေ၏ညှိုကြိုသံက ဖော်ရွေမှုတို့ဖြင့် ချိုမြနေလေသည်။

ဘုရား.သိကြားကြီး 'မ'လို့ အဲဒီဒေါက်တာ ကျွန်မကိုမြင်ရင် နှစ်သက်သဘောကျတာမျိုး မဖြစ်ပါစေနဲ့။

"မမ. . . ကြီးမေ ခေါ်နေပြီ"

ကြေးမုံ၏တိုးလျှလျှသတိပေးသံကြောင့် သက်မကိုရှိုက်လိုက်မိသည်။ တွေ့တာတော့ ထွက်တွေ့ရမှာပါပဲ၊ ရှောင်နေလို့မှ မဖြစ်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေရှေ့ အလိုက်သင့်လေး ပြောရဆိုရဦးမှာပါလား။

ကျွန်မနေရာမှာ သမီးသာဆိုရင် မကျေနပ်ရင် မကျေနပ်သလို လူလယ်ခေါင်မရှောင် ထကန့်ကွက်ရဲတာလေ။ ဒါကို သတိရှိတယ်လို့ ဆိုမလား. . . အတွေးတွေ ပလုံစီရင်း ညှိခန်းလိုက်ကာနောက်မှာ ခြေလှမ်းကိုရပ်လိုက်မိလေ၏။

"ပန်းကလေး, ထွက်လာလေ မြေးရဲ့"

အလို! ဘိုးဘိုးအသံက ဒီညနေမှ ပိုပြီးတော့ ချိုသာနေပါရောလား။ လိုက်ကာကို အသာဆွဲဖယ်၍ ထွက်လိုက်စဉ် ကျွန်မရှေ့တည့်တည့်မျက်နှာချင်းဆိုင်ရှိခုံမှာ ထိုင်နေသည့်အမျိုးသားလေး၏အကြည့်တို့နှင့် ဆုံသွားရပါ၏။

ဒါ ဒေါက်တာရဲထက်ဘုန်း ထင်ပါရဲ့။

မျက်လွှာကိုအသာချကာ ဆိုဖာတွေဘက် မလှမ်းချင်သလို ဖြည်းဖြည်းလျှောက်လာခဲ့စဉ် မေမေက ကျွန်မထိုင်ရန်နေရာကို လက်ဖြင့် အသာပုတ်ပြလေ၏။

ခက်လိုက်တာနော်. . . အဲဒီဒေါက်တာရဲ့ရှေ့ခုံမှာမှ နေရာချရတယ်လို့။

"အဲဒါ ကျွန်တော့်မြေးကြီးပေါ့"





"ကျက်သရေရှိလိုက်တာ အန်ကယ်ရယ်၊ ကျွန်မတို့ဖြင့် ဖေဖေပြောတုန်းက ဒီလောက်လှလိမ့်မယ်လို့တောင် ထင်မထားမိဘူး။ မယဉ် မေတို့များ မွေးလည်းမွေးတတ်ပါရဲ့"

ချီးမွမ်းစကားလေလား. . . မေမေ့မျက်နှာထက်မှာ ကျေနပ်ပြုံးတို့ ဖြစ်တည်နေလေ၏။ ဖေဖေကတော့ နဂိုကတည်းက ဘိုးဘိုးစကားတစ်ခွန်းနဲ့ မီးသေသည့်သားသမက်မို့ ရေခဲတုံးလို အေးစက်နေတာပါပင်။

"ဘယ်လိုလဲသား။ သဘောကျရဲ့လား"

"သူ ကျောင်းပြီးပါစေဦးလား မေမေ"

"ဩ! ဒါက ထောက်ခံခေါင်းညိတ်ပြီဆိုတဲ့နိမိတ်ပေါ့လေ"

ရယ်သံသဲ့သဲ့ထွက်လာလေ၏။ ကျွန်မမျက်နှာ နွေးခနဲဖြစ်သွားကာ ခေါင်းကို ပိုငုံ့ထားလိုက်မိသည်။ လှိုက်ခနဲဖြစ်သွားသည့်ရင်ထဲမှ တောင့်တမိသည်က ကျွန်မ၏ချစ်လှစွာသောမောင်ရယ်လေ။

အာသာတော့ စေ့စပ်ပေးတော့မယ့်လူနဲ့ မျက်နှာချင်းဆိုင်နေရပြီမောင်၊ ဒါတွေကို မောင်သိပါရဲ့လား. . . အဖြေပြန်မပေးချင်လို့ ရှောင်ပြေးတဲ့ကောင်မလေးဆိုပြီး ကျွန်မကိုစိတ်နာပြီး မေ့များမေ့နေပြီလား ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

"ဟင်"

လက်ဖမိုးကို မေမေအုပ်ကိုင်၍ တီးတိုးခေါ်လိုက်မှ လက်ရှိပစ္စုပ္ပန်ကို သတိရမိသွားရလေ၏။ ရင်ဆိုင်ဖို့ခွန်အားတွေ ပေးလှည့်ပါလား မောင်ရယ်။

"သမီးအစ်ကိုနဲ့ စကားလေးဘာလေးပြောဦးမှပေါ့။ ဘယ့်နှယ် အရုပ်လိုထိုင်နေရတာလဲ"

"ဘာပြောရမှာလဲ၊ ကျွန်မမှာ ပြောစရာဘာမှရှိမနေဘဲ မေမေရယ်"

"အဲဒီလိုပဲ မသိဂီရေ၊ မြေးအကြီးက အနေအေးသလောက် မြေးအငယ်က သာလိကာလို အသွက်လေးဗျ"

"ဟုတ်လား အန်ကယ်၊ ဒါဆို မယဉ်မေမှာ သမီးအငယ်ရှိသေးတယ်ပေါ့"

"မဟုတ်ဘူး.. အငယ်ကောင်မွေးတဲ့ကလေးပါ။ ကျွန်တော်က ကလေးနှစ်ယောက်မွေးပေးခဲ့ပေမယ့် ကျွန်တော့်ကလေးတွေက မြေးတစ်ယောက်စီပဲ ရတယ်ဗျ"

"တစ်ယောက်လည်း တစ်မျိုးစီ ချစ်ဖို့ကောင်းမှာပါ အန်ကယ်





ရယ်၊ မြေးတွေက ဘိုးအေနဲ့နွယ်ပြီး ကျက်သရေရှိရှိ လှပတာ မျက်မြင်ကိုးဗျ"

လူကြီးကို မနောခွေ့စေမယ့်စကားပါပဲ။ အသံတိတ်နေတဲ့သူဆိုလို့ ကျွန်မနဲ့ ဒေါက်တာသာ ရှိနေတာလေ။ ကော်ဖီသောက်ပြီးပြီမို့ ကော်ဖီခွက်ကို လှမ်းတင်လိုက်သည့် သန့်ရှင်းဖြူဝင်းသည့်လက်အစုံကို အကြည့်ရောက်သွားမိ၏။

မောင့်လက်တွေလို သွယ်လျမနေပေမယ့် လက်တွေ့ဆန်ဆန် လုပ်တတ်တဲ့ ယောကျ်ားပီသသည့်လက်တွေပါပဲလား။

"ခြံထဲမှာဖြစ်ဖြစ် စကားပြောကြပါလား မောင်ရဲထက်"

"ဟုတ်ကဲ့ပါ အန်တီ"

ချထားသည့်မျက်လွှာကို ပင့်ကြည့်မိစဉ် ကျွန်မကိုစိုက်ကြည့်နေသည့် မျက်ဝန်းတို့နှင့် ဆုံလေ၏။ စိတ်ရှည်သည်းခံသည့်အပြုံးက သူ့နှုတ်ခမ်းထက်မှာ ပေါ်လာလေသည်။

"သွားလေ"

မေမေတိုက်တွန်းနေပြီမို့ သက်ပြင်းကိုခိုးရှိုက်လျက် ထရပ်လိုက်ရသည်။ အိမ်ပြင်ကို ဦးဆောင်ပြီး ထွက်လာသည့်ကျွန်မနောက်မှ ထိုဒေါက်တာပါလာတာမို့ နောက်ကျောက သိပ်မလုံချင်။



www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းစပ်မှာ ရိုက်ထားသည့်ခုံအစွန်းမှာ ကျွန်မထိုင်တော့ သူက ကျွန်မရှေ့မလှမ်းမကမ်းမှာ ရပ်လိုက်လေ၏။ အင်းပေါ့. . . ဆရာဝန်ဆိုတဲ့ဂုဏ်သိက္ခာနဲ့လူမို့ ကျွန်မနဲ့ ခုံတစ်ခုံတည်းအတူမထိုင်ချင်တာ သဘာဝကျပါတယ်လေ။

"ပန်းကလေး"

'ပန်းကလေး'တဲ့၊ မောင်ခေါ်သလိုမျိုး ဘာကြောင့်များ ခေါ်ရတာပါလိမ့်။ အိမ်မှာ ကျွန်မကို ချစ်စနိုးခေါ်တဲ့သညာမျိုး သူမှာခေါ်ခွင့်ရှိပါရဲ့လား။ အခေါ်ကိုပြန်မထူးမိဘဲ မြက်ခင်းကိုသာ ငုံ့ကြည့်နေမိလေ၏။

"ကိုယ်ခေါ်နေတာ ကြားရဲ့လား"

"ပြောစရာရှိတာကိုသာ ပြောပါ ဒေါက်တာ၊ ကျွန်မနားထောင်နေပါတယ်"

အသံက တိတ်သွားလေ၏။ ညနေခင်းလေအေးက သုတ်ခနဲတိုက်ခတ်လာသည်မို့ လက်တိုလေးဝတ်ထားသည့်လက်တစ်လျှောက် မွေးညှင်းလေးတွေ ထောင်သွားရပါသည်။ အပြင်က အအေးဓာတ်က ရင်ထဲက မီးတောင်ကို မငြိမ်းသတ်နိုင်ပါလား။

"ပန်းကလေးမှာ ချစ်ရမယ့်သူ ရှိနေသလား"

"ရှင်! "





အထိတ်တလန့်ဖြင့် မော့ကြည့်လိုက်မိ၏။ မျှော်လင့်တကြီးမျက်ဝန်းတို့နှင့်ဆုံမိစဉ် အကြည့်ကို ဖျတ်ခနဲရုတ်သိမ်းလိုက်ရလေသည်။ သူ ဘာကြောင့်များ ဤသို့မေးရတာပါလိမ့်။ မေးခွန်းက ဒီလောက်သေသပ်နေလိမ့်မယ်လို့ ကျွန်မထင်မထားမိခဲ့။ 'ချစ်ရမယ့်သူ'တဲ့လား။

'ရှိတယ်'လို့များ ပြောလိုက်ရင် ဘာတွေဆက်ဖြစ်မှာပါလိမ့်။ သူကတစ်ဆင့် သူ့မိဘ၊ ထိုမှတစ်ဆင့် သူ့ဘိုးဘိုး၊ အဲဒီမှထပ်တစ်ဆင့် ကျွန်မဘိုးဘိုးနားကို ပေါက်သွားပါက ငြိမ်းသတ်မရတဲ့ပေါက်ကွဲမှုကြီး ဖြစ်လာမှာအသေအချာပါပဲ။

ခက်နေပြီ မောင်၊ ကျွန်မဘယ်လိုဖြေရပါ့မလဲ။

"ကိုယ့်ကိုပွင့်ပွင့်လင်းလင်းပြောပါ"

ပွင့်ပွင့်လင်းလင်းပြောပါတဲ့လား။ ကျွန်မပြဿနာကို ရှင်, ရှင်းပေးနိုင်မှာမှမဟုတ်ဘဲ ဒေါက်တာရယ်။ ဘယ့်နှယ်များ ပြောလိုက်တာပါလိမ့်။

"ရှိတယ်လို့ပြောရင် လူကြီးတွေကိုအသိပေးလိုက်မှာလား ဒေါက်တာ"

"ဘယ်လို! "

"ကျွန်မ. . . "



www.burmeseclassic.com

www.burmeseclassic.com



လေသံက လည်ချောင်းဝမှာ တစ်သွားရပါ၏။ ပါးပြင်ထက်မှ နာကျင်မှုကို ရုတ်တရက်သတိရသွား၍ပါပဲ။ ရင်ထဲမှ စူးနင့်တဲ့ဒဏ်ရာ က ကုသဖို့ခက်တာကို မေမေမသိဘူးတဲ့လား။

ကြိုးကိုဖြတ်ကောင်းဖြတ်လို့ ရနိုင်ပေမယ့် ရေကိုတော့ ဖြတ်ရ ခက်ပါတယ်။ ကျွန်မနဲ့မောင်ကြားက သမုဒယသံယောဇဉ်ရေအိုင်လေး ကို မေမေတို့ဘာလုပ်မှာပါလဲ။

ဖြုံချမှာလား. . . ဖို့ပစ်မှာလား. . . ဒီလိုပဲ လှောင်ပိတ်ထားရုံနဲ့ မောင့်ကိုလွယ်လွယ်လေးမေ့သွားမယ်လို့များ သတ်မှတ်ထားလေရော့ သလား။

"ကျွန်မ ဒီအိမ်မှာ ဒီလိုဘာကြောင့်လာနေရသလဲဆိုတာကို ဒေါက်တာမှမသိဘဲ"

"ဒါဆိုရင် ပန်းကလေးမှာ ချစ်သူရှိလို့ ဒဏ်ပေးတဲ့အနေနဲ့ အခု လို ဘိုးဘိုးရဲ့အိမ်မှာ နေနေရတဲ့သဘောများလား"

"ဟုတ်ပါတယ် ဒေါက်တာ"

"ဖြစ်ရလေ"

စုတ်သပ်သံလေလား။ ကျွန်မက သနားစရာသတ္တဝါလေးတစ် ကောင်တော့ မဟုတ်ရပါဘူး။ ဒါပေမဲ့ ရှင့်အမြင်မှာတော့ ဒီလိုကရုဏာ





သက်စရာကောင်းတဲ့ကောင်မလေးအဖြစ် ရှိနေမှာတော့ သေချာမှာပါပဲ။

"ပန်းကလေးရဲ့ချစ်သူက ဘယ်လိုလူစားမျိုးမို့ ဘိုးဘိုးတို့က သဘောမတူရတာလဲ"

မေးပြန်ပြီကော. . .

ဖြေရခက်တဲ့မေးခွန်းတွေကိုပဲ ဒီဒေါက်တာ မေးနေတာပါလား။ အခက်အခဲဆိုတာ လူတိုင်းအလွှာတိုင်းမှာ ရှိနိုင်တာမှန်ပေမယ့် ကျွန်မ တို့ချစ်သူနှစ်ယောက် မဖြေရှင်းနိုင်တဲ့ ကျောက်တောင်တမျှ မြင့်မား မာကျောနေတာအမှန်ပါလေ။

"မောင်က. . ."

မျက်နှာထက် ခပ်နွေးနွေးဖြစ်သွားပြီး ရှက်သွေးဖြာသွားရပါ၏။ 'မောင်'ဟုဘယ်သူမှမသိအောင် တိတ်တခိုးလေးခေါ်နေမိသည့်သညာ ကို သူ့ရှေ့မှာမှ လွှတ်ခနဲထုတ်ပြောမိရတာယ်လို့။

"ပြောပါ. . . အားမနာပါနဲ့ ပန်းကလေးရဲ့"

"သူက လူကြီးတွေ သဘောမတူရလောက်အောင် ပြစ်ချက် ကြီးကြီးမားမားရှိတဲ့လူမဟုတ်ရပါဘူး"

"ဘယ်ကလဲ"

"ကျွန်မနဲ့ Classmate ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ပြော်"

အာမေဋိတ်သံက အင်အားမပါလှ၊ စိတ်လျှော့သွားလေပြီလား။ ချစ်သူရှိတဲ့မိန်းကလေးတစ်ယောက်ကို စာနာစိတ်နဲ့ ငဲ့ကြည့်ပြီး နောက်ဆုတ်သွားမယ်ဆိုရင် ကျွန်မ ကျေးဇူးတင် ဝမ်းသာမိမှာအမှန်ပါပဲ။

ရှင့်လိုဆရာဝန်တစ်ယောက်အနေနဲ့ ကျွန်မထက်သာတဲ့အဆင့်အတန်းက မိန်းကလေးကို အလွယ်တကူရွေးချယ်ယူနိုင်မှာပါ။ သို့သော် အဲဒီလိုကြီးပြောလိုက်ဖို့ ကျွန်မနှုတ်က မဝံ့ရဲပါလေခဲ့။

"ဒါဆို အန်ကယ်တို့အန်တီတို့နဲ့မတည့်တဲ့ ဆွေမျိုးတွေများ ဖြစ်နေလို့များလား"

မှန်းဆချက်က တိကျလုနီးပါး နီးစပ်လွန်းလှချည်လား။ ပညာတတ်ပီပီ မှန်းဆနိုင်လွန်းပါရဲ့။

"ဘိုးဘိုးနဲ့ကမ္ဘာ့ရန်ဖြစ်နေလို့ပါ ဒေါက်တာ"

"ဘာရယ်. . ."

"သူ့အဘိုးကြောင့် ကျွန်မတို့ဘွားလေး အသက်ဆုံးရတဲ့အစွဲနဲ့ ဘယ်လိုမှသဘောမတူဘူးလို့ပြောပြီး. . ."

မျက်ရည်တို့က ရစ်ဝိုင်းသွားရပါ၏။ အစဉ်အဆက်ကအငြိုးကို မြေးဖြစ်တဲ့သူအထိ ယူလာတာက တရားမျှတနိုင်ပါရဲ့လား။ နှစ်ဖက်





အမျိုးရဲ့အလယ်မှာ တန်ဆာခံဖြစ်ရတာက မောင်နဲ့ကျွန်မတို့ရဲ့နှလုံးသားနှစ်စုံဖြစ်နေရတာလေ။

"ကိုယ်ကြားတာကတော့ ဘွားလေးက ဦးနှောက်သွေးခဲပြီး ဆုံးရတာလို့ပဲ"

"ဟုတ်ပါတယ်"

"ကိုယ်စိတ်မကောင်းပါဘူး"

စကားအဆုံးမှာ အနားသို့ဝင်ထိုင်လိုက်သည်မို့ ခန္ဓာကိုယ်ကို ခပ်စောင်းစောင်းလှည့်ထိုင်လိုက်မိ၏။ ရင်တွင်းတောင့်တမိလိုက်သည့် မောင့်ကိုယ်သင်းရနံ့ကိုဖြင့် မရရှိနိုင်တော့ပြီပဲ။

"အကန့်အသတ်ကာလတစ်ခုအထိ ပန်းကလေး စိတ်ဖြေသာမယ့်နေ့ကို ကိုယ်စောင့်ပေးနိုင်ပါတယ်။ ဒါပေမဲ့. . ."

ရပ်တန့်သွားသည့်စကားမို့ ကျွန်မ ငဲ့ကြည့်လိုက်မိစဉ် သူ့အပြုံးက နှစ်သိမ့်သလိုနှယ်။

"ကိုယ်က. . . လူကြီးတွေရဲ့သဘောထားကို ကန့်ကွက်လိုက်မှာ မဟုတ်ဘူးဆိုတာကိုတော့ ပန်းကလေး သိထားပေးဖို့ပြောပါရစေ"

"ရှင်! "

ညနေဆည်းဆာက ရုတ်ချည်းအကျည်းတန်သွားရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

သစ်ရွက်တို့ကြွေကျသံကပင် ကျွန်မကိုခြောက်ခြားစေသည့် တစ္ဆေသံ နယ်ပါပဲလား။



## အခန်း (၁၉)

"မင်းအတော့်ကိုလွန်တယ် ဒိုးနတ်ရာ"

"ဟာဟ!. . ."

ထမင်းစားချိန်လွှတ်သည်နှင့် ရောက်နေသည့်သူ့ထံမှ ပြစ်တင်သံကို လှောင်လိုက်မိ၏။ ဘိုးဘိုးထံမှတစ်ဆင့် သူအဆူခံရတာ သေချာပြီပဲ။

"Action ရှိရင် Reaction ရှိတယ်ဆိုတာကို Physics ကျောင်းသားဖြစ်တဲ့နင် ပိုသိမှာပေါ့ ဖေယျာဝင်းထွဋ်ရဲ့။ ငါက သူများ ဒင်ဆိုရင် ချက်ချင်း ဒေါင်သံပြန်ပေးတတ်တဲ့အမျိုးဟဲ့။ မသိရင် မှတ်သွား"



www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ဘက်က လွန်တယ်ဆိုတာ မင်းကိုချစ်လွန်းလို့ဖြစ်သွားရတာပဲလေကွာ။ အဲဒါကို ဘိုးဘိုးတို့လူကြီးတွေသိတဲ့အထိ မင်း စစ်ကြေငြာတာတော့ လွန်တာပေါ့"

"ဒါတော့ မတတ်နိုင်ဘူးလေ။ ဂဏန်းညှပ်လို့ ကျိုးကန်းလည်း အော်ရတာပဲ။ နင်သာ အေးအေးဆေးဆေးပြောရင် ငါကလည်း ရိုင်းမှာမှမဟုတ်တာ"

နောက်မှတကောက်ကောက်လိုက်ပြီး ပါလာသည့်ဒင်းကို ဒေါသတွေထွက်လာမိ၏။ ဟန်သီနဲ့စိမ့်စိမ့်က သမီးဘေးက ယှဉ်မလျှောက်ဘဲ နောက်ချန်လိုက်လာတာမို့ စိတ်ကလည်း တိုလာမိချေပြီ။

"ကိုယ်ကောင်းကောင်းပြောတုန်းကရော မင်းက ကောင်းကောင်း မွန်မွန်ပြန်ပြောလို့လား"

"အကောင်းက တရှတ်ပြည်ပြန်သွားလို့ မေ့ထားလိုက်ပြီ"

"ကျွတ်! Venus..."

ရှေ့မှပိတ်ကာလိုက်သည်မို့ Corridor မှာ ရှိနေသည့်ကျောင်းသားကျောင်းသူတွေ၏အကြည့်က သမီးထံစုပြုံကျလာလေ၏။ ဒင်းတော့ ကိုင်ပေါက်တာကို ခံရခါနီးပြီထင်တယ်။

"အဲဒါဘာလုပ်ပြန်တာလဲ"





"ကိုယ်တောင်းပန်နေတာပါ"

"မလိုပါဘူး။ နင့်အကြောင်းတွေကို ခေါင်းထဲထည့်သိမ်းရအောင် ငါ့ခေါင်းထဲက အကန့်တွေက အလွတ်မရှိဘူး ဗေယျာဝင်းထွဋ်ရဲ့။ အပိုတွေ လာပျိုးမနေနဲ့"

"Venus ကလည်းကွာ၊ ဘယ်ဘဝက အငြိုးတွေကို အတိုးနဲ့အရင်းပေါင်းပြီး ကိုယ့်ကိုမျက်မုန်းကျိုးနေရတာလဲ။ နည်းနည်းတော့ ငဲ့ကြည့်သင့်ပါတယ်ကွ"

"ကျစ်! Begger (သူတောင်းစား)လို ငါ့နားမှာ ညှောင်နာနာလာမလုပ်စမ်းနဲ့ကွာ. . . စိတ်ရှုပ်တယ်"

"ဟာ!. . . မင်း. . ."

ဤသို့ခပ်ရိုင်းရိုင်းပြန်ပြောလိမ့်မယ်ထင်မထားတာမို့ သူအံ့သြသွားမိပြီး မျက်နှာပြင်တစ်ခုလုံး နီရဲသွားလေ၏။ မှတ်ပြီလား. . . သမီးက အဲဒီလိုအမြင်ကပ်ရင် ကပ်သလို အချိန်နေရာမရွေး အကြောင်းပြတာလေ။

"မင်းမိုက်ရိုင်းလှချည်လား"

"ရိုင်းတယ်ယူဆရင် Plasta လိုလိုက်ကပ်မနေနဲ့တော့ပေါ့။ ဘာလဲ. . . နင့်အဘိုးကို ပြန်တိုင်မလို့လား။ စိန်လိုက်လေ၊ နတ်သမီးတို့က



www.burmeseclassic.com

www.burmeseclassic.com



တိမ်ပေါ်ကပဲ. . . အေးဆေး''

သူက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကိုခါလိုက်လေ၏။ လက်နက်ချရင် Go back ပေါ့ဖေယျာရေ။ နတ်သမီးကတော့ စစ်ကြေငြာပြီးရင် ကိုယ့်ဘက်က ဘယ်တော့မှ အလံဖြူပြမှာမဟုတ်ဘူး။

"ကိုယ်က လွယ်လွယ်နဲ့နောက်ဆုတ်မယ့်လူစားမျိုးလို့ မင်းမထင်လေနဲ့ Venus...ကိုယ်ဆိုတဲ့ကောင်က မရဘူးဆိုတဲ့ခက်ခဲတာကိုမှ မရရအောင် ယူတတ်တဲ့ကောင်ပဲ။ မယုံရင် မင်းစောင့်ကြည့်နေပါ၊ ကိုယ့်မာနကိုမှ ဆွပေးတဲ့မင်းကို လက်ထပ်ဖြစ်အောင်ကို ထပ်ဦးမှာ အသေအချာပဲ''

"ဖားအော်တိုင်း မိုးမရွာဘူး ဖေယျာဝင်းထွဋ်ရဲ့။ အသံကောင်းဟစ်မနေနဲ့။ နင်ခြိမ်းခြောက်တိုင်း ကြောက်ရအောင် ငါက မူကြိုကျောင်းသူလေးမဟုတ်ဘူး။ မိုးပြိုမှာကိုကြောက်တတ်တာ Lapwing (တစ်တီတူးငှက်) ပဲရှိတယ်။ နင်ကပဲ ငါ့အိမ်ကိုလာတောင်းဖို့ ရောက်လာနိုင်မလား။ ငါကပဲ နင့်ကို ငါ့ကိုကြီးရဲ့ Wedding Card ကိုပဲ ကြိုပေးနိုင်မလားဆိုတာ စောင့်ကြည့်လိုက်လေ''

"ဘာ!. . ."

"ကဲ, လေကုန်တယ်။ ငါ့နောက် ထပ်လိုက်လာဖို့မကြံလေနဲ့။ ငါ့





လက်က အကြောင်းသုံးပါးမရွေးမုန်း နင်သိထားစမ်းပါ။ ဟန်သီနဲ့စိမ့်, သွားစို့''

"တောက်!"

တက်ခေါက်လိုက်သည့်သူ့ပခုံးကို တမင်ဝင်တိုက်ကာ ခြေလှမ်းကို ရှေ့ဆက်ခဲ့၏။ လူပုံအလယ်မှာ နင်ရှက်သလား. . . ဒါဆိုရင် ကျောင်းအဝင်လမ်းမထက်မှာ ငါ့ကိုဆွဲလားရမ်းလားလုပ်တာကို ပြန်မှတ်မိသင့်တာပေါ့။

မိန်းမတစ်ယောက်ရဲ့တစ်ကိုယ်လုံးမှာ ပုဒ်မတွေအများကြီးရှိနေတာကို နင်မသိလို့ ဒီလိုအတင့်ရဲတဲ့လုပ်ရပ်မျိုးလုပ်တာလား။ ဒါမှမဟုတ် အဘိုးတွေချင်း ရင်းနှီးတဲ့သူငယ်ချင်းတွေမို့ Power သုံးပြီး တမင်လုပ်တာပဲထင်ပါရဲ့။ နင်သိထားဖို့က ငါက မိဘအရှိန်အဝါ ဘိုးအေပါဝါကို သုံးပြီး ရဲတဲ့မိန်းကလေးမဟုတ်ဘူးဆိုတာပါပဲ။

"ဟယ်, ဒိုးနတ်ရယ်၊ သူ့တော်တော်ရှက်သွားတဲ့ပုံပဲဟဲ့"

"အေးလေ, တော်ကြာ နင့်ကို အငြိုးအတေးမှတ်နေရင် ဘယ့်နယ်လုပ်မတုန်း''

"အံမာ!. . . ဒါ မင်းမဲ့တိုင်းပြည်မဟုတ်ဘဲဟဲ့။ ငါ့ကိုလက်ဖျားနဲ့ပဲ ထိဝံ့ထိကြည့်စမ်းပါဦး။ နတ်သမီးရဲ့တန်ခိုးတွေ ကောင်းကောင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



သိသွားစေရမယ်မှတ်. . ."

"ဟင်. . . သူကများ တန်ခိုးရှိသလိုလိုနဲ့ ပြောတော့မယ် ပေါက်တတ်ကရတွေ"

"အေးလေ. . . သူ့ကိုယ်သူ တန်ခိုးရှင်မှတ်နေ"

"မယုံဘူးလား. . . ငါကြည့်ကြည့်နေတဲ့ဘောလုံးပွဲတွေက အလကားမဟုတ်ဘူးဟဲ့။ အွန်နရီရဲ့ကမ္ဘာကျော်ဂိုးကစ် ကြည့်မလား။ အာရှာဗင်ရဲ့ ဖျတ်လတ်တက်ကြွတဲ့ဂိုးဟန် ပြရမလား။ ဝေါ်ကော့လ်လို အမြန်ပြေးနှုန်းနဲ့ ကန်ပြလိုက်ရမလား။ တစ်ချက်တည်းနဲ့ ကမ္ဘာ့အပြင်ဘက် လွင့်သွားသလို မှောက်သွားစေရမယ်မှတ်. . ."

"အလိုလေး! ပြောရုံနဲ့ ကြက်သီးထပါ့ ဒိုးနတ်ရယ်"

သုံးယောက်သား 'အုံး' ခနဲရယ်လိုက်ကြလေ၏။ Chemistry ဆောင်နား လျှောက်လာစဉ် ခေါင်းငုံ့လျှောက်လာနေသည့် သမီးရဲ့ရေခဲတုံးကြီးကို လှမ်းတွေ့လိုက်ရလေသည်။

"ဟာ. . . မိုးနတ်မင်းက နတ်သမီးကို ဆုလာဘ်တွေ ချပေးလိုက်တာပါပဲလား"

"ဘာလဲ"

"ဟိုမှာလေ. . . ငါ့ Heart beat ကြီး"





"ငပေါမ"

သုံးယောက်သား ယှဉ်လျှောက်လာရာမှ ဖျတ်ခနဲပြေးကာ သူ့ရှေ့မှာ လမ်းပိတ်ရပ်လိုက်မိ၏။ တုံ့ခနဲခြေစုံရပ်သွားပြီး သူမော့ကြည့်လိုက်စဉ် ခပ်တည်တည်ဖြင့် တအံ့တသြပြောလိုက်ပါသည်။

"ဟာ! ကိုကြီးဖိနပ်ကို ဟိုတစ်ဖက်ဒီတစ်ဖက်ကြီး စီးလာတယ်"

"ဟင်! ဘယ်မှာလဲ"

"ဒီမှာလေ. . . ဘယ်တစ်ဖက်ညာတစ်ဖက်ကြီး"

"ဘယ်လိုဖြစ်. . . အား! ဒီချာတိတ်မတော့ လူကိုအလန့်တကြားဖြစ်အောင်လုပ်ပြန်ပြီ"

စိုးရိမ်တကြီးပြန်ငုံ့ကြည့်မိရာမှ သူပြုံးလိုက်မိပါ၏။ ဒီကလေးမကတော့ဖြင့် လုပ်လိုက်ရင် စိုးရိမ်ထိတ်လန့်တကြားပါပဲ။

"ဖိနပ်က ဘယ်တစ်ဖက်ညာတစ်ဖက် မစီးလို့ ဘယ်ချည်းညာချည်းစီးရမှာလားကွ"

"အင်းလေ. သမီးက ဘာများပြောနေမိလို့လဲ"

"မင်းပြောပုံက ကိုယ်ကပဲ တစ်ဖက်တစ်ချောင်း စီးလာသလိုဖြစ်နေတာလေ"

"ဟင်းဟင်း. . . ဒါပေမဲ့ သမီးကြောင့် ရင်တွေခုန်သွားတာကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ဝန်ခံလိုက်ပါကွယ်''

''အံမာ. . . ရင်တော့မခုန်ဘူး။ ခေါင်းတစ်ခုလုံး ထူပူသွားတာ တော့မှန်တယ်။ မင်းကတော့လေ, မေမေ့ရှေ့ အဲဒီလိုတွေလျှောက်ပြော တာနဲ့ မုန့်ခေါက်နဲ့ မုန့်လိမ်ဆွဲတစ်ခုခုတော့ ရပြီမှတ်''

''ဟာ! ကိုကြီးက သမီးကို အိမ်လည်ခေါ်မလို့လား''

''အဲ. . .''

သူဘာပြောရမှန်းမသိ ဖြစ်သွားရပါ၏။ မေမေ့ရှေ့ခေါ်သွားရင် သူမကို သူချစ်နေတဲ့ကောင်မလေးလို့ ယူဆလိုက်မှာလေ။ ဒုက္ခပဲ. . . ဒီပါးစပ်ကလည်း လွှတ်ခနဲပြောထွက်သွားရတယ်လို့။

''ဟင်. . . လို့''

လက်မောင်းကိုဆွဲခိုရင်း မျက်နှာကိုလိုက်မော့ကြည့်ပြီး မေးနေပြီမို့ သူ့မျက်နှာ နွေးခနဲဖြစ်သွားရပါ၏။ ဒီချာတိတ်မ လုပ်ပုံကတော့ သူနဲ့သူမကို အများအမြင်မှာ တလွဲထင်စရာတွေဖြစ်စေတော့မှာပဲ။

''လမ်းကိုကောင်းကောင်းလျှောက်မှပေါ့ကွ၊ ဘယ်လိုဖြစ်ပြီး လူကိုဆွဲခိုလိုနိုနဲ့။ Are you Chimpanzee? ''

''အမယ်. . . လူကိုများ ချန်ပန်ဇီလားတဲ့။ သမီးက ချန်ပန်ဇီ မျောက်ဆို ကိုကြီးက Gorilla (ဂေါ်ရီလာမျောက်) ပဲ''





သူ တဟားဟားအော်ရယ်လိုက်မိ၏။ ပက်ခနဲပြန်ပြောတတ်တဲ့ Responds ကတော့ လျှပ်စီးတမျှ ခပ်မြန်မြန်ပါပဲလား။ မေမေတော့ ဘယ်လောက်တောင်မှချစ်လိုက်မှာပါလိမ့်။ ဒီလိုတီတီတာတာလေး ပြော တတ်တဲ့သမီးလေးမျိုး လိုချင်တယ်လို့ ဟိုးအရင်ကတည်းက မကြာခဏ ပြောခဲ့ဖူးတာလေ။

သူ့ကိုမွေးတုန်းက ငိုသံတောင် သိပ်မထွက်တာမို့ ရေခဲတုံးနဲ့မှား ပြီး မွေးမိပြီလို့ ချစ်စနိုးလေးပြောခဲ့တာပါတဲ့။ မေမေရောဖေဖေပါ သား ယောကျ်ားလေးထက် သမီးမိန်းကလေးကိုသာ လိုချင်ခဲ့တဲ့ဆန္ဒရှိခဲ့တာ ကို သူအရွယ်ရောက်တော့မှ သိခဲ့ရတာလေ။

''နေဦး. . . နေရာယူတာ မှားနေတယ်။ ဒီဘက်ကလျှောက်ရမှာ''

သူ့ညာလက်ကိုဖြုတ်ကာ အနောက်မှပတ်ပြီး ဘယ်လက်ကို လာ ပြန်ချိတ်လိုက်တာမို့ သူမျက်မှောင်ကြုတ်သွားရလေ၏။ ဘာသဘောပါ လိမ့်။

''ဒါဆိုရင်တော့ ကိုကြီးရဲ့စွယ်တော်ရွက်လေးအတွက် အလွမ်း ပြေသဘောလေးပေါ့။ မဟုတ်ဘူးလား. . .''

''ဘာလဲ စွယ်တော်ရွက်''

''ဒါလေးတောင် မပေါက်ဘူးလား။ ညံ့ပါ့ကွာ. . . ဒီမှာကြည့်. . .



www.burmeseclassic.com

www.burmeseclassic.com



**နှစ်လွှာပေါင်းမှ တစ်ရွက်**

**နှစ်ဘဝပေါင်းမှ တစ်ယောက်ဖြစ်မယ့်**

**ဇွယ်တော်ရွက်လို အချစ်မျိုးပါပဲ**

**မောင့်ချစ်သက်လယ်...**အဲဒီကဗျာထဲကလို မဟုတ်ဘူးလား''

ကြည့်စမ်း! လက်တန်းကဗျာကို ကောက်စပ်လိုက်ပြန်ပါရောလား။ ကွဲလားမကွဲလား မသေချာတဲ့ သူ့အသည်းခံစားချက်ကို ဒီကလေးမ ရိပ်မိနေပြန်ပါပြီ။

''နေပါဦး၊ ကိုယ် ဘယ်သူ့ကိုလွမ်းနေလဲဆိုတာ မင်းသိလို့လား''

''သိတာပေါ့''

''ပြောပါဦး၊ ယုတ္တိရှိရှိ ရှင်းပြစမ်းကွာ''

''The eye is window of mind. (မျက်လုံးဆိုတာ စိတ်ရဲ့ပြတင်းပေါက်)တဲ့. . . ရင်ထဲမှာဖြစ်နေသမျှကို လူက ဘယ်လိုပဲ ဟန်ဆောင်နေပြပါစေ၊ မျက်လုံးက ညာလို့မရဘူးလေ''

''ဟုတ်လို့လား''

''ဒါပေါ့. . . ကိုကြီး တစ်ခါတစ်ခါ ငေးငိုင်သွားတာ၊ စာအုပ်ကို ဖွင့်ဖတ်နေပြီး စာတွေကိုမမြင်ဘဲ အတွေးတွေလွင့်၊ စိတ်တွေက မြက်သွားစားနေတာ မြင်ရုံနဲ့အသိသာကြီး၊ တကယ့် broken heart ကြီး





အတိုင်းပဲ''

''ကြည့်! စကားကို အကောင်းပြောရင်း ထဖောက်ပြန်ပြီ''

''အဲဒါမှ ကိုကြီးမျက်နှာလေး ပြုံးမှာပေါ့လို့၊ ထမင်းစားနေတုန်း ထမင်းလုပ်ထဲ ငရုတ်သီးမှိုင်းဖုံးမိသလို စပ်ဖျင်းဖျင်းလေး အရသာရှိသွားတယ်မဟုတ်လား''

သူမပြုံးဘဲ နေလို့မရတော့။ တကယ်ပါ. . . သူ့ကိုစိတ်ချမ်းသာအောင်ကို ဤကလေးမ ပြုလုပ်နိုင်စွမ်းရှိနေတာ အသေအချာပါပဲ။

''ဒီစကားက လမ်းကြောင်းလွှဲသွားပြန်ပြီ။ သမီးမေးတာကို ကိုကြီးမဖြေသေးဘူးနော်''

''ဘာလဲ''

''ကြည့်! စကားကို ယုန်စာလုပ်လိုက်ပြန်ပြီ''

''မုန်လာဥလို့ပြောစမ်းပါကွာ''

''မုန်လာဥလည်း ယုန်စာပဲ. . . ပြောပါဆို''

''အင်း. . .''

''ဘာအင်းလဲ၊ တောင်သမန်အင်းလား. . . အင်းလေးလား. . . အင်းလျားကန်လား. . . ရှင်းရှင်းပြော''

''ဩော်. သမုဒ္ဒရာရေတွေစုနေတဲ့ အင်းကြီးကွာ. . . အင်းကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ, ကျေနပ်ပြီလား''

သူတို့နောက်မှာပါလာသည့် သူမသူငယ်ချင်းကောင်မလေးနှစ်ယောက်က ဝေါခနဲရယ်လိုက်လေ၏။ ဒီချာတိတ်မအုပ်စုနဲ့ရောပြီး သူလည်း အတော့်ကို ရယ်စရာတွေ ပြောဖြစ်နေပါရောလား။

'ရယ်သောသူ အသက်ရှည်၏ 'ဆိုတဲ့ဆောင်ပုဒ်ကိုများ လက်ကိုင်ထားလေရော့သလား နတ်သမီးရယ်။



## အခန်း (၂၀)

"စာမေးပွဲဖြေရတော့မှာမို့ ကျောင်းပိတ်ခါနီး အိမ်လည်ခေါ်တာနော်။ တစ်မျိုးတွေးမနေနဲ့"

"ဟင်! သမီးကလည်း ကိုကြီးအပေါ် ရိုးရိုးသားသားလေးမို့ အိမ်အထိလိုက်လည်ရဲတာပါနော်။ လူကိုများ Despise (အထင်သေး)ဖြစ်လိုက်တာ။ သမီးပါပါနဲ့မာမာကို ဒီနှစ်နှစ်အတွင်း သူငယ်ချင်းပဲထားပါ့မယ်ချစ်သူမထားပါဘူးလို့ ကတိပြုထားပြီးသားပါနော်။ ကိုကြီးမေမေကိုမြင်တာနဲ့ မာမီလို့ပစ်ခေါ်မယ့် ခပ်ရှုရှုမုန့်လေပွမဟုတ်ဘူးဆိုတာသိထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com

"မုန့်လေပွေပဲကြားဖူးပါတယ်၊ မုန့်လေပွေမျိုး မကြားဖူးပါဘူး။ ပေါက်ပေါက်ရှာရှာ"

"အဲဒီမုန့်က လေထဲလျှောက်ဝဲနေပုံနေတာမှမဟုတ်ဘဲ၊ ပွပွလေး လုပ်ထားလို့ သမီးက မုန့်လေပွလို့ပဲခေါ်တာ"

စိတ်ကောက်သလို နှုတ်ခမ်းစူကာ ခြေတစ်ချက်ဆောင့်လိုက်တာမို့ သူကျိတ်ပြုံးလိုက်မိပါ၏။ ဒီချာတိတ်မ ဒီလိုစိတ်ကောက်စူပုတ်တာမျိုး တစ်ခါမှမကြုံဖူးတာအမှန်ပဲကိုး။

"အဲဒီနှုတ်ခမ်းက ဘယ့်နှယ် ရှေ့ကိုထွက်နေရတာလဲ၊ လှလည်း မလှဘဲနဲ့များ"

"နှုတ်ခမ်းစူပါတယ်ဆိုနေမှ လှပါ့မလား။ တော်ပြီ. . . တော်ကြာကိုကြီးမေမေက သမီးကိုမြင်ရင် အထင်တသေးနဲ့ ရွှေစေ့လောက်လေး ကြည့်ရင် သမီးအငွေ့ပျံပြီး ပျောက်သွားမှာစိုးလို့ မလိုက်တော့ဘူး"

"ဟော. . . နေရင်းထိုင်ရင်း ထကောက်တော့တာပါလား။ မုန့်ဘယ်လောက်တန်ရလဲ၊ ငါးထောင်တန်ဆိုရင်တော့ ကိုယ့်ပိုက်ဆံပဲ"

"ကိုကြီးနော်. . . သူများအကောင်းပြောနေတာကို ဟာသလုပ်ပစ်နေ"

"ဟော. . . ပြုံးတော့မယ်၊ ပြုံးတော့မယ်။ ငါးသလောက်လား၊





ငါးခူလား၊ ငါးပြေမလား. . . တစ်ခုခုပဲ"

"ကြည့်ပါလား"

သူ့ရင်ဘတ်ပေါ်ကို လက်သီးဆုပ်လေး ခပ်ဖွဖွလေး ရောက်လာပါ၏။ ဘာများဖြစ်တာလဲ. . . သူ့မျက်နှာလေး မကြည်မသာဖြစ်တာနဲ့ သူ နေမထိထိုင်မသာဖြစ်တာ သဘာဝကျပါရဲ့လား။ အမြဲတမ်း ပြုံးပျော်နေတဲ့ကောင်မလေးကို အစဉ်စိတ်ချမ်းသာစေချင်တာကတော့ သူ့ရင်ထဲက စစ်မှန်တဲ့စေတနာအရင်းခံပါပဲ။

"ရင်ဘတ်ကိုထိရင် ငါးထောင်"

"ကိုကြီးနော်"

"လက်မောင်းကိုထိရင် သုံးထောင်၊ ဆွဲဆိတ်ရင် နှစ်ထောင်၊ ကုန်းကိုက်ရင် အား. . ."

တကယ်ပဲ အသည်းယားစွာ လက်မောင်းကိုအသာကိုက်လိုက်တာမို့ သူ (မနာပါဘဲ) အော်သံက အတော်လေးကျယ်သွားရလေသည်။ ကားရပ်စောင့်နေတာမို့ မလှမ်းမကမ်းကားဂိတ်မှာ ကျောင်းသားကျောင်းသူတွေလည်း ရှိနေပါ၏။

သူမက သူ့ကိုမျက်စောင်းခဲလိုက်ရင်း ပြုံးလေသည်။ အခုမှပဲ နှင်းဆီတွေ ပွင့်ဖော်ရတာပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပြီးပြီလား"

"ဘာကိုလဲ"

"မေမေနဲ့တွေ့ရင် ဘယ်လိုခေါ်မလဲလို့လေ"

"ဒါများ. . . အနိတီပေါ့၊ ခေါင်းပူစရာမှတ်လို့"

"မေမေက ချွေးမလေး ခေါ်လာတယ်လို့ ကိုယ့်ကိုထင်သွားရင် ဘယ်လိုရှင်းမလဲ"

"ဟာဟ, အလုပ်အကိုင်ဖြင့်မရှိဘဲ ချွေးမခေါ်လာလို့ကတော့ အိမ်ဝကနေ ဖနောင့်နဲ့ ဆီးပေါက်ထည့်လိုက်မှာပေါ့ သားရွှေဥရဲ့။ စဉ်းစဉ်းစားစားလည်းပြောပါဦး"

"အံမာ. . . လူကြီးကိုများ အထင်သေးနေ။ ကိုယ်က ကျောင်းတွေပိတ်ထားတိုင်း ဖေဖေ့ကုမ္ပဏီမှာ ဝိုင်းကူလုပ်ပေးနေတာပါကွ။ ကျောင်းပြီးတာနဲ့ သတ်သတ်မှတ်မှတ်ရာထူးနဲ့ အလုပ်ဝင်ရတော့မှာ"

"ဘာလဲ. . . Poen (ရုံးအကူ)လား"

"မဟုတ်ဘူး. . . Clearing (သန့်ရှင်းရေး)"

နှစ်ယောက်သားရယ်လိုက်စဉ် ဦးမြိုင်မောင်းလာသည့်ကားက သူတို့ရှေ့မှာ လျှောခနဲဆိုက်လာလေ၏။

"စောင့်ရတာ ကြာသွားရင် ခွင့်လွှတ်ပါ သားငယ်"





"ဒီလိုတော့ ဘယ်ရမလဲ ဦးလေးရဲ့၊ ညည်သည်လိုက်လုပ်မယ့် သမီးကို လျော်ကြေးတော့ ပေးသင့်တာပေါ့"

"ဟောဗျာ. . . ကဲကဲ, လျော်ဆိုလည်း လျော်ပါ့မယ်။ ဘာများ လျော်ရမလဲ၊ ပြောပါဦး"

"PK တစ်ဘူး"

"ဟာ,မစားရဘူး။ မေးရိုးကြီး ကားလာလိမ့်မယ်"

"ကားကားပေါ့၊ ကိုကြီးပဲ သမီးကို ငါးသလောက်ဆို၊ ငါးပြေမဆို"

"ဟုတ်သားပဲ သားငယ်ရယ်၊ နှိုင်းစရာရှားလို့။ ငါးရံ့လောက်ဆို ဟုတ်တုတ်တုတ်"

"ဟင်! ဦးလေးကြီးပြောမှပဲ သမီးက ချွဲချွဲကြီးဖြစ်နေပြီ"

"ချွဲချွဲကြီးမဟုတ်ပါဘူး သမီးရယ်။ ချောချောလေးပါကွ"

အိမ်ကိုရောက်တော့ မေမေက ထွက်ကြိုမနေပါချေ။ သူမကိုခေါ်လာမည်ဟုလည်း ပြောမထားဘဲကိုး။ ကားရပ်သံကြားတာတောင် ထွက်မလာရင် မီးဖိုခန်းထဲ ရောက်နေလို့ဖြစ်မှာပါပဲ။

"ဟာ. . . သမီးအကြိုက် မောင်နဲ့မြင့်အတွဲဟင်းပဲ"

"ဘာလဲ မောင်နဲ့မြင့်"



www.burmeseclassic.com

www.burmeseclassic.com



"ချဉ်ပေါင်နဲ့ မျှစ်ဟင်းလေ ကိုကြီးရ"

ညည်ခန်းထဲရောက်တာနဲ့ ရှိန်လန့်မနေဘဲ ခပ်သွက်သွက်ပြော လိုက်ပုံက ပေါ့ပေါ့ပါးပါးလေးပါပဲ၊ ဆိုဖာမှာဝင်မထိုင်ဘဲ ညည်ခန်းနံရံရှိ သူငယ်ငယ်ကရိုက်ထားသည့်ဓာတ်ပုံတွေကိုကြည့်ကာ ပြုံးစိစိလေး လုပ်နေလေသည်။

"ကြည့်စမ်း! ရှက်လည်းမရှက်ဘူး၊ ဘာမှမပါဘဲ မှောက်ခုံလေး ဓာတ်ပုံအရိုက်ခံထားတယ်"

"ဟာ. . . နှစ်လသုံးလသားတုန်းက ပုံကို ပေါက်တတ်ကရပြောဦးမယ်"

"မှန်တာပြောတာပဲဟာပဲ၊ ဒီမှာလည်း ကြည့်ဦး. . . သူ့ကိုယ်သူ ရုပ်ရှင်မင်းသားလိုလို၊ Model boy လိုလိုနဲ့ လက်ပိုက်ပြီး ပဲပေးထားသေးတယ်။ ပဲတောင်မှ ပဲအကြီးစား. . . တောင်ကြီးပဲ"

"သမီးကတော့ကွာ"

ညည်ခန်းလိုက်ကာ လှစ်ခနဲပွင့်သွားပြီး မေမေထွက်လာပါ၏။ နှစ်ယောက်သား ယှဉ်ရပ်နေသည့်သူနှင့်သူမကိုမြင်တော့ မျက်ခုံးအစုံမြင့်တက် အံ့ဩသွားလေသည်။ မထင်မှတ်တဲ့အချိန်မှာ ရုတ်တရက်ပေါ်လာတော့မှတော့ အံ့ဩပေမပေါ့လေ။





"ဒါကြောင့် အသံကြားပါတယ်ထင်နေတာ၊ သားက ညည်သည် ခေါ်လာတာကိုး"

အသံကြောင့် သူမ ဖျတ်ခနဲလှည့်ကြည့်လိုက်ပါ၏။ သူနှင့်ခပ်ဆင်ဆင်တူသည့် အန်တီချောချောကြီးကို ခေါင်းညွှတ်ကာ နှုတ်ဆက်လိုက်မိလေသည်။

"Good evening ပါ အန်တီ"

"မင်္ဂလာညနေခင်းပါ သမီးရယ်၊ သားပြောတုန်းက ဒီလောက်ချစ်စရာကောင်းလိမ့်မယ်ထင်မထားဘူး။ သမီးက တကယ့်အချောလေးပဲ"

"အဲဒါတော့ များပြီထင်ပါတယ် အန်တီ"

"ဟင်! ဘာဖြစ်လို့လဲ"

"သမီးက သူ့မေမေလှတာကို ခြေဖျားတောင်မမီဘူးလို့ အန်တီ့သားက ပြောတယ်လေ"

"ဟောတော်"

မေမေသဘောခွေ့မယ့် ပဋိသန္ဓာရစကားပါပဲလား။ လူကြီးတွေနှင့် ဒီလိုလေးအလိုက်သင့်ပြောတတ်လိမ့်မည်ဟု ထင်မထားမိခဲ့။ သူမပုံစံလေးက ခပ်လျောင်လျောင်နှင့် ဗရုတ်ကျတတ်တဲ့စရိုက်လေးပေကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး သမီးရယ်၊ အန်တီ့သားကို စကားတွေအများကြီး ပြောတတ်လာအောင် သင်ပေးတဲ့ကလေးကို တွေ့ဖူးချင်လို့ အိမ်လည် ခေါ်လာခိုင်းထားတာ။ ခေါ်မယ့်ခေါ်လာတော့လည်း အချိန်မရှိ မှောင်ခါနီးမှပဲ. . ."

"ရပါတယ် အန်တီ၊ ဒီနေ့ သူငယ်ချင်းအိမ်ကိုလိုက်လည်မှာမို့ အိမ်ပြန်နောက်ကျမယ်လို့ မာမာ့ကိုပြောထားပါတယ်"

"ဟုတ်လား. . . သမီးရော သားလိုပဲ တစ်ဦးတည်းသောကလေးပဲဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့ အန်တီ၊ ဒါပေမဲ့ သမီးမှာ ဝမ်းကွဲအစ်မတစ်ယောက်တော့ ရှိပါတယ်"

မေမေက သူမလက်လေးကို တရင်းတနှီးကိုင်ကာ နှစ်ယောက်ထိုင်ဆိုဖာမှာ ထိုင်လိုက်လေ၏။ အလိုလေး. . . ဘယ်တုန်းကတည်းက ရေစက်တွေနဲ့များ မြင်မြင်ချင်း ချစ်ခင်စိတ်ဖြစ်ကြတာပါလိမ့်။

"ညနေစာ,စားပြီးမှ ပြန်ပေါ့"

"ဒါတော့မဖြစ်ဘူး အန်တီ"

"ဘာလို့လဲ သမီးရဲ့"

"အိမ်မှာ ပါပါက မျက်နှာစုံညီထမင်းစားရမှ ကျေနပ်လို့ပါ။ နေ့





တိုင်း ဘယ်ကိုပဲလျှောက်သွားသွား ညခုနစ်နာရီထက် နောက်မကျဖို့ အမိန့်ထုတ်ထားပါတယ်"

"အိုး. . . စည်းနဲ့ကမ်းနဲ့ အုပ်ချုပ်တတ်တဲ့ဖခင်ပါပဲလား"

"ဟင်းဟင်း. . . သမီးကတော့ အလိမ္မာလေးမဟုတ်ဘူး။ ပိစိညှောင့်တောင့်လေးတော့ ဆိုးပါတယ် အန်တီ"

"ဟုတ်တာပေါ့၊ သမီးအရွယ် သမီးအသက်နဲ့ နည်းနည်းလေးဆိုးတာတော့ သမီးမိဘတွေ နားလည်ခွင့်လွှတ်ပေးနိုင်မှာပါကွယ်။ ငယ်သေးတာကိုး"

မှောင်ရီပျိုးပြဖြစ်လာမှ သူမက မေမေ့ကိုနှုတ်ဆက်ပြီး ပြန်ရန် ပြင်လေ၏။ Taxi ငှားပြန်မှာကို စိတ်မချတာမို့ ဦးမြိုင်ကိုပဲ အိမ်ကကားနဲ့ ပြန်လိုက်ပို့ခိုင်းသည့်မေမေ့ကို သူလက်မြှောက်မိတော့သည်။ သူမ လက်ပြရင်း ပါသွားသည့်ကားလေး မြင်ကွင်းကပျောက်သွားမှ မေမေက သူ့ကိုမျက်စောင်းလှည့်ထိုးလေ၏။

"ဟောဗျာ. . . ကျွန်တော်ဘာများလုပ်မိလို့လဲ မေမေရဲ့"

"သားဘာမှမပြောရသေးလို့ ဟိုက သူငယ်ချင်းလို့ အလိမ္မာလေး သုံးသွားတာမဟုတ်လား"

"ဘယ်လိုလုပ်မလဲမေမေရဲ့၊ ချာတိတ်မက ငယ်သာငယ်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ပါးနပ်လိုက်တာမှ မပြောပါနဲ့''

''ဘာတဲ့တုန်း''

''မေမေ့အတွက် ချွေးမခေါ်လာပါတယ်လို့ပြောမိရင် အိမ်ဝက နေ ဖနောင့်နဲ့ကန်ချမှာပေါ့တဲ့။ အဲဒီလို လှလှလေးရှောင်ထွက်သွားတာဗျ။ လည်သလားလို့မမေးနဲ့''

''မိန်းကလေးပဲ သားရဲ့. . . ဒီလောက်တော့ မာနရှိရတော့မှာပေါ့။ ယောကျ်ားလေးက ဖွင့်မပြောရသေးခင် အညှာကြွေချင်တာ မိန်းမကောင်းမှမဟုတ်ဘဲ။ မေမေ သုံးမှတ်ပေးလိုက်ပြီ''

''ဟင်! ဘာသုံးမှတ်လဲ''

သူမျက်လုံးပြူးသွားရလေ၏။ ဖမေမေပါ သူနဲ့သူမစာတ်တွေ ကူးကုန်ပါရောလား။ စကားပြောရင် အထာလေးတွေနဲ့ ပြောတတ်တာမျိုးလေ။

''နံပါတ်တစ်, လူကြီးကိုရိုရိုသေသေနဲ့ပြောဆိုတတ်တဲ့အတွက် တစ်မှတ်၊ နံပါတ်နှစ်, ခေတ်နဲ့အညီဝတ်စားထားပေမယ့် လျှပ်ပေါ်လော်လီ မနေထိုင်တတ်တဲ့အတွက် တစ်မှတ်၊ နံပါတ်သုံး, ယောကျ်ားလေးတစ်ယောက်အိမ်ကို စရောက်ရောက်ချင်း ရတဲ့အခွင့်အရေးကို ရသလိုအလွယ်လေးမသုံးဘဲ လိမ်လိမ်မာမာနဲ့ငြင်းပယ်ပြီး ပြန်သွားတဲ့အတွက်





တစ်မှတ်. . . ပေါင်း, သုံးမှတ်''

လက်သုံးချောင်းထောင်ပြကာ ပြောနေသည့်မေမေ့ကိုကြည့်ကာ ပြုံးလိုက်မိလေ၏။ မေမေ့မျက်နှာမှာ ကြည်ကြည်လင်လင်ပဲမို့ သူ့ကြောင့် ဘာစိတ်အနှောင့်အယှက်မှမဖြစ်တာ သေချာပါရဲ့။

''ဟဲ့, ပြုံးမနေနဲ့လေ၊ မနက်ဖြန်ပဲ ကျောင်းကပိတ်ပြီ၊ ဘယ့်နှယ်နည်းနဲ့ပြောမှာတုန်း''

''မစိုးရိမ်ပါနဲ့ မေမေရယ်၊ သူဘယ်မှာနေလဲသိရအောင် 'မေမေ့ Driver နဲ့ထည့်လွှတ်လိုက်တာမဟုတ်လား။ ကျွန်တော်, သူ့ Phone နံပါတ် တောင်းထားပြီးသားပါ''

''အံမယ်! ဒါတော့လည်း မေမေ့သား ဒီလောက်ညံ့ပါလား၊ အေးပေါ့လေ. . . Phone ထဲကတောင်မှ ဖွင့်မပြောရဲလို့ သူများနောက် ပါသွားတော့လည်း သားအတွက် မျက်ရည်ခံဖို့ ရေဇလား ချထားပေးရုံပေါ့''

မေမေ ခနဲ့ပြီးပြောလိုက်ပေမယ့် သူ အပြုံးမပျက်သွားပါချေ။ တကယ်တမ်းဖွင့်ပြောတဲ့အချိန်မှာ သူသတ္တိမရှိလို့ဖြစ်ပါ့မလား။ အခုလောလောဆယ်ကာလအတွင်းမှာ သူမအိမ်က သူမကို ချစ်သူထားခွင့်မရှိလို့ အမိန့်ပေးထားတာကို သူက အရဲစွန့်ပြီး ဖွင့်ပြောလို့ဘယ်ရပါ့



www.burmeseclassic.com

www.burmeseclassic.com



မလဲ။

သူငယ်ချင်းတဲ့။ အသက်နှစ်နှစ်ကျော်ကွာတဲ့ အမျိုးသားတစ်ယောက်ကို သူငယ်ချင်းအဖြစ် တော်ထားတာကို သူမမိဘတွေ ဘယ်ယုံပါ့မလဲ။ ဘယ်လောက်ထိရိုးသားတယ်လို့ ညာထားဦးမှာပါလိမ့်။

နတ်သမီးရေ. . . မင်းအိမ်က Phone ကို ကိုယ်လှမ်းဆက်သွယ်လို့ မင်းမိဘတွေနဲ့တိုးမိရင် လူကြီးတွေခေါင်းထဲမှာ သို့လောသို့လော အတွေးတွေ ဝင်သွားမှာမလွဲပါဘူး။

မျက်နှာချင်းဆိုင်ပြောဖို့အတွက် မင်းနဲ့ကိုယ် Date တော့ Date ရမှာပဲ။ ဒါပေမဲ့ မင်းကိုချစ်ခွင့်ပန်ချိန်မှာတော့ ကိုယ့်မှာ ကုမ္ပဏီရာထူးတစ်ခုတော့ မဖြစ်မနေရှိထားဖို့လိုမှန်း ကိုယ်သိထားပါတယ်။

'ကိုယ် မင်းကိုချစ်နေပြီ'လို့ ပြောတဲ့အခါ မင်းဘယ်လိုများ ဖြစ်သွားမလဲဆိုတာ ကိုယ်သိချင်ပါတယ်။ ကိုယ့်ရဲ့ Venus...လေးရယ်။



အခန်း (၂၁)

Taxi က ဘိုးဘိုးခြံရှေ့မှာ ရပ်သွားပါ၏။ ကားခရင်းပေးပြီး ဦးစိုးဖွင့်ပေးသည့်တံခါးမှ အတွင်းသို့ဝင်လာခဲ့သည်။

မမ စေ့စပ်တော့မှာတဲ့. . . သူချစ်သူနဲ့ပေါင်းခွင့်မရဘဲ အခုလို အတင်းစီစဉ်တာတော့ ဘိုးဘိုးဘက်က တရားမမျှတပါလေ။

"ဒေါ်ကြီးသန့်. . . ဘိုးဘိုးရှိလားဟင်"

"မရှိဘူး ကလေးရဲ့၊ သူမိတ်ဆွေအိမ်က ထမင်းစားဖိတ်ထားလို့ အပြင်သွားတယ်"

"ဩော်. . . မမရော"



www.burmeseclassic.com

www.burmeseclassic.com



"သမီးမမ, အပေါ်ကအခန်းမှာ စာကျက်နေတယ်လေ"

လှေကားမှ အပေါ်ထပ်ကို အပြေးတက်လာခဲ့မိ၏။ မမနေသည့် အခန်းမှတံခါးကို မခေါက်ဘဲ အသာလေးချောင်းကြည့်လိုက်ပါသည်။ စာကြည့်စားပွဲမှာ ငြိမ်ပြီး ဘာတွေရေးနေသည်မသိ။ သူမအသာလေး ခြေဖွပြီးဝင်လာတာကို သတိထားမိပုံမပေါ်တာလေ။

လွမ်းလိုက်တာမောင်ရယ်၊ ကျွန်မဘယ်လိုလုပ်ရမလဲ။ ကျောင်းပြီးတာနဲ့ ဘိုးဘိုးက ကျွန်မကို ဒေါက်တာရဲထက်ဘုန်းနဲ့စေ့စပ်ပေးတော့မယ်တဲ့။

မောင့်နောက်ကိုလိုက်ခဲ့မယ်လို့ စွန့်စားရဲရအောင်လည်း မောင်နဲ့ကျွန်မက တရားဝင်အသိအမှတ်ပြုထားတဲ့ချစ်သူတွေမဟုတ်လေတော့ ဒီအခွင့်ကိုမရနိုင်ဘူးပေါ့။

'ချစ်တယ်'ဆိုတဲ့စကားကို နှုတ်ဖျားက တစ်ခါမှထုတ်မပြောဘဲ ကဗျာတွေစာတွေစီပြီး ပေးခဲ့ဖူးတဲ့မောင့်ကို အသက်ငယ်ရွယ်လွန်းသေးတာမို့ ဆင်ခြင်တုံတရားနဲ့ ခေါင်းမညိတ်ပြမိသေးတာပါ။ ဒါကို မောင်ရိပ်မိပါရဲ့လား။

'မနက်ဖြန်မှနော်'ဆိုပြီး နှုတ်ဆက်ခဲ့တဲ့ညနေခင်းကို မောင်မှတ်မိရင် ကျွန်မဘာအကြောင်းကြောင့် ကျောင်းလာမတက်တော့တာလဲဆို





တာကို စုံစမ်းမိမှာပါ။ သူငယ်ချင်းတွေပင် အသိမပေးလိုက်ရပါဘဲ သတင်းမကြား ပျောက်သွားတဲ့ အာသာဆိုတဲ့မိန်းကလေးကို ကြာပြီဆိုပြီး မေ့ပစ်နိုင်ပြီလားကွယ်။

'ပန်းပေးရင် အလှမ်းဝေးတယ်'ဆိုတဲ့ ပြောစမှတ်ပြုစကားပုံအတိုင်း တကယ်ပဲ ပန်းပေးခဲ့လို့များ ဝေးခဲ့ကြရတာလား။ ကျွန်မရင်ထဲမှာ သိုသိပ်ပြီး စွဲလန်းစွာချစ်မိနေပေမယ့် ပြောမထွက်မိသေးတဲ့ကောင်မလေးကို သတိရော ရပါလေစကွယ်။

"ဟာ. . . သမီးရောက်နေတာကိုတောင် မသိရအောင် မမ ဘာတွေများစဉ်းစားနေတာလဲ"

"ဟင်! "

နောက်ကျောဘက်မှ သိုင်းဖက်လိုက်သည့်သမီးကြောင့် အလန့်တကြားဖြစ်သွားရလေ၏။ ရေးလက်စ Equation ကို ဆက်မညှိဘဲ ဒီတိုင်းငိုင်နေတာ အချိန်အတော်ကြာခဲ့ပြီပဲကို။

"သမီး ဘယ်တုန်းက ရောက်တာလဲ"

"အခုလေးတင်ပဲ"

ဝမ်းသာအားရဖြင့် ညီမလေး၏လက်ဖျားလေးကို ဆုပ်ကိုင်ထားလိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သမီးက ကျွန်မခုတင်ထက်မှာ အသာဝင်ထိုင်လိုက်လေသည်။

"မမသတင်းကိုကြားတယ်၊ ကြီးမေပြောတာ"

မျက်ရည်ရစ်ဝဲကာ ခေါင်းညိတ်ပြလိုက်မိပါသည်။ သတင်းလာမေးတာတဲ့လား. . . ကူညီသူမဲ့နေတဲ့ အကျဉ်းစံမမကို လာအားပေးတာတဲ့လား ညီမလေးရယ်။

"မမ ဘာမှမကြိုးစားဘူးလားဟင်"

"ဘာကိုကြိုးစားရမှာလဲ"

"တစ်ခုခုပေါ့၊ မမချစ်သူနဲ့ဆက်သွယ်ဖို့ကိုလေ။ အခက်အခဲရှိရင်လည်း သမီးကူညီမှာပေါ့လို့"

ကျွန်မချစ်သူတဲ့လား. . . အတိအကျ လက်ညှိုးညွှန်ပြစရာရယ်လို့ မရှိတာကို ဘယ်လိုများကြိုးစားပြရမှာတဲ့လဲ။

"သူ့ Phone နံပါတ်သိလား"

"ဟင့်အင်း"

"အိမ်လိပ်စာရော"

"မသိဘူး"

"အာ. . . မမကလည်း Phone မသိ, Address မသိနဲ့ ဘယ်လိုဆက်သွယ်ပေးရမလဲ။ အခု ကျောင်းလည်းပိတ်ပြီဆိုတော့ မမရဲ့





သူငယ်ချင်းတွေကတစ်ဆင့်လည်း ဆယ်သွယ်ပြီး ချိတ်မရဖြစ်ကုန်ပြီ။ ခက်တာပဲ"

ညီမလေးရယ်. . . အဲဒီနံပါတ်တွေ လိပ်စာတွေသာ မမသိနေရင် ညီမလေးကူညီစရာတောင် မလိုဘဲ သူနဲ့ဆက်သွယ်မှုရှိနေမှာပေါ့။ အခုလို သူမဟုတ်တဲ့ တခြားလူရဲ့ရင်ခွင်မှာ ခိုဝင်ရတော့မယ့်ကိစ္စဆိုပြီး ကြုံလာဖွယ်တောင် ရှိမှာမဟုတ်ပါဘူး။

'မောင်ရေ. . . အာသာ့ကိုလာခေါ်ပါလှည့်' ဆိုတာနဲ့ သူက မမကို အချိန်မီလာခေါ်မှာ အသေအချာပါပဲ။ ခုတော့ မမအဖြစ်က ကြွေလုလု စကားပွင့်လေးလို ပင်ယံပေါ်မှာ လေအဟုန့်စိုးရိမ်နေရတဲ့အဖြစ်နဲ့ တူနေတာအမှန်ပါလေ။

"မမသူငယ်ချင်းတွေကို မေးရင်ကော"

"ခိုင်တို့နဲ့မမက Final တက်တော့ အတန်းမတူတော့ဘူးသမီးရဲ့။ ပြီးတော့ သူနဲ့လည်းအဆက်အသွယ်ရှိကြမှာမဟုတ်ဘူး"

"ဒါဆိုရင် သမီးဘာလုပ်ပေးရမလဲ"

သက်ပြင်းကို ပြိုင်တူရှိုက်လိုက်မိပါ၏။ အချစ်ဆိုတာ ပုလောင်ပြင်းပြတဲ့မီးလို့ ဆိုရိုးရှိခဲ့တာမှန်ရင် အဲဒီအပူမီးတွေဟာ ကျွန်မရဲ့ရင်တစ်ခုလုံးကို လောင်မြိုက်နေတာအမှန်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုမှန်းကြိုသိထားခဲ့ရင် သူ့အပေါ်မှာ လိုတာထက် ပိုသာတဲ့ သံယောဇဉ်မျိုး ထားခဲ့မိမှာမဟုတ်ပါဘူး။ သမီးလို လွတ်လပ်ပေါ့ပါးတဲ့ စိတ်နဲ့ ပျော်ပျော်သာနေလိုက်ချင်ပါရဲ့။

"အဲ, ဒါပေမဲ့ ကံကောင်းသေးတာပဲ"

"ဘာကိုလဲ"

"မမတို့နှစ်ယောက် စာမေးပွဲဖြေရင် တွေ့ကြဦးမှာလေ။ မဟုတ်ဘူးလား"

"အင်း"

"အိမ်ကကား လာစောင့်ရင်လည်း စောင့်နေနိုင်တာပဲ။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးဘာသာဖြေပြီးတာနဲ့ မျက်စိစုံမှိတ်ပြီး သူ့နောက်ကို လိုက်သွားပေတော့"

"ဘယ်လို"

"ဟုတ်တယ်မမရဲ့၊ အချစ်ဆိုတာ စွန့်စားခြင်းတဲ့။ မမ သတ္တိရှိဖို့ပဲလိုတယ်။ နောက်ဖြစ်မယ့်ပြဿနာ နောက်မှရှင်းကြပါလေ့စေ။ မမတို့နှစ်ယောက် OK... မှာ စိုပြည်ဖို့အဓိကပဲမဟုတ်ဘူးလား။ ဒါမှ ဟိုစာရေးဆရာမရဲ့ကဗျာလေးအတိုင်း ဖြစ်သွားမှာလေ. . .

**လာ...အချစ်**





**ကိုယ့်လက်ကိုတွဲ**

**ရဲရဲလိုက်ခဲ့**

**နှစ်ယောက်တည်းနေဘ်..တဲ့"**

ညီမဖြစ်သူစကားကြောင့် အလိုက်သင့်ရယ်လိုက်မိပါ၏။ ကျေးဇူးတင်လိုက်တာသမီးရယ်။ တစ်ယောက်တည်း အားငယ်စိတ်ဓာတ်ကျနေတဲ့မမကို အခုလိုအားပေးတိုက်တွန်းတာ တကယ့်ကိုကျေးဇူးတင်ဝမ်းသာမိတာ တအားပါပဲ။

"ဟော! ခဏလေး၊ သမီး Phone လာနေတယ်"

သမီးက Hand Phone ကိုဖွင့်ကြည့်လိုက်စဉ် ဝမ်းသာလုံးဆို့သွားရပါ၏။ လက်စသတ်တော့ ကိုကြီး Phone ဖြစ်နေတာကိုး။

"ဟယ်လို. . . ကိုကြီးလား၊ ပြော. . ."

"တွေ့ချင်လို့, ဘယ်တော့လဲ၊ ဘယ်မှာလာတွေ့ရမှာလဲ"

"သြော်. . . စာမေးပွဲနောက်ဆုံးရက်ဖြေပြီးမှလား၊ ရပါတယ်"

"အချိန်တူတော့ ပိုကောင်းတာပေါ့။ သမီးတို့ဆုံနေကျ ဂိတ်နားက သစ်ပင်အောက်မှာပဲ စောင့်မယ်လေ"

"အင်း. . . စာလား. . . ရပါတယ်၊ စာကလေးတွေရော, စာဘုန်းကြီးတွေရော. . . နောက်ပြီး ဟင်းဟင်း. . . မနောက်ပါဘူး၊ တကယ်ပြော



www.burmeseclassic.com

www.burmeseclassic.com

တာ၊ ဒီလောက်အရေးကြီးတဲ့စာမေးပွဲကို သမီးက စာမကျက်ဘဲ ပေါ့ပေါ့လေးသွားဖြေလို့ ဘယ်ရမှာလဲ။ စာမေးပွဲကျရင် အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာပေါ့"

"ဟားဟားဟား. . . အဟုတ်ပြောတဲ့ဟာပဲ၊ မလိမ္မာရင် သမီးကို ဘယ်လိုပဲအလိုလိုက်လိုက် မာမာကရိုက်တယ်။ ပါပါကတော့ ဆူရုံပဲ"

"ဘာလဲ. . . သမီးအိမ်လိုက်လည်မလို့လား။ ရပါတယ်, သူငယ်ချင်းဆိုရင် ဘယ်သူမဆိုလိုက်လို့ရတာချည်းပဲ"

"မလိုက်ဘူးလား. . . ဒါဆို ဘာလို့တွေ့ချင်ရတာလဲ၊ ဟဲဟဲ. . . ကောင်လေး မရိုးတော့ဘူး"

"ဟမ်. . . Sorry...Sorry...အဲ, ဟုတ်ဘူး။ ကန်တော့လို့ပြောရမှာ၊ ကန်တော့. . . ကန်တော့"

"ပြောစရာရှိလို့. . . တွေ့လား. . . သမီးပြောတယ်လေ၊ ဒီကောင်လေး ဝလာပါပြီဆိုနေမှ၊ ဟင်းဟင်း. . . ဝတာလား, လှပါးလေ"

ကြည့်ပါဦး. . . Phone နဲ့ပြောနေတာတောင်မှ လူချင်းမျက်နှာချင်းဆိုင်ပြောရသလို သမီးရဲ့မျက်လုံးလေးတွေက အရည်လဲ့ပြီး နှုတ်ခမ်းလေးတွေက ချိုမြနေတာပါပဲလား။

ဒါဆို. . . ဒါဆို သမီးမှာ ချစ်သူရှိနေပြီပေါ့၊ ဟုတ်တယ်. . . အသေ





အချာပါပဲ၊ အချစ်နဲ့တွေ့တဲ့မိန်းကလေးတိုင်းမှာ တွေ့ရတဲ့ နူးညံ့ချိုသာမှုမျိုး သမီးမှာ တွေ့နေရတာလေ။

ကြည့်စမ်း! ဒီကလေး ကျွန်မမသိအောင် ဖုံးကွယ် သိုဝှက်ထားချက်တွေ ရှိနေပါရောလား။ ပြတင်းဝမှာသွားရပ်ပြီး ပြောနေတဲ့စကားတွေက ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေတာ မျက်မြင်ပါပဲ။

"သမီးလား. . . ခု အိမ်မှာမဟုတ်ဘူး။ ဘာလဲ. . . လူကိုများ Chucking လိုက်နေပြီ ခုကတည်းက။ ဟင်းဟင်း. . . ဟုတ်ဘူး, ဘိုးဘိုးအိမ်မှာ မမနဲ့လာတွေ့နေတာ"

"သတိလား. . . ရတာပေါ့၊ အများကြီး. . . အများကြီး. . . တစ်ပွေ့ကြီးပဲ. . . ကျေနပ်ပြီလား။ အဲဒါဆို ဒါပဲနော်၊ ဟုတ်, သမီးကလည်း ဆုတောင်းပေးပါတယ်။ ကိုကြီး စာကောင်းကောင်းကျက်လို့ရပါစေလို့၊ Bye...Bye..."

Phone ပိတ်လိုက်ပြီး ပြုံးမြမြလေးဖြစ်သွားအပြီးမှာ ကျွန်မဘက် ဖျတ်ခနဲလှည့်ကြည့်ကာ ရယ်ကျဲကျဲလေးလုပ်လိုက်ပုံက တစ်မျိုးလေး စွဲဆောင်မှုရှိနေတာပါလေ။ သမီးကို သူမရဲ့ချစ်သူ ဘယ်လောက်များ ချစ်လိုက်မလဲ။

"ဟင်းဟင်း. . . Sorry မမ၊ သူနဲ့ပြောရင် အဲဒီလိုပဲ"


www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့ချစ်သူလား"

"ချစ်သူ, အဲ. . . အဲဒီလိုတော့ မဟုတ်သေးဘူး။ သမီးချစ်သူထားရင် ပါပါဆူမှာပေါ့။ Final မှ ထားရမယ်တဲ့။ ဒါပေမဲ့. . ."

သမီးက ခုတင်ထက်ပြန်ထိုင်ချရင်း ပြုံးစိစိလေးလုပ်နေပြန်လေ၏။ ဒါ ရှက်စနိုးအမူအရာလေးပါလား။ အရှက်အကြောက်သိပ်မရှိတတ်တဲ့သမီးဆီမှာ ဒီလိုပုံစံလေးဖြစ်နေတာ အံ့ဩဖွယ်ရာပါပဲ။

"ဒါပေမဲ့ သမီးကတော့ သူ့ကိုချစ်တယ်၊ ချစ်နေပြီလို့ထင်တာပဲ။ သူ့ကိုမမြင်ရရင် ရင်ထဲမှာ ဟာတာတာနဲ့ နေလို့ထိုင်လို့မရဘူး။ သူ့မျက်နှာလေး ခဏလေးပဲဖြစ်ဖြစ် တွေ့လိုက်ရမှ နေသာထိုင်သာရှိသွားတယ်"

". . ."

"သူက ခင်ဖို့ကောင်းတယ်မမရဲ့။ ကြည့်လို့လည်း အရမ်းကောင်းပြီး ယောကျ်ားပီသတယ်"

"Major တူလား"

"မဟုတ်ဘူး. . . အတန်းလည်းမတူဘူး။ သူက Final တက်နေတာ"

"ဟယ်. . . ဘယ်လိုများတွေ့ကြတာလဲ"





"ဒီလိုပဲပေါ့၊ ဖူးစာရေးနတ်မင်းကြီးက နတ်သမီးလေးရဲ့ရှေ့ကို ပြုံးဆိုပြီး ခပ်ချောချောဖူးစာရှင်လေး ချပေးလိုက်လို့ သူနဲ့ဆုံသွားရတာ"

"သမီးကတော့လေ"

"သမီးထက်နှစ်နှစ်ကြီးလို့ သူ့ကို ကိုကြီးလို့ခေါ်တာလေ၊ ကောင်းတယ်မဟုတ်လား။ ဩ, အဲဒီနေ့မှ သူနဲ့မမကို သမီးမိတ်ဆက်ပေးမယ်သိလား. . အခုလောလောဆယ် စာကျက်နေဦး။ နောက်မှ သူနဲ့အတူလာပြီး မမရဲ့လူနဲ့ပါ တစ်ခါတည်းမိတ်ဆက်ပေးပေါ့။ ဘိုးဘိုးပြန်လာလို့ သမီးကိုတွေ့ရင် စစ်လားဆေးလားတွေလုပ်နေဦးမယ်။ ပြန်ဦးမယ်နော်. . မမ"

"အင်း"

"အိပ်မက်လှလှလေးတွေမက်ပြီး မမရဲ့ချစ်ချစ်ကြီးနဲ့ဆုံပါစေလို့ ဆုတောင်းပေးခဲ့တယ်နော်။ တာ့တာ. . ."

ကျွန်မပါးကို ရွှတ်ခနဲနမ်းရှိုက်ကာ ပြန်သွားသည့်သမီး၏ကျောပြင်လေးကို ငေးကြည့်ရင်း အခန်းထဲကျန်ရစ်ခဲ့ရလေသည်။

မောင်. . .

ကျွန်မတို့နှစ်ယောက်ကို ညီမလေးက ဆုံစည်းစေချင်တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဒါကို မောင့်ကိုဘယ်နည်းမျိုးနဲ့ ကျွန်မအသိပေးပြောရမှာပါလိမ့်။

ကျွန်မကိုမြင်တဲ့အခါ မောင် တအံ့တဩဖြစ်သွားမယ်ဆိုတာကို ကြိုသိနေပါတယ်။ မောင့်ကိုမချစ်နိုင်လို့ အဖြေမပေးချင်လို့ ရှောင်ပြေးတယ်ဆိုပြီး ကျွန်မကိုအပြစ်တင်အကြည့်တွေနဲ့များ ကြည့်လေမလား။

ရင်တွေမောလိုက်တာအမှန်ပါကွယ်။ စာမေးပွဲဖြေတဲ့ရက်ကို ကြိုတွေး ရင်တုန်ရတာထက် မောင်နဲ့ဆုံခွင့်က အာသာဆိုတဲ့မိန်းကလေးကို ပိုပြီးရင်ခုန်စေတယ်ဆိုတာကိုများ မောင်သိပါလျှင်. . .



## အခန်း (၂၂)

"မမကို သမီးဝင်ကြိုခဲ့မယ်"

လူကြီးတွေအကြည့်က သမီးထံပြုံကျလာပါ၏။ ဟောတော်! ဒါလေးပြောတာကိုများ မယုံသင်္ကာနဲ့ပါလား။ ဘိုးဘိုးပါရောက်နေတာမို့ သမီးစကားကိုကန့်ကွက်မယ့်မဲက များနေမှန်းသိနေပါသည်။ သို့သော် မမအတွက် အခွင့်အရေးတစ်ခုလေးတော့ ရစေချင်လို့ပါပဲ။

"နင့်မမကို ဒေါက်တာရဲထက်ဘုန်းကိုယ်တိုင် ကြိုပို့လုပ်ပေးနေတယ်လေ။ အဆောင်လည်းတူတာမဟုတ်ဘဲနဲ့ တကူးတကကြိုမလာချင်နဲ့။ ကိုယ့်ဟာကိုယ် ဖယ်ရီနဲ့သွားစမ်း"


www.burmeseclassic.com

www.burmeseclassic.com



ကြီးမေက ငေါက်လိုက်တာမို့ မျက်စောင်းခဲလိုက်မိ၏။ သမီးကို ဆို ကလေးဆိုပြီး လူရာတယ်မသွင်းချင်ကြဘဲကိုး။

"သမီးတို့အုပ်စု စာမေးပွဲနောက်ဆုံးရက်မှာ ရုပ်ရှင်ကြည့်ကြမှာမို့လို့ မမကိုပါခေါ်ချင်တာကြီးမေရဲ့။ မမလည်းပျော်ပါစေလား"

"နတ်သမီး"

"ရှမ်. . . ဘိုးဘိုး"

"ကိုယ့်အလုပ်ကိုယ်လုပ်စမ်း။ ညည်းနဲ့ညည်းအစ်မက တူတာမဟုတ်ဘူး။ ရှေ့လထဲလုပ်ပေးမယ့်စေ့စပ်ပွဲအတွက် ဘာအထစ်အငေါ့မှမရှိစေချင်တာ သဘောပေါက်တယ်နော်"

ကြည့်ပါလား. . . သမီးက ဒီအစီအစဉ်ကို မရမကဖျက်ကိုဖျက်ဦးမှာလေ။ ဟုတ်တယ်. . . ကိုယ်မချစ်မနှစ်သက်တဲ့လူနဲ့တော့ မမဘဝကို မစတေးပါစေနဲ့လား။ ငဲ့ညှာစာနာစိတ်သာရှိရင် လူငယ်တွေရဲ့နှလုံးသားကို မနင်းချေချင်ကြပါနဲ့။

"သမီးသွားရင်သွားတော့လေ ကစ်တီ။ ဖယ်ရီက အရင်ကြိုပြီးထွက်မှာမဟုတ်လား"

မာမာက မျက်နှာရိပ်ကိုပြုပြီး နှင်နေချေပြီ၊ ဘိုးဘိုးကိုတုန်နေအောင် ကြောက်ရတဲ့ချွေးမပေကိုး။ ဒီမြေးမက ကဖျက်ယဖျက်လုပ်ရင်





မာမာ့ခေါင်းပေါ် ပုံကျလာမှာကို သေမစာတ်စိုးရွံ့သည်ပဲ။

"ဘိုးဘိုးက မမကို ဒီတစ်ရက်လေးတော့ လွတ်လွတ်လပ်လပ်ပျော်ရွှင်ဖို့ ခွင့်ပြုသင့်တာပေါ့"

"ဟဲ့! သမီး"

"ဟုတ်တာပဲ ကြီးမေရဲ့၊ သေတဲ့သူလည်း သေပြီးနေပြီ၊ ဘာလုပ်လို့ရတော့မှာလဲ၊ ပြီးတော့ ဘယ်သူ့ပယောဂနဲ့မှမဟုတ်ဘဲ ဘွားလေးဟာဘွားလေး ရေချိုးမှားပြီး ဆုံးသွားကိုပဲ သူတစ်ပါးကိုအပြစ်ပုံချတာလွန်တယ်လို့ သမီးထင်တယ်"

"Sweety...!"

ပါပါက တစ်ချက်ဟန့်လိုက်ပေမယ့် သမီးမဖြုံပါ။ ဒီစာမေးပွဲကြီးအတွင်း မမကိုစိတ်မချလို့ဆိုပြီး အိမ်မှာလာစုပြီး နေနေကြတာလေ။ သမီးနဲ့အချိန်တူတူဖြေရလို့ အတူကျောင်းကိုသွားမယ်ပြန်မယ်ဆိုတာကိုလည်း ခွင့်မပြု။ အဲဒီဒေါက်တာပဲ ကျောင်းမှာ တစ်ချိန်လုံးလာစောင့်နေရတယ်လို့၊ ခုချိန်ထိ မမလည်း သူ့လူကို အခေါင်မတူလို့ မတွေ့ရသေးဘူးကွဲ့။ အခွင့်အလမ်းဆိုတာ တစ်ကြိမ်တစ်ခါတော့ ရှိသင့်တယ်လို့ သမီးယူဆတာလေ။

"ကလေးက ကလေးလိုပဲနေစမ်း မြေးငယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမက သူ့သဘောကျနေတဲ့လူနဲ့ တွဲသွားတွဲလာမျိုးပဲ ရှိသေးတာပါ။ အဲဒါကို ရည်းစားထားတယ်ဆိုပြီး ရိုက်နှက်ဆုံးမတာတော့ ကြီးမေတို့လွန်တယ်၊ ရှေးရှေးကပြစ်ချက်ဟောင်းကြီးကို သမီးတို့လက်ထက်ထိ ဆွဲယူလာတာ မျှတမှုမရှိဘူး။ မမ. သူချစ်တဲ့လူနဲ့ပဲ လက်တွဲပါစေလား"

"မင်းလွင်, မင်းသမီး မင်းမနိုင်ဘူးလား။ နိုင်အောင်ထိန်းစမ်း"

မာမာက သမီးလက်မောင်းကိုဆွဲကာ အိမ်ပြင်ကိုဆွဲခေါ်ရန်ပြင်လေ၏။ အဓိပ္ပာယ်မရှိတဲ့ကိစ္စကိုတော့ ခေတ်လူငယ်ပီပီ သမီးလက်မခံချင်ပါ။ လူကြီးတွေရဲ့လောင်းရိပ်မည်းအောက်မှာ သမီးတို့ညီအစ်မတွေ အလင်းပျောက်စေတာ သဘာဝမှမကျတာဘဲ။

"ကစ်တီ. . . ဒီနေ့ နောက်ဆုံးဘာသာရှိသေးတယ်မဟုတ်လား။ ဘာလို့ စိတ်ဒုက္ခရှာနေရတာလဲ"

"သမီးပြောလို့ မပြီးသေးဘူးမာမာ"

"တော်တော့သမီးရယ်"

"ဘိုးဘိုးက သမီးတို့လူငယ်တွေအပေါ် စာနာစိတ်မှမထားတာဘဲ။ ဒီလိုထိန်းချုပ်တာမျိုး မမကိုပဲလုပ်လို့ရရင်ရမယ်။ သမီးကိုတော့ လုပ်လို့မရဘူး။ သမီးအလှည့်မှာတော့ ဘိုးဘိုးကမ္ဘာမကျော်တဲ့ ရန်သူမြေး





ပဲဖြစ်ဖြစ် သမီးတကယ်ချစ်ရင် ဘယ်လိုတားတား ရှေ့ကိုဆက်တိုးမှာပဲ။ ဒီလောကမှာ မျှတမှုမရှိရင် ကမ္ဘာကြီးတောင် တည်ရှိနိုင်မှာမဟုတ်ဘူး. . "

"နတ်သမီး. . . ညည်း. . ."

"ရီတာ. . . သမီးကို ဖယ်ရီပေါ်ထိ တင်ပေးလိုက်၊ သွားတော့"

သမီးကို အန်တီလေး ဆွဲခေါ်သွားတာကို ကျွန်မ လှေကားမှ ဆင်းလာရင်း တွေ့လိုက်ရလေ၏။ သတ္တိတွေရှိနေလိုက်တာများ ညီမလေးရယ်။ အဲဒီရဲရင့်ခြင်းတွေ နည်းနည်းလောက်များ မမကိုပေးလိုက်ပါလား။ မမမှာဖြင့် မိဘတွေပါမက ဘိုးဘိုးကိုပါ အာမခံရဲတာလေ။

မျက်နှာကြီးနီနေပြီမို့ ဘိုးဘိုးအတော်လေး ဒေါသထွက်နေပြီမှန်း ကျွန်မသိနေပါသည်။ သူအချစ်ဆုံးမြေးမက သူ့ကိုပြန်ပြီး အာခံလိုက်တာကိုး။ ဦးငယ်ကိုပြောမရခဲ့သည့်အတိုင်း ဦးငယ်သမီးက အချိုးတစ်ချိုးတည်း ပြုလုပ်နေတာ အသေအချာပါပဲလား။

"ဟိုအကြီးမ. မောင်ရဲရောက်မလာသေးဘူး။ ခဏစောင့်ဦး"

ဒေါက်တာရောက်လာတော့မှာမို့ ဒေါသကို ဖြေလျှော့ချလိုက်ပုံဖြင့် ကျွန်မကို ဘိုးဘိုးလှမ်းပြောလိုက်ပါသည်။ သံက်ပြင်းကိုရိုးရှိုက်ကာ လှေကားမှဆက်ဆင်းလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ယဉ်မေ"

"ရှင်. . . ဖေဖေ"

"နင့်သမီးလွယ်အိတ်ကို နင်ကိုယ်တိုင်စစ်။ စာအုပ်တွေတစ်အုပ်ချင်း‚ခါပြီးရှာ. . . မှတ်ပုံတင်တွေ့ရင် သိမ်း"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဒေါ်ငွေစေ့လှချည်လား. . . တော်ပါသေးရဲ့ ကျွန်မရဲ့မှတ်ပုံတင်ကို သမီး ညကတည်းက ယူသွားလို့ ကံသီသီလေးလွတ်သွားတာပါလား။ ဘိုးဘိုးရယ်‚ အာသာက ဘာမှမသေချာမရေရာသေးဘဲ အဲဒီလူနောက်လိုက်ပြေးဖို့ စိတ်ကူးမရှိသေးတာ အမှန်ပါရှင်။

"မရှိဘူး ဖေဖေ"

"မှတ်ပုံတင်ဘယ်မှာသိမ်းထားလဲ အာသာဝတီ"

"အိမ်မှာကျန်ခဲ့တာပါဘိုးဘိုး။ ဗီရိုထဲ ထည့်သိမ်းထားပါတယ်"

"နင်ဘယ်ကိုမှလစ်ပြေးလို့မရဘူးမှတ်။ စာမေးပွဲဖြေတဲ့အဆောင်ရှေ့ထိ မောင်ရဲ လိုက်စောင့်ပေးနေမှာ"

ကဲ‚ ဘာများလုပ်လို့ရပါ့မလဲ။ ဒီနှစ် ကျောင်းတက်တော့ ခိုင်တို့နဲ့ရော မောင်နဲ့ပါ Class မတူတော့လို့ ခုံနံပါတ်တွေလည်းလွဲ၊ အခန်းလည်းလွဲ၊ အဆောင်ပါမတူတော့တာမို့ မောင် ဘယ်အဆောင်မှာဖြေလို့





ဖြေမှန်းတောင်မသိတဲ့အတွက် တောကနေ မြို့ရောက်လာတဲ့ မလည်မဝယ်တောသူမလေးရဲ့ လိပ်စာပျောက်သလိုအဖြစ်ထက် ပိုဆိုးနေတာပါရှင်။

ရှောခနဲရပ်သွားသည့်နောက်ဆုံးပေါ်ကားကိုတွေ့သည်နှင့် ဧည့်ခန်းမှာရှိနေသည့်လူကြီးတွေမျက်နှာက ချက်ချင်းပြုံးသွားလေသည်။ ဒီဆရာဝန်တော့ ဆေးမကုစားရဘဲ ပီယဆေးတကယ်အစွမ်းထက်နေတာပဲ ထင်ပါရဲ့။

"ကျွန်တော်ရောက်ပါပြီ ဘိုးဘိုး။ အချိန်နောက်မကျပါဘူးနော်"

"နောက်မကျပါဘူး မြေးဒေါက်တာလေးရယ်။ အချိန်ကိုက်ပါပဲ"

"ဒါဖြင့် ကျွန်တော်‚ ပန်းကလေးကိုခေါ်သွားပါတော့မယ်"

"ဟော. . . စာမေးပွဲဖြေပြီးရင်တော့ လာပြန်ပို့ပေးပါကွယ်။ စေ့စပ်ပြီး ခြောက်လအကြာမှာ Wedding လုပ်ပြီးမှ အပြီးသာခေါ်သွားပါကွယ်"

"ခင်ဗျာ! ဩော်‚ ကျွန်တော်စကားပြောမှားသွားလို့ တောင်းပန်ပါတယ်ဘိုးဘိုးခင်ဗျ"

"အေး. . . ကောင်းပါပြီကွယ်"

ရယ်ရယ်ပြုံးပြုံးဖြင့် ကားတံခါးဖွင့်ပေးလိုက်သည့်ဒေါက်တာကို



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပင်မပြုံးပြနိုင်ဘဲ ကားပေါ်တက်ထိုင်လိုက်ပါ၏။ နေ့လယ်တစ်နာရီမှာ ဘာတွေဖြစ်မလဲဆိုတာ ရင်ဖိုစရာပါပဲလား။ သမီးနဲ့ချိန်းထားတဲ့နေရာမှာစောင့်ရမှာတဲ့။ အဆင်မှပြေပါ့မလားကွယ်။

"ခေါင်းကြည်ရဲ့လား"

"ဟင်. . . ဒေါက်တာဘာပြောလိုက်တာပါလဲ"

"ဩော်၊ စာမေးပွဲနောက်ဆုံးဘာသာ သွားဖြေရမှာ ခေါင်းကြည်ရဲ့လားလို့ မေးလိုက်တာပါ ပန်းကလေးရဲ့"

"ကြည်ပါတယ်၊ ဟိုလေ. . . စာမေးပွဲပြီးရင် သမီးက သူ့သူငယ်ချင်းနဲ့မိတ်ဆက်ပေးမှာမို့ ကားဂိတ်နားမှာ ခဏရပ်ပေးပါနော်"

"ညီမလေးလား"

"ဟုတ်ကဲ့"

"သူ့သူငယ်ချင်းက ယောကျ်ားလေးလား. . . မိန်းကလေးလား"

"မပြောတတ်ဘူးလေ၊ သူတို့အုပ်စု ရုပ်ရှင်ကြည့်သွားကြမှာဆိုတော့ တွေ့ပြီးနှုတ်ဆက်ပြီးတာနဲ့ ကျွန်မအိမ်ပြန်လိုက်ခဲ့မှာပါ"

"ကောင်းပြီလေ. ကိစ္စမရှိပါဘူး ပန်းကလေးရဲ့။ ပန်းကလေးလိုက်ချင်ရင်လည်း ကိုယ်ပါ အတူလိုက်ကြည့်ရင် ဘိုးဘိုးက ခွင့်ပြုမှာပါ"





အမယ်လေးနော်. . . သူကပဲ လိုက်ခဲ့ဦးမတဲ့။ အတော့်ကိုကွက်ကျော်မြင်တဲ့ဒေါက်တာပါပဲလား။ ကျောင်းကိုရောက်တော့ တကယ်ပင်အဆောင်ရှေ့မှာ လာစောင့်နေတာမို့ ဘိုးဘိုးသေချာမှာထားမှန်း သိလိုက်ပါသည်။

ရင်မောရပါလား. . . လောကကြီးရယ်။

သစ်ပင်အောက်ရှိ အုတ်ခုံတန်းမှာ ထိုင်နေသည့်ကောင်မလေးကို သူ့အဝေးကပင် လှမ်းမြင်နေရ၏။ လက်မှနာရီကို တစ်ချက်ကြည့်လိုက်၊ ကျောပိုးအိတ်ကြိုးကို ဆွဲဆော့လိုက်ဖြင့် တစ်ယောက်တည်း ဖျင်းနေပုံပါပဲလား။

"ကော့င်မလေးတစ်ယောက် သနားပါတယ်ကွာ။ ဘယ်သူ့ကိုထိုင်မျှော်နေမှန်းလည်း မသိပါဘူး။ ကေန္တ ဟိုနားက ဗယာကြော်သည်ကုလားကို ထင်ပါရဲ့"

"ကိုကြီးနော်. . . နောက်ကျပြီးမှလည်း ရောက်လာသေးတယ်။ လူကိုမချော့တဲ့အပြင် ကုလားကြီးနဲ့တွဲပြီးတောင် စလိုက်သေး။ သမီး



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပါသွားမှ ငိုမဲ့မဲ့ဖြစ်မသွားနဲ့။ သမီးက ဗယာကြော်သုတ် ကြိုက်ကကြိုက်နဲ့. . . ဟွန်း"

"ဟောဗျာ. . . စိတ်ကောက်နေတာလား။ Sorry...Sorry! ပြောပါဦး. . . ဘယ်လောက်ဖိုးချော့ရမလဲ"

"ကြေးကတော့ ကြီးကြီးပဲရှင်"

"မင်းကွန်းခေါင်းလောင်းကြီးလောက်ရှိလား"

မျက်စောင်းတစ်ပွင့်ရလိုက်ပါ၏။

ဒီမှာပြောလို့တော့ မကောင်းပါဘူး။ အအေးဆိုင်၊ ကော်ဖီဆိုင်တစ်ခုခုကိုခေါ်ပြီး ပြောတာကမှ တော်ဦးပေမည်။

"ပြော"

"ဘာပြောရမှာလဲ"

"ဟင်. . . ကိုကြီးပဲ ပြောစရာရှိလို့ဆို"

"တစ်ဆိုင်ဆိုင်မှာ ထိုင်ပြီးမှ ပြောမယ်လေ"

"ဒါဆို သမီးကိစ္စအရင်လုပ်ပေးမှပါပဲ"

"ဘာလဲ"

"မမနဲ့ကိုကြီးကို မိတ်ဆက်ပေးမလို့လေ။ ပြီးရင် ရုပ်ရှင်သွားကြည့်ကြမှာ။ ဟန်သီတို့နဲ့ ရုံမှာချိန်းထားတယ်။ သူတို့က သွားနှင့်ကြပြီ"





"ကိုယ့်ကိုရော မခေါ်တော့ဘူးလား"

"အမယ်. . . ခေါ်ပါတယ်နော်၊ လိုက်ချင်ရင် လိုက်ခဲ့ပါရှင်"

"အိမ်အထိလိုက်လာမှ မငိုနဲ့နော်"

"လိုက်ရဲလိုက်ဝံ့ လိုက်ကြည့်ပေါ့ကွယ်။ အိမ်မှာ ဘိုးဘိုးက ငုတ်တုတ်ကြီးထိုင်စောင့်နေတာပါရှင်. . . ကိုကြီးပါလာလို့ကတော့ တုတ်ကောက်စာ, ရပြီသာမှတ်"

"မင်းအတွက် အရိုက်ခံရရင်လည်း အသေခံဝံ့ပါတယ်ကွာ"

"ဗန္ဓုလသေွးအပြည့်ပါပဲလား"

"ဂန္ဒုးမမှမဟုတ်တာကို"

"ကြည့်"

ကားကို အဝိုင်းမှပတ်ပြီးကွေ့ခဲ့စဉ် မြင်ကွင်းက ထင်းခနဲ။ ဒီနေ့ သမီးဝတ်လာတဲ့ဝတ်စုံဖြူဖြူလေးကို ကောင်းကောင်းကြီးမှတ်မိနေတာလေ။

ကောင်လေး၏ရင်ဘတ်ကို လက်သီးဆုပ်နှင့်ဖွဖွလေးထုလိုက်စဉ် ကောင်လေးမျက်နှာမှာ အပြုံးတို့က ဝေလျက်သား။ ပြီးနောက် ထိုလက်သွယ်သွယ်လေးကို ဆုပ်ကိုင်ကာ ပြန်မလွှတ်တော့ဘဲ ကိုင်လျက်သား လမ်းဆက်လျှောက်လာခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ကားမရပ်နဲ့တော့ ဒေါက်တာ၊ အိမ်ကိုပဲမောင်းလိုက်ပါတော့"

ဒေါက်တာရဲထက်ဘုန်း ဘာမှမမေးဘဲ ကားကိုဆက်မောင်းခဲ့လေ၏။ နောက်မှန်မှလှည့်ကြည့်လိုက်မိစဉ် ကျွန်မပါးပေါ်သို့ မျက်ရည်စီးကြောင်းနှစ်သွယ် စီးဆင်းသွားလေသည်။

တစ်ယောက်ပခုံးကိုတစ်ယောက်တွန်းတိုက်ကာ အပျော်ကြီးပျော်နေကြသည့် လူငယ်နှစ်ယောက်၏ ကြည်ကြည်နူးနူးရယ်သံက လေထဲမှာ ပျံ့လွင့်လာလေ၏။

ကြည့်လို့ကောင်းလိုက်တဲ့ မြင်ကွင်းလေးပါပဲ။ ဒါပေမဲ့ ကျွန်မရင်ထဲမှာတော့ နင့်နင့်နဲနဲကြီးခံစားနေရတာအမှန်ပါ။

မောင်. . .

ချစ်တယ်ဆိုတဲ့စကားလုံးသင်္ကေတတွေကို ကျွန်မသိပေးခဲ့တာမှန်ပေမယ့် ခုတော့ မောင့်လက်ရှိချစ်နေတဲ့ကောင်မလေးက ကျွန်မရဲ့ ညီမလေးဖြစ်နေရတယ်လို့။

ရက်စက်လိုက်တာကံကြမ္မာရယ်. . .

ဘယ်အပြုံးတွေနဲ့များ ကျွန်မအပေါ်မှာ ရိုက်ချက်ပြင်းပြင်းနဲ့ နှိပ်စက်ပြလိုက်တာပါလဲ။

မောင့်ကြောင့်ရရှိခဲ့ဖူးတဲ့ ပါးပြင်က ဒဏ်ရာထက် နှလုံးသားက





ဒဏ်ရာက ပိုပြီးနာကျင်တာကို မောင်သိမှသိပါရဲ့လား။

မောင့်ကိုချစ်မြတ်နိုးနေပါလျက်နဲ့ တိတိပပပြန်မပြောဖြစ်တဲ့ ချစ်အဖြေတွေကို နေ့စဉ်ရေးတဲ့မှတ်တမ်း၊ ညစဉ်ရေးနေကျ ဒိုင်ယာရီလေးတွေကပဲ သိနေပါတယ်လေ။

မောင်ပေးခဲ့ဖူးတဲ့နှင်းဆီတွေ ရနံ့ပျယ် ခြောက်သွေ့နေသလိုပဲ မောင့်ချစ်ခြင်းတွေ အငွေ့ပျံပျောက်ကွယ်သွားခဲ့လေသလား။

မောင်ရေးပေးခဲ့ဖူးတဲ့ကဗျာတွေကိုလည်း ညစဉ်ညတိုင်းပြန်ဖတ်ပြီး စိတ်ကူးထဲမှာပဲပျော်ခွင့်ရှိခဲ့တဲ့ကောင်မလေးကို မောင်မေ့နိုင်သလောက် မေ့ခဲ့ပြီပေါ့နော်။

အချစ်ဆိုတာ နှစ်ဦးသားဖွင့်ဟပြောပြီးမှ နားလည်ခံစားလို့ရတဲ့ အရာမဟုတ်မှန်း မောင်လည်းသိနိုင်မှာပါပဲ။

ကျွန်မအကြည့်တွေ၊ ကျွန်မအပြုံးတွေကို ဘာသာပြန်ပြီး မောင်မမြင်တတ်ခဲ့တာ ဘာကြောင့်ပါလဲ။

ရူးခဲ့မိပါတယ်၊ တစ်ယောက်တည်း ကြိတ်ပြီးတော့ပေါ့။

ချစ်ခဲ့မိပါတယ်၊ တစ်ယောက်တည်း ကြိတ်ပြီးပျော်ရင်းနဲ့ပေါ့။

လွမ်းခဲ့မိပါတယ်၊ တစ်ယောက်တည်း ငိုင်ရင်းနဲ့ပါပဲ၊

နာခဲ့မိပါတယ်၊ ရင်ဘတ်ဟင်းလင်းပွင့်ပြီး နှလုံးသားတစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



တစ်စစီကြေမွသွားပြီးတော့ပါလေ။

ဪ, ပန်းကလေးရဲ့အသက်တမျှ မြတ်နိုးရပါသောမောင်ရယ်။



(၆)လ ကြာပြီးသည့်နောက်. . .

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

'ဒေါက်တာရဲထက်ဘုန်း' နှင့် 'မအာသာဝတီ'တို့

လက်ထပ်သတင်းပါအပြီးမှာ. . .

သော့ခတ်သိမ်းလိုက်သည့် 'သားဦးငယ်'၏

ဒိုင်ယာရီရဲ့နောက်ဆုံးစာမျက်နှာကို

'နတ်သမီး' ဖတ်ကြည့်မိမည်ဆိုပါလျှင်. . .



BURMESE CLASSIC .com



'မျှော်လင့်ခြင်း...ဝေး'

ဒီအချိန်ဆို

အသံလေးကြားချင်ပေမယ့်

Phone ကိုတစ်ချက်ကြည့်ပြီး

(ငါ) မဆက်ဖြစ်ခဲ့ဘူး...

ဒီအချိန်ဆို

သူ့အနားရှိနေချင်ပေမယ့်

အခွင့်မရှိခဲ့တဲ့လူမို့

(ငါ) မရှိဖြစ်ခဲ့ဘူး...

ဒီအချိန်ဆို

သူ့ကိုချစ်ကြောင်းပြချင်ပေမယ့်

ပိုင်ရှင်မဟုတ်ခဲ့တာမို့

(ငါ) မပြဖြစ်ခဲ့ဘူး...

ဒီအချိန်ဆို

ကြင်နာသူနဲ့အတူ

သူပြုံးပျော်နေမယ်လို့

(ငါ) မျှော်လင့်နေမိရင်း...



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်ဆို

ငါ အမြဲမှိုင်တွေပြီး

စိတ်တွေလေးလံနေခဲ့တယ်...

Phone ကို ငေးကြည့်ပြီး

မျက်ရည်ဝေခဲ့ရတယ်...

လက်ကိုမော့ကြည့်ပြီး

ကဗျာတွေစပ်နေခဲ့ရတယ်...

ဒီလိုပဲ...

ဒီလိုနဲ့...

ဒီအချိန်ဆို...

ငါ့ရင်ထဲက ဝေဒနာမှန်သမျှကို

ဘယ်သူမှမသိရလေအောင်

(တစ်ယောက်တည်း)

ကြိတ်မှိတ်မျိုသိပ်နေခဲ့ရတယ်လေ...

ပြီးပါပြီ။

BURMESE CLASSIC .com



အသည်းကွဲဇာတ်လမ်းဖတ်ချင်၍ တောင်းဆိုထားသည့်ပရိသတ်များ အတွက်...

လေးစားလျက်...

မမသဒ္ဒါမောင်
7th Jan: 2011
Night (00:25)

['ကမ်းလင့်ခြင်း' ကဗျာကို ပေးပို့ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်မှ 'ဆုရတနာအောင်'အားလည်းကောင်း၊ 'မျှော်လင့်သူရဲ့တမ်းချင်း'နှင့် 'ချစ်သူ့လက်ဆောင်'ကဗျာတို့ကို ပေးပို့ခဲ့သည့် မှန်ပြင်မြို့နယ်၊ မုံရွာမြို့မှ 'နေခ (ခေတ္တရှု့ပြည်)'အားလည်းကောင်း ကျေးဇူးအထူးတင်ရှိပါသည်။]

www.burmeseclassic.com